ကြေးမုံ

The Mirror

Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၇၇ ခုနှစ်၊ နယုန်လဆန်း ၁၁ ရက်၊ ကြာသပတေးနေ့၊ (28-5-2015) (စ၊၁၄၄)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နီပေါနိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာများပေးပို့

နေပြည်တော် ၊ မေ ၂၈

၂၀၁၅ ခုနှစ် မေ ၂၈ ရက်တွင် ကျရောက်သော နီပေါနိုင်ငံ၏ အမျိုးသားနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ နီပေါနိုင်ငံ သမ္မတ ဒေါက်တာ ရမ်ဘာရမ် ရာဒှေဗ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အလားတူ ၂၀၁၅ ခုနှစ် မေ ၂၈ ရက်တွင် ကျရောက်သော နီပေါနိုင်ငံ၏ အမျိုးသားနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ နီပေါနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဆူရှိ ကွိုင်ရာလာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာ ပီဂျေ နမ်ဘီးယား ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

လေစီးဒုက္ခသည်များမှာ မိမိတို့နိုင်ငံမှမဟုတ်ဘဲ ဘင်္ဂလားဒေ့ရ်နိုင်ငံမှဖြစ်သော်လည်း ၎င်းတို့၏ စားရေး၊ ဝတ်ရေးတို့အတွက် တတ်စွမ်းသမျှကူညီပံ့ပိုးပေးလျက်ရှိ

သတင်းစာမျက်နှာ » ၃

ဗျာပုံခရိုင်အတွင်းရှိ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အထောက်အကူပြု မုန်တိုင်းဒဏ်ခံအဆောက်အအုံများနှင့် ဆက်စပ်အစီအမံများ

သပြေထွန်း

ဗျာပုံမြို့နယ် တင်ပုလွဲကျေးရွာအုပ်စု ဓမ္မင်းဆိပ်ကျေးရွာရှိ ဓမ္မင်းဆိပ် Shelter ကို တွေ့မြင်ရစဉ်။

ရောဝတီတိုင်းဒေသကြီးအတွင်း ခရိုင်ခြောက်ခုရှိသည့်အနက် ဗျာပုံခရိုင်နှင့် လပွတ္တာခရိုင်သည် သဘာဝဘေးအန္တရာယ် အများဆုံးကြုံတွေ့ရသော ဒေသများဖြစ်ကြောင်း သိရသည်။

၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းတိုက်ခတ်ပြီးသည့် အချိန်မှစ၍ သဘာဝဘေး ကာကွယ်ရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ပိုမိုဆောင်ရွက်လာနိုင်ပြီး ယခုအခါ သဘာဝဘေးအန္တရာယ်များ ကျရောက်ကြုံတွေ့ရပါက ပြည်သူများ၏ အသက်အိုးအိမ်၊ စည်းစိမ်များ ဆုံးရှုံးထိခိုက်ပျက်စီးနစ်နာမှုများမှ လျော့ပါးသက်သာစေရေးအတွက် နိုင်ငံတော်အစိုးရ၏ စီမံဆောင်ရွက်မှု၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် ဗျာပုံခရိုင်တွင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ခရိုင်အဆင့်ရုံး ဖွင့်လှစ်ကာ လုပ်ငန်းကိစ္စများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိသည်။

"ကျွန်တော်တို့ ဗျာပုံခရိုင်အနေနဲ့က ပင်လယ်နဲ့လည်းနီးတော့ အခုလိုမိုးဦးလေဦ မုတ်သုံရာသီရောက်လာရင်

စာမျက်နှာ ၃ ကော်လံ ၁ သို့

ယနေ့ မာတိကာ

ဘာလိုသေးလဲ

စာမျက်နှာ - ၂

မြန်မာနိုင်ငံ၏ ရေနံနှင့် သဘာဝဓာတ်ငွေ့ကလွှာတွင် ရင်းနှီးမြှုပ်နှံမှု ဒေါ်လာ ၂ ဒသမ ၀၅ ဘီလီယံရှိ

စာမျက်နှာ - ၃

ဂျပန်အခြေစိုက် မာရှဘီနီကုမ္ပဏီက သန်လျင်၌ ကန်ဒေါ်လာ ၃၂၅ သန်းတန် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ တည်ဆောက်မည်

စာမျက်နှာ - ၆

AUNG NAING SCHOOL OF ACCOUNTANCY

ဦးနေအောင်နှင့် ရှေ့တော်ဆိပ်ဆုရှင်-CPA

B.Com(Q), CPA, FLCCI (London-UK), DA(LCCI-UK), FFA(IFA-UK)

LCCI International Qualifications Approved Centre

LCCI Level - I, II, III

for 2015, November Exam

ကျောင်းအပ် လက်ခံပြီ

စာရင်းကိုင်သင်တန်းများ

အမှတ်-၂၄၄(တတိယထပ်)၊ မီးပွိုင့်နှင့် ခုံးတံတားကြား၊ ပန်းဆိုးတန်းလမ်း(ထက်)

Tel: 01-377610, 09-730 66231, 09-320 60060

ကြေးမုံ စာတည်းရုံ ၂၀-၅-၂၀၁၅၊ ကြာသပတေးနေ့

ဘာလိုသေးလဲ

ပူပြင်းသောနွေရာသီလွန်မြောက်ပြီးနောက် စိုစွတ်သောမိုးဦးတွင် ပင်ပျိုရွက်နုများဖြင့် စိမ်းစိုလာသကဲ့သို့ စိမ်းလန်းသစ်လွင်သည့် ကျောင်းသား ကျောင်းသူလေးများလည်း သက်ဝင်လှုပ်ရှားလာကြပါသည်။ အခြေခံပညာကျောင်းအသီးသီးတွင် သစ်လွင်များလက်ခံခြင်းနှင့် စာသင်ကြားခြင်းတို့ကို တစ်ဆက်တည်းစတင်ကြပြီ။ ယခုနှစ်အတွက် ထူးခြားမှုမှာ အခြေခံပညာ အထက်တန်းကို အခမဲ့ လက်ခံခြင်းပင်ဖြစ်သည်။

မြန်မာနိုင်ငံ၏ အခြေခံပညာရေးတွင် အခမဲ့ပညာသင်ကြားခြင်းကို ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် မူလတန်းမှစတင်ခဲ့သည်။ ထို့နောက် အခမဲ့အလယ်တန်းပညာရေးကို ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် စတင်ခဲ့ပြီး ယခု ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် အခမဲ့အထက်တန်းပညာရေးကို စတင်လိုက်ပြန်သည်။ ထိုကာလတွင် အခြေခံပညာမူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူအားလုံးအတွက် အစိမ်းရောင်လှလှ ကျောင်းဝတ်စုံ လေးများကို ပေးဦးမည်ဟုဆိုသည်။

ပညာရေးနှင့်ပတ်သက်လျှင် အထူးသဖြင့် အခြေခံပညာကဏ္ဍတွင် "ဘာလိုသေးလဲ"ဟု ဆိုရမလောက်ပင်။ ယခုကျောင်းဖွင့်ရာသီတွင် သက်ဆိုင်ရာအပိုင်းတို့ကလည်း ထောက်ပံ့ကြေးများပေးအပ်ကြသည်။ သို့ဖြစ်၍ အခြေခံပညာ ကျောင်းသား ကျောင်းသူများအတွက် လိုအင်ဆန္ဒများ ပြည့်စုံလောက်အောင် ဖြည့်ဆည်းပေးထားသည်ဟု ဆိုချင်ပါသည်။

တစ်ချိန်က ကျောင်းဖွင့်ရာသီရောက်ပြီဆိုလျှင် အခြေခံလူတန်းစား ကျောင်းသားမိဘများ ပူပန်သောက ဖြစ်ကြရသည်။ ကျောင်းသားများသော မိဘများ ကျောင်းစရိတ်အတွက် အခက်ပိုကြရသည်။ အချို့ကျောင်းအပ်ရာတွင် 'ဆင်ဖိုးထက် ခွန်းဖိုး' က ပိုကြီးတတ်သည်။ အထူးသဖြင့် မြို့ပြရပ်ဝန်းများတွင် အပြိုင်အဆိုင်။ မြို့ပြင်များတွင်လည်း အနည်းအများသာကွာသည်။

ယခု နိုင်ငံတော်အစိုးရက အခြေခံပညာကျောင်းများကို အဟောင်းပြုပြင်၊ အသစ်တည်ဆောက်ပေးလျက်ရှိသလို မြို့နယ်များမှ ကျောင်းများသို့လည်း ကျောင်းသားဦးရေအလိုက် ကျောင်းအတွက် အသေးသုံးငွေများကို လိုလေသေးမရှိအောင် ပံ့ပိုးပေးထားပြန်သည်။

ကျောင်းအပ်လက်ခံရာတွင်လည်း ကျောင်းသား ကျောင်းသူအားလုံးအတွက် ကျောင်းသုံးစာအုပ်များအပြင် အလယ်တန်းနှင့် အထက်တန်း ကျောင်းသားများအတွက် ကျောင်းလခ၊ မိဘဆရာအသင်းကြေး၊ စာကြည့်တိုက်၊ အားကစား၊ စာရေးကိရိယာမှအစ နိုင်ငံတော်မှ အားလုံးတာဝန်ယူသွားတော့မည်ဖြစ်ရာ ယခုကျောင်းဖွင့်ရာသီတွင် မိဘများ၌ ယခင်ကရှိခဲ့သည့် ပူပန်သောကဟူသမျှတို့သည် မိုးဦးလေဦး မိုးရေစက် လေများနှင့်အတူ လွင့်ပါသွားပြီဟု ဆိုချင်ပါသည်။

ကျောင်းဖွင့်ပြီဆိုသည်နှင့် ဆရာ ဆရာမများ၏ သင်ကြားမှုမှာ ဆရာဝတ်နှင့်အညီ အင်တိုက်အားတိုက်ရှိကြသလို မိဘများဘက်ကလည်း မိမိတို့သားသမီးများ ကျောင်းမှန်မှန်တက်နိုင်ရေး၊ စာမှန်မှန်သင်ကြားရေးကို ဝိုင်းဝန်းဆောင်ရွက်ပေးကြရပါမည်။ အခြေခံပညာပြီးဆုံးသည်အထိ ကျောင်းသား ကျောင်းသူများအား ပညာခရီးပေါက်အောင် စဉ်ဆက်မပြတ် တွန်းအားပေးနေဖို့ အထူးလိုအပ်သည်။

လက်ရှိအခြေအနေကောင်းတွင် နိုင်ငံတော်နှင့် ဆရာ ဆရာမများ ဘက်မှ တာဝန်ကျေသလို မိဘများဘက်ကလည်း ဝတ္တရားမပျက်ယွင်းပါမှ တစ်နည်းအခြေခံပညာ 'အားသုံးအား' ဟုဆိုရမည့် မိဘ၊ ဆရာ၊ တာဝန်ရှိသူများ ပူးပေါင်းမှုဟန်ချက်ညီပါမှ အခြေခံပညာ ကျောင်းသား၊ ကျောင်းသူလူငယ်များအတွက် စိတ်အေးရမည်မှာ အမှန်ဖြစ်ပါသည်။

ယခု အခြေခံပညာအဆင့်မှ ကျောင်းသား ကျောင်းသူများအတွက် 'အားသုံးအား' ရှိပြီဟု ဆိုရမည်။ ကျောင်းသား ကျောင်းသူများကလည်း သင်ယူရန်အသင့်ဖြစ်နေပြီဟု ဆိုရမည်။ အခြေခံပညာကဏ္ဍအတွက် နိုင်ငံတော်၏ ပံ့ပိုးကူညီပေးမှုများကလည်း လိုလေသေးမရှိလောက်အောင် ဖြည့်ဆည်းပေးထားပြီဟု ဆိုရမည်။ ထို့ကြောင့် အခြေခံပညာအတွက် "ဘာလိုသေးလဲ"ဟုပင် ဆိုချင်မိပါသည်။ ။

တရုတ်-မြန်မာလျှပ်စစ်စွမ်းအားပူးပေါင်းဆောင်ရွက်ရေးကော်မရှင် ဒုတိယအကြိမ်အစည်းအဝေး ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး တက်ရောက်

နေပြည်တော် မေ ၂၃

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် တရုတ်-မြန်မာလျှပ်စစ်စွမ်းအားပူးပေါင်းဆောင်ရွက်ရေးကော်မရှင် ဒုတိယအကြိမ်အစည်းအဝေးတက်ရောက်ရန်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ မေ ၂၀ ရက်မှ ၂၅ ရက်အထိ သွားရောက်ခဲ့ကြောင်း သိရသည်။

မေ ၂၂ ရက်က ပြည်ထောင်စုဝန်ကြီးသည် ဒုတိယဝန်ကြီး ဦးမော်သာထွေးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်းတို့နှင့်အတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားစွမ်းအင်အုပ်ချုပ်ရေး၏ ဒုတိယအကြီးအကဲ Mr.LUI Qi နှင့် တွေ့ဆုံ၍ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်လျက်ရှိသော လျှပ်စစ်စီမံကိန်းများနှင့်ပတ်သက်၍ ပူးပေါင်းဆွေးနွေးဖြေရှင်းရန် လိုအပ်သော ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တရုတ်-မြန်မာ လျှပ်စစ်စွမ်းအားပူးပေါင်းဆောင်ရွက်ရေးကော်မရှင်၏ ဒုတိယအကြိမ်အစည်းအဝေးသို့ တက်ရောက်၍ တရုတ်နိုင်ငံမှ မြန်မာနိုင်ငံ၌လာရောက်ရင်းနှီးမြှုပ်နှံဆောင်ရွက်လျက်ရှိသော စီမံကိန်းများအား သဘာဝပတ်ဝန်းကျင်နှင့်လူမှုပတ်ဝန်းကျင်ထိခိုက်မှုမရှိသော စီမံကိန်းများကို ကော်မရှင်မှ ပူးပေါင်းဆွေးနွေးကြရန် ပြောကြားသည်။

ထို့နောက်စီမံကိန်းများအကောင်အထည်ဖော်ရာ၌ တွေ့ကြုံနေရသော နည်းပညာဆိုင်ရာနှင့်ရင်းနှီးမြှုပ်နှံမှုအခက်အခဲများနှင့်အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပြီး တရုတ်-မြန်မာလျှပ်စစ်စွမ်းအားပူးပေါင်းဆောင်ရွက်ရေးကော်မရှင် ဒုတိယအကြိမ်အစည်းအဝေး အတွက်မှတ်တမ်းကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမော်သာထွေးနှင့်တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားစွမ်းအင်အုပ်ချုပ်ရေး၏ ဒုတိယအကြီးအကဲ Mr.LUI Qi တို့က လက်မှတ်ရေးထိုးခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့်ကိုယ်စားလှယ်အဖွဲ့သည် မေ ၂၅ ရက်က ကူမင်းမြို့ Convention Center ၌ ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူး Mr.CHEN Hao နှင့် တွေ့ဆုံ၍ တရုတ်-မြန်မာနယ်စပ်ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသော လျှပ်စစ်ကဏ္ဍတွင်ပိုမိုပူးပေါင်းဆောင်ရွက်ကြရန် ဆွေးနွေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် နီပေါနိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် မေ ၂၈

၂၀၁၅ ခုနှစ် မေ ၂၈ ရက်တွင် ကျရောက်သော နီပေါနိုင်ငံ၏ အမျိုးသားနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ နီပေါနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ မဟီဒရာ ဘဟာဒါ ပန်ဒေးထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် အဇာဘိုင်ဂျန်နိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် မေ ၂၈

၂၀၁၅ ခုနှစ် မေ ၂၈ ရက်တွင် ကျရောက်သော အဇာဘိုင်ဂျန်သမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ အဇာဘိုင်ဂျန်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ အယ်လ်မာ မာမတ်ယာရော့ဗ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

လှိုင်သာယာ၌ နိုင်ငံသားကတ်ပြားပေးအပ်

ရန်ကုန် မေ ၂၃

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အမှတ်(၉)ရပ်ကွက် စပ်စံထွန်းလမ်းရှိ အောင်သုခမှာရုံတွင် မေ ၂၆ ရက် နံနက် ၉ နာရီက မိုးပွင့်အထူးစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကို ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ခရိုင်ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးရဲရင့်ထွန်းနှင့် မြို့နယ်ဦးစီးဌာနမှူး ဦးမျိုးဝင်း(လဝက)၊ မြို့နယ်နိုင်ငံသား စိစစ်ရေးကတ်ပြားထုတ်ပေးရေး လုပ်ငန်းကြီးကြပ်မှုကော်မတီမှ တာဝန်ရှိသူများနှင့် အမှတ်(၉/၁၀/၁၁/၁၂) ရပ်ကွက်မှ အုပ်ချုပ်ရေးမှူးများက မိဘပြည်သူ ၄၅၀ အား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ခဲ့ကြောင်း သိရသည်။

မင်းထက်ဝိုင်(လှိုင်သာယာ)

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် မေ ၂၃

ရန်ကုန်	ရွှေဈေး	၇၁၄၀၀၀	-	၇၁၄၀၀၀
မန္တလေး	ရွှေဈေး	၇၁၄၀၀၀	-	၇၁၄၀၀၀

စက်သုံးဆီဈေးနှုန်း

(က)	ဒီဇယ်	တစ်လီတာ	၇၀၀ ကျပ်
(ခ)	အောက်တိန်း 95	တစ်လီတာ	၈၁၀ ကျပ်
(ဂ)	အောက်တိန်း 92	တစ်လီတာ	၇၄၀ ကျပ်
(ဃ)	ဓာတ်ဆီ	တစ်လီတာ	၇၁၀ ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က)	အမေရိကန်	တစ်ဒေါ်လာ	= ၁၀၉၀. ၀
(ခ)	ဥရောပ	တစ်ယူရို	= ၁၁၈၅. ၉
(ဂ)	တရုတ်	တစ်ယွမ်	= ၁၇၅. ၇၀
(ဃ)	ထိုင်း	တစ်ဘတ်	= ၃၂. ၃၀၆
(င)	မလေးရှား	တစ်ရင်းဂစ်	= ၂၉၉. ၉၀
(စ)	အိန္ဒိယ	တစ်ရူပီး	= ၁၇. ၀၃၃
(ဆ)	ဂျပန်	တစ်ရာယန်း	= ၈၈၆. ၀၇
(ဇ)	တောင်ကိုရီးယား	တစ်ရာဝမ်	= ၉၈. ၅၅၃
(ဈ)	သြစတြေးလျ	တစ်ဒေါ်လာ	= ၈၄၄. ၆၃
(ည)	စင်ကာပူ	တစ်ဒေါ်လာ	= ၈၀၈. ၄၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ပဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း



ဗိုလ်ဝင်း
ကျိုက်ထီးရိုး၊ ချောင်းသာ(အပတ်စဉ် အဂါ၊သောကြာ)
ပုပ္ပါ။ ပုဂံညောင်ဦး(ဓွယ်တော်လေးဆူ)
ပုပ္ပါ။ ပုဂံ(ဓွယ်တော်လေးဆူ)မန္တလေး။ ပြင်ဦးလွင်
တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကုံလုံ၊ မေမြတ်ကဏ္ဍ၊ ထမ်းစမ်းဂူ
မန္တလေး။ ပြင်ဦးလွင်၊ စစ်ကိုင်း။ မုံရွာ
ထားဝယ်၊ ရွှင်ကိုးရွင်း၊ ဟောင်းမကန်၊ ကျိုကွမ်၊ ဓက်ခဲ
ဟော်လမြိုင်း၊ ကျိုကွမ်၊ ဓက်ခဲ၊ နွားလပိုင်တောင်(အပတ်စဉ်သောကြာနေ့တိုင်း)
ထုံးဘို၊ အကောက်တောင်း ပြည်ဘုရား(စုံ(စနေ)) ■ ဇလွန်ပြည်တော်ပြန်(တနင်္ဂနွေ)
ရောင်းရင်းများ
ပြန်မာပြည်အနှံ့ ဘုရားပူးပိုင်ဆောင်ရေးလုပ်ငန်း
၂၂၉၊ မန်းဆိုးတန်း(အပေါ်လမ်း)။ ဖုန်း-01-249871,255553,095137245,5122511

ပညာရေးဝန်ကြီးဌာန
Y.E.C
(ကတသ-သ-သမ)
ဗုဒ္ဓ၊ သာသနာ တိုင်းစစ်၊ အစိုးရဝန်ထမ်း စာမေးပွဲ အောင်ချက်မြင့်
ကိုယ်ပိုင် အထက်တန်း ကျောင်း
ကျောင်းအပ်နှံရေးသီတင်းပတ်
Hot line:
09 33 8888 08
09 263 2222 16
ရန်ကုန်မြို့တွင်း
ကျောင်းကား ကြို၊ ပို့စီစဉ်ထားသည်။ တန်ဆွဲ(၁)ခုလျှင် (၁၅)ဦးသာ
မူလတန်း၊အလယ်တန်း၊အထက်တန်း
ဘာသာစုံစာသင်၊စာကျက်ခိုင်း
ကျောင်းသား သီးသန့် အဆင့်မြင့်ဘော်ဒါ
အမှတ်(၁၇) ဘောက်ထော်
ပြည်သာယာ၊ ရန်ကင်း
လက်ခံပြီ။

ပြည်တွင်းရေးရာ

လေ့စီးဒုက္ခသည်များမှာ မိမိတို့နိုင်ငံမှမဟုတ်ဘဲ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှဖြစ်သော်လည်း ၎င်းတို့၏ စားရေး၊ ဝတ်ရေးတို့အတွက် တတ်စွမ်းသမျှကူညီပံ့ပိုးပေးလျက်ရှိ

နေပြည်တော် မေ ၂၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာ ဗီဗျေနမ်ဘီးယား ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**(ယာဝုံ)**

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်း၊ ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးသိန်း၊ ဦးအောင်မင်း၊ ဦးခင်ရီ၊ ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် နိုင်ငံတော်သမ္မတက လေ့စီးဒုက္ခသည်များ ကိစ္စနှင့် ပတ်သက်၍ မြန်မာနိုင်ငံမှများစွာ စိုးရိမ်လျက်ရှိပါကြောင်း၊ ကုလသမဂ္ဂ၏ မူဝါဒနှင့် နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများနှင့်အညီ လူသားချင်းစာနာထောက်ထားမှု အကူအညီများ ပေးအပ်ရန် အသင့်ရှိပါကြောင်း။

လတ်တလော မြန်မာနိုင်ငံတွင် ထိန်းသိမ်းစောင့်ရှောက်ထားသည့် တရားမဝင် လူမှောင်ခိုကူးခြင်း ခံရသော လေ့စီးဒုက္ခသည်များမှာ မိမိတို့နိုင်ငံမှမဟုတ်ဘဲ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှဖြစ်သော်လည်း ၎င်းတို့၏ စားရေး၊ ဝတ်ရေးတို့အတွက် တတ်စွမ်းသမျှ ကူညီပံ့ပိုးပေးလျက် ရှိပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် အဆိုပါ ပြဿနာများ မဖြစ်ပေါ်စေရေးအတွက် လိုအပ်သော အခြေခံအချက်များဖြစ်သည့် ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိခြင်းဖြင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာပြီး ရွှေ့ပြောင်းအလုပ်သမားများ ပယောက်ရေး၊ တရားမဝင် လူမှောင်ခိုကူးဂိုဏ်းများပယောက်သွားစေရန် ဒေသတွင်း နိုင်ငံများနှင့် ပူးပေါင်းဖြေရှင်းနိုင်ရေး၊ လုပ်သားလိုအပ်ချက်ရှိသော နိုင်ငံများမှလည်း တရားဝင်အလုပ်သမားများကို ထိုက်တန်သည့်အခကြေးငွေဖြင့် တရားဝင် ငှားရမ်းဆောင်ရွက်ရေးတို့နှင့် မြန်မာနိုင်ငံမှ ဆောင်ရွက်လျက်ရှိနေသည့် ပကတိအခြေအနေမှန်များအား နိုင်ငံတကာမှ ပိုမိုသိရှိစေရန် တိုးမြှင့်ဆောင်ရွက်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

❒❒

❒ရှေ့ဖုံးမှ

မုန်တိုင်းတို့၊ လေဖိအားနည်းရပ်ဝန်းတို့၊ မိုးကြီးတာတို့၊ ထူးဂဲဒီရေမြင့်တက်တာတို့ စတဲ့ကိစ္စတွေကို အထူးသတိထားပြီးတော့ ပြင်ဆင်မှုတွေလုပ်ထားရပါတယ်။ သက်ဆိုင်ရာက အကြောင်းကြားတာနဲ့ ခရိုင်တွင်းမှာရှိတဲ့ သတင်းပို့ရမယ့်နေရာအသီးသီးကို သတင်းပို့ပြီး ဒေသဆိုင်ရာအာဏာပိုင်တွေထံကိုလည်း အစီရင်ခံတင်ပြပါတယ်။ ကျွန်တော်တို့ဆီမှာလည်း သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီတွေကို ခရိုင်/မြို့နယ်၊ ရပ်/ကျေးအဆင့်အထိ ဖွဲ့စည်းပြီး ကြိုတင်ပြင်ဆင်ကာကွယ်ရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်လျက်ရှိပါတယ်။ သဘာဝဘေးအန္တရာယ်ဆိုတာ တားဆီးလို့မရပေမယ့် ဖြစ်လာနိုင်မယ့်အန္တရာယ်တွေကို ကြိုတင်လျှော့ချလုပ်ဆောင်ထားမယ်ဆိုရင် ထိခိုက်ဆုံးရှုံးမှုတွေ သက်သာနိုင်ပါတယ်။ တကယ်တော့ သဘာဝဘေးအန္တရာယ် ကာကွယ်ရေးဆိုတာဟာ တစ်ဦးတစ်ယောက်တည်း လုပ်လို့မရပါဘူး။ အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်မှရနိုင်မယ့် အခြေအနေမျိုးပါ။ ဒါကြောင့်မို့လို့ လူသားအားလုံး သဘာဝဘေးအသိ အမြဲရှိဖို့ အထူးလိုအပ်တယ်လို့ ပြောချင်ပါတယ်။

သဘာဝဘေး တစ်စုံတစ်ရာဖြစ်လာရင် ကျွန်တော်တို့ ကယ်ဆယ်ရေးနဲ့ ပြန်လည်နေရာချထားရေး ဦးစီးဌာနက ရည်ရွယ်ချက် နှစ်ရပ်နဲ့ အလုပ်လုပ်ပါတယ်။ ပထမအချက် အနေနဲ့ကတော့ သဘာဝဘေးအန္တရာယ်ကြောင့် ဒုက္ခရောက်သူတွေကို လတ်တလောသက်သာချောင်ချိရေး ရရှိစေရန်အတွက် ထောက်ပံ့ရေးလုပ်ငန်းများဆောင်ရွက်ဖို့၊ ဒုတိယအချက်အနေနဲ့ကတော့ ဘေးဒုက္ခရောက်သူတွေကို သဘာဝဘေးလျော့ပါးရေးအတွက် ကြိုတင်စီမံဆောင်ရွက်ဖို့ဆိုပြီးတော့ အကောင်အထည်ဖော်လုပ်ဆောင်ပေးပါတယ်။ ကြိုတင် စီမံဆောင်ရွက်ရန် ဆိုတဲ့ အပိုင်းမှာ လတ်တလောသက်သာချောင်ချိရေး ဆောင်ရွက်ပေးနိုင်ဖို့ သိုလှောင်ရုံတွေ၊ သိုလှောင်ပစ္စည်းတွေ ထားပေးပါတယ်။ ဥပမာ- အိမ်ထောင်စု ၁၀၀၀၀၊ ၅၀၀၀၊ ၃၀၀၀ စာ စသည်ဖြင့် အခြေအနေအရ ထောက်ပံ့ရေးပစ္စည်းတွေ စုဆောင်းပေးထားပါတယ်။ ကယ်ဆယ်ရေးပစ္စည်းက ကိုးမျိုးရှိပါတယ်။ လတ်တလောသက်သာ ချောင်ချိရေးအတွက် ထောက်ပံ့ပေးဖို့ ဒီပစ္စည်းတွေကို စုဆောင်းပေးထားတာဖြစ်ပါတယ်။ လိုအပ်မှုရှိတာနဲ့ အထက်ရုံးတွေရဲ့ ညွှန်ကြားချက်နဲ့အညီ အမြန်ဆုံးပေးပို့နိုင်အောင် စီစဉ်ထားပါတယ်။ သဘာဝဘေးကြုံတွေ့လာရင် ကြိုတင်ကာကွယ်ဖို့အတွက် ခရိုင်နဲ့ မြို့နယ်တွေကနေ ကျေးလက်အထိ ဒေသခံပြည်သူတွေ သိအောင် သင်တန်းပေးတာတွေ၊ ဇာတ်တိုက်လေ့ကျင့်ပေးတာတွေ၊ ဆွေးနွေးပွဲတွေမှာ သဘာဝဘေးနဲ့ပတ်သက်လို့ ဆောင်ရန်၊ ရှောင်ရန်တွေကို အသိပညာပေးတာတွေ စတဲ့လုပ်ငန်းတွေကို အလျှဉ်းသင့်သလိုဆောင်ရွက်ပေးပါတယ်။

သဘာဝဘေး အမျိုးမျိုးရှိတဲ့ အထဲက ထူးခြားတဲ့ဘေးတွေဖြစ်တဲ့ မီးဘေး၊ ရေဘေး၊ ငလျင်ဘေး၊ မုန်တိုင်းဘေး၊ ဆူနာမီဘေး၊ မြေပြိုဘေး၊ မိုးကြိုးဘေး၊ မီးခေါင်ရေရှားဘေး၊ သောင်းကျန်းသူဘေး၊ ကပ်ရောဂါဘေးစတဲ့ ဘေးဒဏ်တွေ ကာကွယ်နိုင်ဖို့အတွက် ဘေးတစ်ခုချင်းစီအလိုက် ကျွန်တော်တို့ဌာနက လက်ကမ်းစာစောင်တွေ ဖြန့်ဝေပေးတာမျိုးလည်းရှိပါတယ်။ နာဂစ်မုန်တိုင်းအပြီးကာလမှာ နိုင်ငံတော်က ကယ်ဆယ်ရေးနဲ့ ထူထောင်ရေးလုပ်ငန်းတွေ ဆောင်ရွက်ပေးတဲ့ နေရာမှာ UN, INGOs နဲ့ NGOs တွေကလည်း တစ်ဖက်တစ်လမ်းကနေ ဆောင်ရွက်ပေးကြပါတယ်။ အတွေ့အကြုံအရနာဂစ်မုန်တိုင်းပြီးတဲ့နောက်ပိုင်းမှာ မုန်တိုင်းဒဏ်ခံ အဆောက်အအုံတွေကို တစ်နိုင်ငံလုံးမှာ ၅၆ လုံး ဆောက်လုပ်ပေးထားပါတယ်။ ဧရာဝတီတိုင်းဒေသကြီးမှာ ၅၄ လုံးနဲ့ ရန်ကုန်တိုင်းဒေသကြီးမှာ နှစ်လုံး တည်ဆောက်ပေးထားပါတယ်။ သဘာဝဘေးဖြစ်နေဆဲကာလများမှာ အရေးပေါ်တုံ့ပြန်မှုတွေ ဆောင်ရွက်နိုင်ဖို့ ထောက်ပံ့ပစ္စည်းကိုးမျိုးကိုလည်း ထောက်ပံ့ပေးထားပါတယ်။ ကယ်ဆယ်ရေးပစ္စည်းကိုးမျိုးက ကျားလုံချည်၊ မလုံချည်၊ မျက်နှာသုတ်ပုဝါ၊ စောင်၊ တီရှပ်၊ ကာဘော်လစ်ဆပ်ပြာ၊ ဒန်အိုး၊ ဇလုံ၊ နှစ်ယောက်အိပ်ချည်ခြင်ထောင်တွေ ဖြစ်ပါတယ်။ ဒဲ့အပြင် အရေးပေါ်သုံး ဆော်ဒီမိုးကာစနှင့် တာပေါ်လင်စများကိုလဲ စုဆောင်းထားရှိပါတယ်။

မိုးဦးကျ မုတ်သုံဝင်ရောက်ချိန်နဲ့ မိုးနှောင်းရာသီ ကုန်ဆုံးချိန်များဟာ သဘာဝဘေးဒဏ်(မုန်တိုင်း)ဖြစ်တာများလေ့ရှိပါတယ်။ ဒါကြောင့်မို့လို့ ပြည်သူတွေအနေနဲ့ ရေဒီယို၊ သတင်းစာနဲ့ အသိပညာပေးစာစောင်တွေကို အမြဲတမ်း ဖတ်ရှုလေ့လာ၊ နားထောင်ကြဖို့လိုပါတယ်။ မုန်တိုင်းဒဏ်ခံ အဆောက်အအုံအနေနဲ့ ဖျာပုံခရိုင်အတွင်းမှာ အလုံး ၂၀ တည်ဆောက်ပေးထားပါတယ်။ ယခုလက်ရှိလည်း ဘိုကလေးမြို့နယ် ချောင်းမည်းကြီး ကျေးရွာအုပ်စုဇီးဖြူရွာမမှာ စာသင်ကျောင်း Shelter တစ်လုံး တည်ဆောက်ပေးနေပါတယ်” ဟု ဖျာပုံခရိုင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းပြောကြားသည်။

ဖျာပုံခရိုင်အတွင်း သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အထောက်အကူပြု မုန်တိုင်းဒဏ်ခံ အဆောက်အအုံများ တည်ရှိမှုနှင့် ပတ်သက်၍ ဖျာပုံမြို့နယ်တွင် နှစ်လုံး၊ အမာမြို့နယ်တွင် ခုနစ်လုံး၊ ဒေးဒရဲမြို့နယ်တွင် ငါးလုံးနှင့် ဘိုကလေးမြို့နယ်တွင် ခြောက်လုံး စုစုပေါင်းအလုံး ၂၀တည်ရှိပြီး လိုအပ်သော နေရာများတွင် Cyclone Shelter (မုန်တိုင်းဒဏ်ခံအဆောက်အအုံ)နှင့် Hill lock(သက်ကယ်ကုန်း) (၂၀၀×၁၀၀×၃၀)များ ထပ်မံတည်ဆောက်ရန် လျာထားချက်ရှိကြောင်း သိရသည်။

အဆိုပါ ဦးစီးဌာနသည် ဖော်ပြပါ ဆောင်ရွက်ချက်များနှင့် အခြားသောပြည်သူ့ဟိုပြုလုပ်ငန်းကိစ္စများအပြင် လတ်တလောဆောင်ရွက်ချက်များအနေနှင့် ဖျာပုံခရိုင်အတွင်းတွင် သဘာဝဘေးလျော့ပါးရေး အသိပညာပေးသင်တန်းများပို့ချပေးခြင်း၊ ဆူနာမီသဏ္ဌာန်တူ သရုပ်ပြလေ့ကျင့်ခန်းများ လေ့ကျင့်ပေးခြင်း၊ ပင်လယ်နှင့်အလွန်နီးသော အမာမြို့နယ်တွင် ကြက်ခြေနီသင်တန်းများ ပို့ချရေး စီစဉ်ထားရှိခြင်း၊ သဘာဝဘေးစီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ အစည်းအဝေးများ ပြုလုပ်ခြင်း စသည့် ဆက်စပ်အစီအမံများ စနစ်တကျဖြန့်ကြက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

❒❒

မြန်မာနိုင်ငံ၏ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှု ဒေါ်လာ ၂ ဒသမ ၀၅ ဘီလီယံရှိ

ပြည်ပကုမ္ပဏီများ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုပို၍ လုပ်ဆောင်လျက်ရှိရာ ရေနံနှင့် သဘာဝဓာတ်ငွေ့ ကဏ္ဍတွင် ကုမ္ပဏီ ၁၀ ခုမှ ရင်းနှီးမြှုပ်နှံငွေ ဒေါ်လာ ၂ ဒသမ ၀၅ ဘီလီယံရှိပြီး ကုန်ထုတ်လုပ်မှုကဏ္ဍတွင် ကုမ္ပဏီကိုးခုမှ ရင်းနှီး မြှုပ်နှံမှုဒေါ်လာ ၁၁၆ ဒသမ ၈၄ သန်း၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းကဏ္ဍတွင် ရင်းနှီးမြှုပ်နှံ မှုဒေါ်လာ ၅၀ ဒသမ ၇၅ သန်းနှင့် အခြားသောဝန်ဆောင်မှုကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှု ဒေါ်လာ ၁၃ ဒသမ ၁၉ သန်းရှိကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၏ သတင်းအချက်အလက်များအရ သိရသည်။

လက်ရှိအခြေအနေအရဖြစ်သော ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်ပထမလအတွင်း မြန်မာနိုင်ငံ၏ရေနံနှင့် သဘာဝဓာတ်ငွေ့၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုနှင့် အခြားသောဝန်ဆောင်မှုစသော ကဏ္ဍလေးခုတွင် ပြည်ပတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုမှာ ဒေါ်လာ ၂ ဒသမ ၂၃ ဘီလီယံရှိပြီး ၁၉၈၈-၁၉၈၉ ဘဏ္ဍာရေးနှစ်မှ ယခုနှစ် ဘဏ္ဍာရေးနှစ်အစ ဧပြီ ၃၀ ရက်အထိ နိုင်ငံပေါင်း ၃၈ နိုင်ငံမှ ကုမ္ပဏီပေါင်း ၉၁၅ ခုက ပြည်ပရင်းနှီးမြှုပ်နှံမှုအဖြစ် ဒေါ်လာ ၅၆ ဒသမ ၄၆၆ ဘီလီယံရင်းနှီးမြှုပ်နှံခဲ့ကြကြောင်း သိရသည်။ ယင်းပြည်ပရင်းနှီးမြှုပ်နှံမှုများအနက် ရေနံနှင့် သဘာဝဓာတ်ငွေ့တွင် ကုမ္ပဏီ ၁၅၁ ခုမှ ရင်းနှီးမြှုပ်နှံမှုဒေါ်လာ ၁၉ ဒသမ ၆၄၁ ဘီလီယံရှိသဖြင့် ရင်းနှီးမြှုပ်နှံမှုစုစုပေါင်း၏ ၃၄ ဒသမ ၇၉ ရာခိုင်နှုန်းရှိကြောင်း၊ ပြီးခဲ့သော ဘဏ္ဍာရေးနှစ်ကုန်အထိ လျှပ်စစ်ဓာတ်အားကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုပမာဏ အများဆုံးဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုငွေမှာ ဒေါ်လာ ၁၉ ဒသမ ၃၂ ဘီလီယံရှိကြောင်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့တွင် ရင်းနှီးမြှုပ်နှံမှု ဒေါ်လာ ၁၇ ဘီလီယံရှိကြောင်း သက်ဆိုင်ရာတာဝန်ရှိသူများက ပြောကြားသည်။

မြန်မာနိုင်ငံ၏ နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုအများဆုံးရသော ကဏ္ဍများမှာ ရင်းနှီးမြှုပ်နှံမှုဒေါ်လာ ၅ ဒသမ ၆၁ ဘီလီယံရှိသော ကုန်ထုတ်လုပ်မှုကဏ္ဍ၊ ရင်းနှီးမြှုပ်နှံမှုဒေါ်လာ ၃ ဒသမ ၁၈၃ ဘီလီယံရှိသော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုဒေါ်လာ ၂ ဒသမ ၈၆၈ ဘီလီယံရှိသော သတ္တုတူးဖော်ရေးကဏ္ဍဖြစ်ကြောင်း သိရသည်။

(ဝရဇိန်)

❍ကျော်ဖုံးမှ

Event-4 ပြိုင်ပွဲ၊ ဇွန် ၇ ရက်တွင် Event-2 ပြိုင်ပွဲတို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

Event-4 ပြိုင်ပွဲတွင် မြန်မာ၊ ကမ္ဘောဒီးယား၊ လာအိုနှင့် စင်ကာပူအသင်းတို့ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး အမှတ်အများဆုံးနှစ်သင်းမှာ ဗိုလ်လုပွဲကစားရမည်ဖြစ်သည်။ Event-2 ပြိုင်ပွဲတွင် မြန်မာ၊ ထိုင်း၊ ဘရူနိုင်းနှင့် စင်ကာပူအသင်းတို့ ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ဗိုလ်လုပွဲကို အမှတ်အများဆုံးနှစ်သင်း တက်ရောက်ခွင့်ရမည်ဖြစ်သည်။ ဆီးဂိမ်းပြိုင်ပွဲဝင်မည့် မြန်မာခြင်းလုံးအသင်းတွင် နည်းပြချုပ်အဖြစ်- ဦးမြတ်စိုး၊ လက်ထောက်နည်းပြ-ဦးမောင်မောင်ကြီး၊ ကစားသမားများအဖြစ်- ကျော်စိုးမိုး၊ ကျော်မိုးထွန်း၊ အောင်နိုင်ဖြိုး၊ မျိုးဇော်ဦး၊ ဝင်းဖြိုးဝင်း၊ မျိုးမင်းသူ၊ ဆန်းလင်းဦးနှင့် အောင်မျိုးမြင့်တို့ ပါဝင်ကြသည်။

ထိုင်းနိုင်ငံတွင် နိုင်ငံမဲ့ဒုက္ခသည်များအား စုံစမ်းစစ်ဆေးမှုများပြုလုပ်

ဗန်ကောက် မေ ၂၇

ထိုင်းနိုင်ငံတွင် လုံခြုံရေးတာဝန်ရှိသူများက နိုင်ငံမဲ့ဒုက္ခသည်များနှင့် နိုင်ငံတွင်းရှိ ၎င်းတို့၏ ကိုယ်စားလှယ်အဖွဲ့အစည်းများကို စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိသည်။

ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် စစ်ဦးစီးချုပ် ယူဒေါင်းဒီ စီတဘူတာက အဆိုပါစုံစမ်းစစ်ဆေးမှုတွင် နိုင်ငံမဲ့ဒုက္ခသည်များအပါအဝင် တရားမဝင် ရွှေ့ပြောင်းဝင်ရောက်လာသူများကို ထိုင်းကြည်းတပ်၊ ရေတပ်နှင့် လေတပ်တို့က ကင်းလှည့်စောင့်ကြည့်စစ်ဆေးမှုများ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း မေ ၂၇ ရက်တွင် ပြောကြားသည်။

နိုင်ငံမဲ့ဒုက္ခသည်များ၏ လူမျိုးအဖွဲ့အစည်းများကို စုံစမ်းစစ်ဆေးရန်နှင့် ပြဿနာတစ်စုံတစ်ရာ မပေါ်ပေါက်စေရန်လည်း ထိုင်းပြည်တွင်းလုံခြုံမှု စစ်ဆင်ရေးဌာနချုပ်နှင့် ရဲတပ်ဖွဲ့တို့ကို အမိန့်ညွှန်ကြားချက်ထုတ်ပြန်ထားကြောင်း ၎င်းက ပြောကြားသည်။

"တချို့ နိုင်ငံမဲ့ဒုက္ခသည်တွေရဲ့ လူမျိုးအဖွဲ့အစည်းတွေနဲ့ ပတ်သက်ပြီး ကျွန်တော် စိုးရိမ်မိတယ်။ သူတို့ကို သေသေချာချာ စစ်ဆေးရမယ်။ သူတို့ဟာ ထိုင်းနိုင်ငံကို တရားဝင် ရွှေ့ပြောင်းလာတာဆိုရင်တော့ ဘာပြဿနာမှ မရှိဘူး။ တရားဝင်မဟုတ်ရင်တော့ အမြန်ဆုံးအရေးယူ ဖြေရှင်းပစ်ရမှာပဲ" ဟု စစ်ဦးစီးချုပ် ယူဒေါင်းဒီ စီတဘူတာက ပြောကြားသည်။

ရွှေ့ပြောင်းလာသည့် နိုင်ငံမဲ့ ဒုက္ခသည်များအတွက် ထိုင်းနိုင်ငံပိုင်နက်တွင် လူသားချင်းစာနာထောက်ထားမှု အကူအညီများ လက်ခံရရှိမည်ဖြစ်သော်လည်း ယင်းပြဿနာများကို တားမြစ်သည့်အနေဖြင့် ထိုင်းအာဏာပိုင်များ၏ အရေးယူဆောင်ရွက်မှုကို ရင်ဆိုင်ကြရမည်ဖြစ်ကြောင်း ၎င်းက အလေးအနက်ထား ပြောကြားသည်။

ရိုက်တာ။

ထိုင်းနိုင်ငံတွင် နိုင်ငံမဲ့ဒုက္ခသည်များ စုံစမ်းစစ်ဆေးခြင်းခံနေရသည်ကို တွေ့ရစဉ်။

နိုင်ငံတော်အတွက် စစ်လက်နက်ပစ္စည်းလိုအပ်ချက် ပြည်တွင်းခ္ခ ထုတ်လုပ်နိုင်ရန် အာဒိုဂန်မျှော်မှန်း

အစ္စတန်ဘူလ် မေ ၂၇

တူရကီနိုင်ငံသည် လာမည့်နှစ်အနည်းငယ်အတွင်း နိုင်ငံတော်က လိုအပ်သော စစ်လက်နက်ပစ္စည်းအရေးပေါ်ကို ပြည်တွင်းခ္ခ ထုတ်လုပ်သွားနိုင်ရန် မျှော်မှန်းထားကြောင်း အစ္စတန်ဘူလ်ခ္ခ မကြာသေးမီက ကျင်းပသော ကာကွယ်ရေးစက်မှုလုပ်ငန်းဆိုင်ရာ ညီလာခံတစ်ရပ်တွင် သမ္မတ တေယစ်အာဒိုဂန်က ပြောကြားသည်။

မငြိမ်မသက်ဖြစ်နေသော အရှေ့ဥရောပဒေသခ္ခတူရကီနိုင်ငံ၏ အခန်းကဏ္ဍကို မြှင့်တင်နိုင်ရန် သမ္မတ အာဒိုဂန်က ကြိုးပမ်းလျက်ရှိသည်။

တူရကီနိုင်ငံခ္ခ လာမည့်လတွင် ပါလီမန်ရွေးကောက်ပွဲကျင်းပမည်ဖြစ်ပြီး အာဏာရအေကေပါတီက အကြိတ်အနယ်ယှဉ်ပြိုင်ရမည့် အနေအထားရှိနေချိန်တွင် သမ္မတအာဒိုဂန်က အမျိုးသားရေးဝါဒဘက်မှ ထောက်ခံပြောဆိုလျက်ရှိကြောင်း နိုင်ငံရေးလေ့လာသူများက ပြောကြားကြသည်။

မိမိတို့နိုင်ငံ၏ ကာကွယ်ရေးစက်မှုလုပ်ငန်းသည် ၂၀၂၃ ခုနှစ်ထက် နောက်မကျဘဲ ပြည်ပနိုင်ငံများအပေါ် မှီခိုအားထားနေရမှုကို လုံးဝ အဆုံးသတ်စေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အာဒိုဂန်ကပြောကြားသည်။

တူရကီနိုင်ငံသည် ကာကွယ်ရေးအသုံးစရိတ်အတွက် တစ်နှစ်လျှင် ဒေါ်လာ ၁၈ ဘီလီယံခန့် သုံးစွဲသည်။ တပ်မတော်အတွက် လိုအပ်သော စစ်လက်နက်ပစ္စည်းထက်ဝက်ခန့်ကို ပြည်တွင်းခ္ခ ထုတ်လုပ်လျက်ရှိသည်။

ရိုက်တာ။

ဘေးအန္တရာယ်ရှိ ကမ္ဘာ့ဒေသများသို့သွားမည့် ဂျပန်နိုင်ငံသားများ၏ နိုင်ငံကူးလက်မှတ်များကို သိမ်းဆည်းမည်

တိုကျို မေ ၂၇

ဘေးအန္တရာယ်ပြွမ်းတီးသော ကမ္ဘာ့ဒေသများသို့ သွားရောက်ရန် စီစဉ်ထားသူ နိုင်ငံသားများထံမှ နိုင်ငံကူးလက်မှတ်များကို သိမ်းဆည်းသွားရန် ဂျပန်အစိုးရအဖွဲ့က စီစဉ်ထားကြောင်း ကျိုဒို့သတင်းဌာနက မေ ၂၇ ရက်တွင် ဖော်ပြသည်။

အစ္စလာမ္မစ်နိုင်ငံတော်(အိုင်အက်စ်)အဖွဲ့က ဂျပန်လူမျိုးနှစ်ဦးကို ပြန်ပေးဆွဲခဲ့ပြီး အဆုံးစီရင်ခဲ့သည့် ဖြစ်ရပ်မျိုး နောက်တစ်ကြိမ် ထပ်မံပေါ်ပေါက်ခြင်းမရှိစေရန်ယင်းသို့ သိမ်းဆည်းရခြင်းဖြစ်ကြောင်း အစိုးရတာဝန်ရှိသူများ၏ ပြောကြားချက်များကို ကိုးကားလျက် ကျိုဒို့သတင်းဌာနက သတင်းထုတ်ပြန်သည်။

ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနက ခန့်အပ်သည့် ကျွမ်းကျင်သူပညာရှင်များအဖွဲ့က ပြုစုထားသော အစီရင်ခံစာတွင် ဘေးအန္တရာယ်ရှိသည့် ကမ္ဘာ့ဒေသများသို့ နိုင်ငံသားများသွားရောက်ခြင်းမပြုရေးအတွက် အစိုးရက ဆောင်ရွက်ရန် အကြံပြုဖော်ပြထားသည်။

အဆိုပါအကြံပြုချက်အရ သက်ဆိုင်ရာဥပဒေတွင် ပြင်ဆင်ချက်များ ထည့်သွင်းနိုင်ရန် အစိုးရက လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။

လွန်ခဲ့သည့်လေးလက ဆီးရီးယားနိုင်ငံသို့ ခရီးသွားလိုသော ဂျပန်သတင်းထောက်တစ်ဦးကို နိုင်ငံကူးလက်မှတ်ထုတ်ပေးခြင်းမပြုရန် အစိုးရက ဆုံးဖြတ်ခဲ့သည်။

ယူအိချ် စုဂိမိုတို အမည်ရှိ အလွတ်တန်း သတင်းထောက်တစ်ဦးသည် ဆီးရီးယားနိုင်ငံသို့ သွားရောက်ရန် စီစဉ်ခဲ့ပြီး ၎င်း၏ အသက်အန္တရာယ်ကို ကာကွယ်သည့်အနေဖြင့် အစိုးရက ၎င်း၏ နိုင်ငံကူးလက်မှတ်ကို သိမ်းဆည်းခဲ့သည့်ဖြစ်ရပ် ဖေဖော်ဝါရီလအတွင်းက ပေါ်ပေါက်ခဲ့သည်။

ကျိုဒို့။

မြန်နှုန်းမြင့်ရေယာဉ်သစ်တစ်စင်း ပင်လယ်ဝါရေယာဉ်စုသို့ မြောက်ကိုရီးယား ဖြန့်ကြက်

ဆိုးလ် မေ ၂၇

မြောက်ကိုရီးယား နိုင်ငံသည် မကြာသေးမီက Very Slender Vessel (VSV) ဟု ခေါ်ဆိုသည့် မြန်နှုန်းမြင့်ရေယာဉ်သစ်တစ်စင်းကို ယင်း၏ ပင်လယ်ဝါရေယာဉ်စုသို့ ဖြန့်ကြက်ခဲ့ကြောင်း၊ ရေကြောင်းမှ ထိုးဖောက်ဝင်ရောက်လာဖွယ်ရှိသည့် လှုပ်ရှားမှုများကို စောင့်ကြည့်မှု မြှင့်တင်ရန် တောင်ကိုရီးယား တပ်မတော်အား လှုံ့ဆော်လိုက်ကြောင်း တောင်ကိုရီးယားနေ့စဉ်သတင်းစာ The Joong Ang Ilbo က မေ ၂၇ ရက်တွင် ရေးသားဖော်ပြသည်။

အဆိုပါ ကိုယ်ပျောက်ရေယာဉ် (VSV) တွင် မီလီမီတာ ၃၀ ရှိသော အမြောက်တစ်လက်နှင့် တော်ပီဒို တစ်လက်ပါရှိကာ တောင်ကိုရီးယား ရေတပ်အတွက် ကြီးမားသော ခြိမ်းခြောက်မှုတစ်ရပ် ဖြစ်ကြောင်း အမည်မဖော်လိုသည့် တောင်ကိုရီးယား အဆင့်မြင့်စစ်ဘက် အရာရှိတစ်ဦးက ပြောကြားသည်။ VSV ရေယာဉ်ကို မကြာသေးမီက မြောက်ပိုင်း ကန့်သတ်မျဉ်းဟုခေါ်ဆိုသည့် အခြေအနေတင်းမာနေသော အနောက်ပင်လယ် နယ်စပ်အနီး ရှာတွေ့ခဲ့သေးကြောင်း သိရသည်။

၂၀၁၃ ခုနှစ်တွင် ယင်းကွန်မန်ဒို တပ်ဖွဲ့များ၏ ပင်လယ်ရေကြောင်း ထိုးဖောက်လှုပ်ရှားနိုင်မှုစွမ်းရည် မြှင့်တင်ချိန်ကတည်းက မြောက်ကိုရီးယားနိုင်ငံမှာ VSV ရေယာဉ်တည်ဆောက်ရန်ကြိုးပမ်းမှုများကို စတင်ခဲ့သည်ဟု ယုံကြည်ထားရသည်။ VSV ရေယာဉ်မှာ မြောက်ကိုရီးယားနိုင်ငံက ဖြန့်ကြက်ထားသည့် ရှုပ်ပြေးယာဉ်များထက် ပိုမိုလျင်မြန်စွာ လှုပ်ရှားနိုင်စွမ်းရှိကြောင်း သိရသည်။

ကျိုဒို့။

■

အမေရိကန်ပြည်ထောင်စု တက္ကဆက်ပြည်နယ် ဟူစတန်မြို့တွင် ရေကြီးရေလျှံမှုများဖြစ်၊ အနည်းဆုံး လူ ၁၇ ဦးသေဆုံး

တက္ကဆက် မေ ၂၇

အမေရိကန်ပြည်ထောင်စု အိုကလာဟိုးမားနှင့် တက္ကဆက်ပြည်နယ်တို့တွင် မုန်တိုင်းတိုက်ခတ်မှုကြောင့် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုများဖြစ်ပွားရာ အနည်းဆုံးလူ ၁၇ ဦးသေဆုံးပြီး အများအပြား ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

တက္ကဆက်ပြည်နယ် ဟူစတန်မြို့တွင် မုန်တိုင်းတိုက်ခတ်မှုကြောင့် အနည်းဆုံး လူလေးဦးသေဆုံးခဲ့ပြီး ဟူစတန်မြို့တစ်ခုလုံး ရေကြီးရေလျှံမှုများဖြစ်ပေါ်ကာ လေဆင်နှာမောင်းတိုက်ခတ်မှုများ ဖြစ်ပွားခဲ့သည်။

လာမည့်ရက်အနည်းငယ်အတွင်း မိုးရွာသွန်းနိုင်ချေရှိကြောင်း ခန့်မှန်းရသည်။ မိုးအဆက်မပြတ် ရွာသွန်းမှုများကြောင့် ဟူစတန်မြို့တစ်ခုလုံး ရေလွှမ်းမိုးမှုများဖြစ်ပွားလျက်ရှိသည်။ ထောင်ပေါင်းများစွာသော မော်တော်ယာဉ်များမှာလည်း လမ်းများပေါ်တွင် ဦးတည်ရာမဲ့ မျောပါနေကြသည်။ ကယ်ဆယ်ရေး အဖွဲ့သားများက ဒေသခံများကို ဘေးကင်းရာနေရာများသို့ ပြောင်းရွှေ့ပေးခဲ့ရသည်။ လူနေအိမ် ၁၀၀၀ ကျော် ပျက်စီးဆုံးရှုံးသွားကြောင်း သိရသည်။

တက္ကဆက်နှင့် အိုကလာဟိုးမား ပြည်နယ်တို့တွင် လူအသေအပျောက်နှုန်းမှာ မြင့်တက်နိုင်ချေရှိကြောင်း တာဝန်ရှိသူများကဆိုသည်။

တက္ကဆက်ပြည်နယ် အစိုးရက ပြည်နယ်အတွင်း အရေးပေါ်အခြေအနေ ကြေညာထားသည်။ ယခုရက်သတ္တပတ်အတွင်း မုန်တိုင်းတိုက်ခတ်မှုဖြစ်နိုင်ချေ ၂၀ ရာခိုင်နှုန်းမှ ၄၀ ရာခိုင်နှုန်းအထိ မြင့်တက်လျက်ရှိကြောင်း ခန့်မှန်းရသည်။

အဆိုပါမုန်တိုင်းတိုက်ခတ်မှုများကြောင့် မက္ကဆီကိုနိုင်ငံ တက္ကဆက်ပြည်နယ် နယ်စပ်တွင်လည်း ပျက်စီးဆုံးရှုံးမှုများရှိခဲ့သည်။ မေ ၅ ရက်က လေဆင်နှာမောင်း တိုက်ခတ်ခဲ့ရာ အနည်းဆုံး လူ ၁၄ ဦး သေဆုံးခဲ့ပြီး အိမ်ပေါင်း ၁၀၀၀ ကျော် ပျက်စီးဆုံးရှုံးခဲ့ကြောင်း မက္ကဆီကိုအာဏာပိုင်များက ဆိုသည်။

ရိုက်တာ။

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

အများပြည်သူတို့၏ ဖုန်းခေါ်ဆိုခ ကြိုတင်ထည့်သွင်းငွေများထဲက ကုန်သွယ်လုပ်ငန်းခွန် ၅ ရာခိုင်နှုန်း ဖြတ်တောက်ကောက်ခံသည့်ကိစ္စကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ဆိုင်းငံ့ထားရန် ဆုံးဖြတ်

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂) ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၅၀) ရက်မြောက်နေ့ ကျင်းပ စဉ်။ (သတင်းစဉ်)

နေပြည်တော် မေ ၂၇

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂) ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၅၀) ရက်မြောက်နေ့ကို ယနေ့မွန်းလွဲ ၁ နာရီတွင် ကျင်းပရာ လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲသည့် စုပေါင်းပိုင် အဆောက်အအုံ ဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်း ပူးပေါင်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် အမရပူရမဲဆန္ဒနယ်မှ ဦးသိန်းထွန်းဦး၏ **နိုင်ငံတော်အတွင်း မိုဘိုင်းဖုန်းသုံးစွဲသူ အများပြည်သူတို့၏ ဖုန်းခေါ်ဆိုခ ကြိုတင်ထည့်သွင်းငွေများထဲက ကုန်သွယ်လုပ်ငန်းခွန် ၅ ရာခိုင်နှုန်း ဖြတ်တောက်ကောက်ခံသည့်ကိစ္စ**နှင့်စပ်လျဉ်းသည့် အရေးကြီးအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ယင်းနောက် ကလေးဝမဲဆန္ဒနယ်မှ ဦးစိုးသိမ်းက ဖုန်းခေါ်ဆိုခ ကြိုတင်ထည့်သွင်းငွေများထဲက ကုန်သွယ်လုပ်ငန်းခွန် ၅ ရာခိုင်နှုန်းကောက်ခံခြင်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ကောက်ခံမှု မပြုရန်အဆိုကို ထောက်ခံပါကြောင်း၊ မိုဘိုင်းဖုန်းမှ ကုန်သွယ်လုပ်ငန်းခွန်ကောက်ခံခြင်းကို အနည်းဆုံးဖြစ်အောင် စဉ်းစားရန်လိုအပ်သည့်အတွက် စမ်းသပ်လုပ်ပိုင်ခွင့်အနေဖြင့် နှစ်ကာလတစ်ခုအထိ မကောက်ဘဲ ထားသင့်ပါကြောင်း ဆွေးနွေးသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁)မှ ဒေါ်ခင်ပိုင်းကြည်က ပြည်သူများသည် ဆက်သွယ်ရေးကိရိယာများကို လွယ်လွယ်ကူကူ သုံးစွဲခွင့်ရ၍ ဝမ်းသာနေကြပါကြောင်း၊ နိုင်ငံသားများ၏ လက်ရှိအခြေအနေကိုကြည့်ပြီး လျှော့ပေါ့ ကောက်ခံခြင်းကိုလည်း စဉ်းစား ဆုံးဖြတ်သင့်ပါကြောင်း ဆွေးနွေးသည်။

အဆိုနှင့်စပ်လျဉ်း၍ ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းတင်က ပြည်ထောင်စုလွှတ်တော် အခွန်အကောက်ဆိုင်ရာ ဥပဒေအရ ဘဏ္ဍာရေးဝန်ကြီးဌာနမှ သုံးစွဲသူများထံမှ ကောက်ယူလျက်ရှိသည့် Commercial Tax 5 % အကြောင်း ရှင်းလင်းတင်ပြလိုပါကြောင်း၊ ဤအခွန်အခကို နိုင်ငံတကာတွင် Goods and Service Tax (GST) Value Added Tax (VAT) စသည်ဖြင့် နာမည်မျိုးကွဲများဖြင့် ကောက်ခံလျက်ရှိပါကြောင်း၊ အာဆီယံနိုင်ငံများတွင် ဘရူနိုင်းနိုင်ငံမှလွဲပြီး မလေးရှား ၆ ရာခိုင်နှုန်း၊ ထိုင်း ၇ ရာခိုင်နှုန်း၊ စင်ကာပူ ၇ ရာခိုင်နှုန်း၊ ဗီယက်နမ် ၁၀ ရာခိုင်နှုန်း၊ ကမ္ဘောဒီးယား ၁၀ ရာခိုင်နှုန်း၊ အင်ဒိုနီးရှား ၁၀ ရာခိုင်နှုန်း၊ ဖိလစ်ပိုင် ၁၂ ရာခိုင်နှုန်းတို့အသီးသီး ကောက်ခံကြကြောင်း တွေ့ရှိရပါကြောင်း၊ မြန်မာနိုင်ငံမှ ကောက်ခံမည့်ပုံစံသည် Inclusive Minus ပုံစံဖြစ်ပြီး ကတ်ဖော်ပြပါတန်ဖိုးတွင် VAT အားနုတ်ယူခြင်း(ဥပမာ-၁၀၀၀ ကျပ်တန်ကတ်ကို ၁၀၀၀ ကျပ်ဖြင့် ရောင်းချပြီး ၉၅၂ ကျပ်ဖိုး ပြောဆိုနိုင်ပါကြောင်း) အဆိုပါပုံစံအား ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံတို့တွင်လည်း ကျင့်သုံးလျက်ရှိပါကြောင်း၊ ဖော်ပြပါနည်းလမ်းများမှာ အစိုးရအော်ပရေတာနှင့် စားသုံးသူများကြားတွင် ဥပဒေအရ ကောက်ခံရမည့် အခွန်အခရရှိအောင် ကျင့်သုံးသည့်စနစ်များ ဖြစ်ပါကြောင်း၊ လက်တွေ့ရောင်းချရာတွင် လက်လီဆိုင်များမှ အမြတ်လျှော့ယူပြီး မူလတန်ဖိုးထက် လျှော့ရောင်းခြင်း၊ သက်တမ်းကုန်ကာနီးကတ်ကို အရှုံးခံလျှော့ရောင်းခြင်း၊ အော်ပရေတာမှ Promotion အဖြစ် မိနစ်အပိုဆောင်းပေးခြင်း၊ အထိမ်းအမှတ်အထူးကတ်များ ရောင်းချပေးခြင်းတို့ကြောင့် သုံးစွဲသူမှာ အမြတစေ VAT ပေးဆောင်နေရသည်ဟု မခံစားရတော့သည့် စေ့းကွက်စီးပွားရေး၏ ယှဉ်ပြိုင်မှုဖြင့် ပိုမိုသက်သာလေ့ရှိပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ပြန်လည်ရှင်းလင်းပြောကြားသည်။ **(ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၏ ပြန်လည်ရှင်းလင်းဖြေကြားချက်အား စာမျက်နှာ (၈၊ ၉) တွင် သီးခြားဖော်ပြထားပါသည်။)**

အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ **နိုင်ငံတော်အတွင်း မိုဘိုင်းဖုန်းသုံးစွဲသူ အများပြည်သူတို့၏ ဖုန်းခေါ်ဆိုခ ကြိုတင်ထည့်သွင်းငွေများထဲက ကုန်သွယ်လုပ်ငန်းခွန် ၅ ရာခိုင်နှုန်း ဖြတ်တောက်ကောက်ခံသည့် ကိစ္စကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ဆိုင်းငံ့ထားရန်** လွှတ်တော်က ဆုံးဖြတ်သည်။

ထို့နောက် တောင်ဥက္ကလာပ မဲဆန္ဒနယ်မှ ဦးအောင်သိန်းလင်း၏ **ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ ရေကူးအသင်္ချင့်စက်ရုံဟောင်း မြေနေရာ၈က (၉၀)ခန့်ကို ပုဂ္ဂလိကသို့ အပိုင်ပေးမည့် တင်ဒါခေါ်ယူမှုကိစ္စ**နှင့် စပ်လျဉ်းသည့် အရေးကြီးအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

မရမ်းကုန်းမဲဆန္ဒနယ်မှ ဒေါက်တာမေဝင်းမြင့်က တင်ဒါပါစည်းကမ်းချက်များသည် ပြန်လည်စိစစ်သင့်၍ အထက်ပါစီမံကိန်းအား ဆိုင်းငံ့ထားရန်အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

အလုံမဲဆန္ဒနယ်မှ ဦးခိုင်မောင်ရည်က အဆိုပါမြေကို နိုင်ငံတော်ပိုင်အဖြစ် ဆက်လက်ထားရှိပြီး နိုင်ငံတော်နှင့် အများပြည်သူအကျိုးရှိမည့် စီမံကိန်းမျိုးကို စဉ်းစားသင့်ပါကြောင်း၊ တင်ဒါခေါ်ယူမှုကို ပြန်လည်သုံးသပ်ပြီး စီမံကိန်းကို ဆောင်ရွက်ရန် သင့်၊ မသင့်ကို ဆုံးဖြတ်နိုင်ရန်အတွက် ဆိုင်းငံ့ထားရန်နှင့် ဆိုင်းငံ့ကာလအတွင်း တင်ဒါခေါ်ယူမှုကို ပြန်လည်သုံးသပ်ရမည်ဖြစ်၍ ပူးပေါင်းအဖွဲ့အစည်းတစ်ရပ်ဖွဲ့စည်းစုံစမ်းစစ်ဆေးပြီး အဖြေမှန်ပေါ်ထွက်လာမှုကို သုံးသပ်ပြီးမှသာ ဆောင်ရွက်သင့်ပါကြောင်း ဆွေးနွေးသည်။

လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးမှုများအပေါ် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေးက ပြန်လည်ရှင်းလင်းဖြေကြားသည်။ **(ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေး၏ ပြန်လည်ရှင်းလင်းဖြေကြားချက်အား စာမျက်နှာ (၁၀၊ ၁၁)တွင် သီးခြားဖော်ပြထားပါသည်။)**

ထို့နောက် **ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ ရေကူးအသင်္ချင့်စက်ရုံဟောင်း မြေနေရာ ၈က (၉၀) ခန့် တင်ဒါခေါ်ယူမှုကို ဆိုင်းငံ့ထားပါရန် တိုက်တွန်းကြောင်း**အဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က အဆိုကို အတည်ပြုခဲ့သည်။ **(သတင်းစဉ်)**

ရုပ်သံနှင့်ရေဒီယိုအစီအစဉ်မှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် မေ ၂၇

၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းပင်မအစီရင်ခံစာ တရားဝင်ထုတ်ပြန်ခြင်း အခမ်းအနားကို မေ ၂၉ ရက်နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) ၌ ကျင်းပမည်ဖြစ်ပါသည်။ အဆိုပါအခမ်းအနားကျင်းပပုံများကို MRTV News Channel၊ MRTV Entertainment Channel နှင့် မြန်မာ့အသံရေဒီယိုအစီအစဉ်တို့မှ ထိုနေ့နံနက် ၉ နာရီ ၁၅ မိနစ်မှစတင်ပြီး တိုက်ရိုက် (Live) ထုတ်လွှင့်ပေးသွားမည်ဖြစ်ပါကြောင်း မိဘပြည်သူများအား လေးစားစွာကြိုတင်အစီရင်ခံတင်ပြအပ်ပါသည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့(၁၂)မြို့နယ်၌ ရေအားလျော့နည်းမည်

ရန်ကုန် မေ ၂၇

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)က ငမိုးရိပ် ရေပေးဝေရေးစီမံကိန်း (ပထမအဆင့်)မှ ရေပေးဝေလျက်ရှိသော ရေပို့ပိုက်မကြီးများ ပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်မည်ဖြစ်ရာ လုပ်ငန်းဆောင်ရွက်မည့် မေ ၂၉ ရက် နံနက် ၆ နာရီမှ မေ ၃၁ ရက် ညနေ ၆ နာရီ အတွင်း မင်္ဂလာဒုံမြို့နယ်၊ မြောက်ဥက္ကလာပမြို့နယ်၊ တောင်ဥက္ကလာပမြို့နယ်၊ သင်္ကန်းကျွန်းမြို့နယ်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ သာကေတမြို့နယ်၊ ဒေါပုံမြို့နယ်၊ တာမွေမြို့နယ်၊ မင်္ဂလာတောင်ညွှန့် မြို့နယ်များ၌ ရေအားလျော့နည်းမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီထံမှ သိရသည်။ **(ကြေးမုံ)**

နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

နေပြည်တော် မေ ၂၇

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လျှောက်ထားချက်များကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ ၂၀၁၅ ခုနှစ် မေ ၂၇ ရက်တွင် **ခေတ်သစ်ပြည်ထောင်စုပါတီနှင့် စည်းလုံးညီညွတ်သော ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ**တို့က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီ မှတ်ပုံတင်ခွင့် လာရောက်လျှောက်ထားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ကရင်ပြည်နယ်၊ ဘားအံမြို့၊ ရတနာဒီပ အမှတ်(၉)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်းတွင် ပါတီရုံးချုပ်တည်ရှိသော **စည်းလုံးညီညွတ်သော ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ**က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၂၇-၅-၂၀၁၅ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့် နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၄(ယ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

စည်းလုံးညီညွတ်သော ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ၏ အလံပုံစံ

စည်းလုံးညီညွတ်သော ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ၏ တံဆိပ်ပုံစံ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ (၃)ရပ်ကွက်၊ ကုန်သည်လမ်း၊ အမှတ်(၆၄၇)တွင် ပါတီရုံးချုပ် တည်ရှိသော **ခေတ်သစ်ပြည်ထောင်စုပါတီ**က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၅ အရ နိုင်ငံရေးပါတီ အဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၂၇-၅-၂၀၁၅ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့် နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၄(ယ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

ခေတ်သစ်ပြည်ထောင်စုပါတီ၏ အလံပုံစံ

ခေတ်သစ်ပြည်ထောင်စုပါတီ၏ တံဆိပ်ပုံစံ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်သူ့လွှတ်တော်အစည်းအဝေး

စတုတ္ထတန်းနှင့် အဋ္ဌမတန်းစာမေးပွဲများကို စစ်ဆေးခြင်းသည် အခြေခံပညာကဏ္ဍအရည်အသွေးမြင့်မားရေးအထောက်အကူပြု

နေပြည်တော် မေ ၂၇

ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၅၃ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ကျင်းပရာ ပညာရေးကဏ္ဍဆိုင်ရာမေးခွန်းများနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင်က ဖြေကြားသည်။

ပဲခူးမဲဆန္ဒနယ်မှ ဦးကြင်သိန်း၏ **စတုတ္ထတန်းနှင့် အဋ္ဌမတန်းတို့ကို စစ်ဆေးခြင်းသည် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ကျောင်းသား ကျောင်းသူများ၏ ကြိုးစားအားထုတ်မှုကို တိုးတက်စေပြီး ပညာရေးစနစ်မြှင့်တင်ရေးအတွက် အထောက်အကူပြု၊ မပြု သိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ မူလတန်းအဆင့် နောက်ဆုံးအတန်းဖြစ်သည့် စတုတ္ထတန်းနှင့် အလယ်တန်းအဆင့် နောက်ဆုံးအတန်းဖြစ်သည့် အဋ္ဌမတန်းတို့တွင် စာမေးပွဲများကိုကျင်းပ၍ ကျောင်းသား ကျောင်းသူများ၏ တတ်မြောက်မှုအရည်အသွေးကိုစိစစ်ကာ လိုအပ်သလို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် စတင်၍ ဆောင်ရွက်ခဲ့ပါကြောင်း၊ သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်နှင့် ကျောင်းအလိုက် အောင်စာရင်းများထုတ်ပြန်၍ A,B,C,D အဆင့်လေးဆင့်တွင် D အဆင့်ရရှိသော ကလေးများကို ကုစားသင်ကြားကာ ကျရှုံးသည့် ဘာသာရပ်အလိုက် ပြန်လည်ဖြေဆိုစေပြီး အတန်းတက်ရောက်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ဒုတိယဝန်ကြီး
ဒေါက်တာဇော်မင်းအောင်

ပဲခူးမဲဆန္ဒနယ်မှ
ဦးကြင်သိန်း

မူလတန်းအဆင့် စတုတ္ထတန်းနှင့် အလယ်တန်းအဆင့် အဋ္ဌမတန်းတို့တွင် နိုင်ငံတော်အဆင့် စာမေးပွဲများကိုကျင်းပ၍ D အဆင့် ရာခိုင်နှုန်းများသည် တိုင်းဒေသကြီး၊ ပြည်နယ်များ၊ ခရိုင်များ၊ မြို့နယ်များနှင့် ကျောင်းများကို လိုအပ်သည့် ပံ့ပိုးမှုများ ပိုမိုပေးခြင်း၊ ပိုမိုအလေးပေး ကြီးကြပ်လမ်းညွှန်ခြင်းများကို အခြေခံပညာဦးစီးဌာနက ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပြီး သက်ဆိုင်ရာ ကျောင်းအုပ်များ၊ သင်ကြားရေးတာဝန်ယူရသည့် ဆရာ၊ ဆရာမများအနေဖြင့် အတန်းအလိုက် အရည်အသွေးမီ သင်ကြားရေးလုပ်ငန်းများကို ပိုမိုအလေးပေးဆောင်ရွက်နိုင်စေပြီး ကျောင်းသား ကျောင်းသူများအနေဖြင့် ပိုမိုကြိုးပမ်းအားထုတ်သင်ယူလာကြမည်ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင်စတင်၍ မူလတန်းအဆင့် စတုတ္ထတန်းနှင့် အလယ်တန်းအဆင့် အဋ္ဌမတန်းတို့တွင် စာမေးပွဲများကို စစ်ဆေးခြင်းသည် အခြေခံပညာကဏ္ဍအရည်အသွေးမြင့်မားရေးအတွက် များစွာအထောက်အကူပြုပါကြောင်းဖြင့် ဖြေကြားသည်။

ထို့နောက် ကျေးသီးမဲဆန္ဒနယ်မှ ဦးစိုင်းအွမ်ဆိုင်မိုင်း၏ **ပညာရေးဝန်ထမ်းများ ခရီးစရိတ်ပြန်လည်ထုတ်ယူရာတွင် ခရီးစရိတ်လုံလောက်ပြီး အချိန်ကြာမြင့်မှုမရှိစေရန်နှင့် အထက်ဌာနအဆင့်ဆင့်သို့ ရုံးစာနှင့် စာရင်းဇယားများ အပြန်အလှန်ပေးပို့ဆက်သွယ်မှုပိုမိုအဆင်ပြေလျင်မြန်စေရန် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာနအောက်ရှိ ပညာရေးဝန်ထမ်းများ တာဝန်ဖြင့်ခရီးသွားလာရာတွင် ခရီးစရိတ်ထုတ်ပေးခြင်းကို ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ (၀၂၀၁) ပြည်တွင်းခရီးစရိတ်ခေါင်းစဉ်အောက်မှ တချို့တစ်ဝက်ကို ကြိုတင်ထုတ်ပေးပြီး ခရီးပြီးဆုံးသည့်အခါ ကြိုတင်ထုတ်ပေးငွေကို ခုနှိမ်ခြင်းဖြင့်လည်းကောင်း၊ တာဝန်ပြီးဆုံးသည့်အခါမှ တစ်လုံးတစ်ခဲတည်း ထုတ်ပေးခြင်းဖြင့်လည်းကောင်း ကြန့်ကြာမှုမရှိစေရန် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ပညာရေးဝန်ကြီးဌာန အထက်အဆင့်ဆင့်မှ တောင်းခံလာသည့် စာရင်းဇယားများဖြည့်စွက်ရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများ၊ တိကျသည့် ညွှန်ကြားချက်များကို ကြိုတင်ထုတ်ပြန်ထားပါကြောင်း။

အထက်ဌာနအဆင့်ဆင့်သို့ ရုံးစာနှင့်စာရင်းဇယားများ အပြန်အလှန်ပေးပို့ဆက်သွယ်မှု လျင်မြန်စေရန်နှင့် ပိုမိုအဆင်ပြေလာစေရန် Fax များ၊ e-mail များဖြင့် ဆက်သွယ်ဆောင်ရွက်နိုင်ရန် စီစဉ်ထားရှိပါကြောင်းဖြင့် ဖြေကြားသည်။ **(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

ကာကွယ်ရေးကဏ္ဍဆိုင်ရာမေးခွန်းများနှင့်စပ်လျဉ်း၍ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပြန်လည်ဖြေကြား

နေပြည်တော် မေ ၂၇

ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး(၅၃)ရက် မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင်ကျင်းပရာ ကာကွယ်ရေးကဏ္ဍဆိုင်ရာ မေးခွန်းများနှင့် စပ်လျဉ်း၍ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်ညွှန့်က ပြန်လည်ဖြေကြားခဲ့သည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျွန်ခဲန်း၏ **စစ်မှုထမ်းသက် ၁၀ နှစ်မပြည့်မီ တိုက်ပွဲဒဏ်ရာကြောင့် အငြိမ်းစားယူသည့် တပ်မတော်သားသေဆုံးသည့်အခါ ၎င်းရရှိသော အငြိမ်းစားလစာကို ကျန်ရစ်သူ ဇနီးသည်မှ ဆက်လက်ခံစားခွင့်ပြုရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ အငြိမ်းစားယူပြီး (၇)နှစ်အတွင်း သေဆုံးသူများကို စစ်မှုထမ်းစဉ်အခါက စစ်မှုထမ်းခြင်းကြောင့် ဖြစ်ပေါ်လာသော ဒဏ်ရာ ရောဂါဖြင့် သေဆုံးလျှင် အိမ်ထောင်စုဝင် အထူးအငြိမ်းစားလစာ ခံစားခွင့်ရရှိပြီး စစ်မှုထမ်းနောက်ဆုံးထုတ် မူရင်းလစာ၏ ၇၀ ရာခိုင်နှုန်းအား ခံစားခွင့်ရရှိမည်ဖြစ်ပါကြောင်း။

ဒုတိယဝန်ကြီး
ဗိုလ်ချုပ်ကျော်ညွှန့်

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ
ဦးကျွန်ခဲန်း

အငြိမ်းစားယူပြီး (၇)နှစ်ကျော်လွန်ပြီးမှ သေဆုံးသူများ စစ်မှုထမ်းသက်(၁၀)နှစ်ပြည့်မှသာ အငြိမ်းစားလစာ ခံစားခွင့်ရရှိမည် ဖြစ်သော်လည်း မစွမ်းမသန်ဖြစ်၍ နုတ်ထွက်ခွင့်ရရှိခဲ့ခြင်းဖြစ်သည့်အတွက် စစ်မှုထမ်းသက် (၁၀)နှစ် မပြည့်သေးသော်လည်း စစ်မှုထမ်းသက် ၁၅ နှစ်နှင့် ညီမျှသော အကျိုးခံစားခွင့်များကို အငြိမ်းစားယူစဉ်ကပင် ခံစားခွင့်ပြုခဲ့ခြင်းဖြစ်သဖြင့် ဇနီးဖြစ်သူအနေဖြင့် မည်သည့်အကျိုးခံစားခွင့်မျှရရှိရန် အကျုံးမဝင်ခြင်းဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးလှဆွေ၏ **ဂန့်ဂေါမြို့နယ် ကြောဒေသရှိ ကြ၊ နုံးကြီး၊ ကန့်သတ်၊ စကားရှာ (၄)ရွာအား လျှပ်စစ်မီးရရှိရေးကို က. ပ. စ စက်ရုံမှတစ်ဆင့် အခမဲ့သွယ်တန်း တပ်ဆင်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ မီးလိုင်းသွယ်တန်းမှ အကွာအဝေး မိုင်များခြင်း၊ ထရန်စဖော်မာများနှင့် မီးတိုင်များ၏ ကုန်ကျစရိတ်ငွေ များပြားခြင်းတို့ကြောင့် ဘဏ္ဍာငွေ ထုတ်နုတ်သုံးစွဲရန် အခက်အခဲရှိပါသဖြင့် ဂန့်ဂေါမြို့နယ် ကြောဒေသရှိ ကြ၊ နုံးကြီး၊ ကန့်သတ်နှင့် စကားရှာ ၄ ရွာအား လျှပ်စစ်မီး ရရှိရေးအတွက် အမှတ်(၂၃) ကာကွယ်ရေးပစ္စည်းစက်ရုံမှတစ်ဆင့် အခမဲ့တပ်ဆင်ပေးနိုင်ခြင်း မရှိပါကြောင်း ပြန်လည်ဖြေကြားခဲ့သည်။

ထို့နောက် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပေးပို့လာသည့် မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်များကို တစ်ပိုဒ်ချင်းစီ အလိုက် အတည်ပြုခဲ့သည်။ **(သတင်းစဉ်)**

ဂျပန်အခြေစိုက် မာရှဘီနီကုမ္ပဏီက သန်လျင်၌ ကန်ဒေါ်လာ ၃၂၅ သန်းတန် သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံ တည်ဆောက်မည်

ဂျပန်ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း မာရှဘီနီကုမ္ပဏီက မြန်မာနိုင်ငံရှိ စွမ်းအားမြင့် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံတည်ဆောက်ရေးတွင် ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း Nikkei Asian Review က ဆိုသည်။ မာရှဘီနီကုမ္ပဏီသည် ထိုင်းနိုင်ငံပိုင်ရေနံကုမ္ပဏီ PTT ၊ မြန်မာနိုင်ငံမှ အေဒင်အုပ်စုတို့နှင့် အကျိုးတူဖက်စပ်လုပ်ငန်းတစ်ခုတည်ထောင်မည်ဖြစ်သည်။ ဖက်စပ်ကုမ္ပဏီအတွက် အရင်းအနှီးမတည်မှုနှင့် ပိုင်ဆိုင်မှုရာခိုင်နှုန်းများကို မဆုံးဖြတ်ရသေးသော်လည်း မာရှဘီနီကုမ္ပဏီက အစုရှယ်ယာအများဆုံး ပိုင်ဆိုင်သူဖြစ်လာရန် မျှော်မှန်းထားသည်။

ဖက်စပ်ကုမ္ပဏီက ၂၀၁၉ ခုနှစ်တွင် လုပ်ငန်းလည်ပတ်ရန် သတ်မှတ်ထားသည့် ယင်းသဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ တည်ဆောက်မှုကို ရန်ကုန်တိုင်းဒေသကြီး သန်လျင်၌ ၂၀၁၆ ခုနှစ်ထက် စောနိုင်သမျှ စောမှ စတင်မည်ဖြစ်သည်။ ဂျပန်ယန်း ၄၀ ဘီလီယံ (အမေရိကန်ဒေါ်လာ ၃၂၅ သန်း) အကုန်အကျခံတည်ဆောက်မည့် အဆိုပါဓာတ်အားပေးစက်ရုံမှာ ရန်ကုန်မြို့ရှိ အကြီးမားဆုံးသော ဓာတ်အားပေးစက်ရုံများအနက် တစ်ခုဖြစ်လာမည်ဖြစ်ပြီး မြန်မာနိုင်ငံ၌ PTT ၏ လုပ်ငန်းခွဲတစ်ခုမှ ဆောင်ရွက်လျက်ရှိသည့် လုပ်ကွက်တစ်ခုမှ ဝယ်ယူထားသည့် သဘာဝဓာတ်ငွေ့ဖြင့် လည်ပတ်မည်ဖြစ်သည်။ ဓာတ်အားပေးစက်ရုံမှ ထုတ်လုပ်သည့် လျှပ်စစ်ဓာတ်အားကို ဂျပန်ကုမ္ပဏီများ ပူးပေါင်းတည်ထောင်ထားသော အဖွဲ့အစည်းတစ်ခုနှင့် မာရှဘီနီအပါအဝင် မြန်မာကုမ္ပဏီများက ရန်ကုန်မြို့ပြင်၌ တည်ဆောက်လျက်ရှိသည့် သီလဝါစက်မှုဇုန်သို့ မြန်မာအများပိုင် လျှပ်စစ်ဓာတ်အားကုမ္ပဏီတစ်ခုမှတစ်ဆင့် ပို့လွှတ်မည်ဖြစ်သည်။ ပိုမိုကောင်းမွန်သော ဓာတ်အားအခြေခံအဆောက်အအုံများ ထောက်ပံ့ခြင်းအားဖြင့် မာရှဘီနီကုမ္ပဏီက သီလဝါစက်မှုဇုန်သို့ စီးပွားရေးလုပ်ငန်းများ ပြောင်းရွှေ့လုပ်ကိုင်ရာတွင် အားပေးကူညီနိုင်ရန် မျှော်လင့်ပါသည်။

မြန်မာနိုင်ငံ၌ လျှပ်စစ်ဓာတ်အားလိုအပ်ချက်မှာ ကီလိုဝပ် ၁ ဒသမ ၈ သန်းဝန်းကျင် ရှိသော်လည်း ဓာတ်အားထုတ်လုပ်နိုင်စွမ်းမှာ ကီလိုဝပ် ၁ ဒသမ ၅ သန်းသာ ရှိသေးသည်။ မြန်မာအစိုးရသည် နိုင်ငံခြားနှင့် ပြည်တွင်းကုမ္ပဏီများအား ဖွံ့ဖြိုးရေးဆိုင်ရာအတည်ပြုချက် တရားဝင်ခွင့်ပြုပေးခြင်းအပါအဝင် အခြေခံအဆောက်အအုံနှင့်ဆိုင်သော ထောက်ပံ့မှုကို တိုးချဲ့ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ကြောင့် ဂျပန်ကုမ္ပဏီများ မြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းများသို့ တစ်ခုပြီးတစ်ခု ဝင်ရောက်လာခြင်းဖြစ်သည်။ ယခုဆောက်လုပ်နေသည့် ဓာတ်အားပေးစက်ရုံအပြင် မာရှဘီနီကုမ္ပဏီက မြန်မာနိုင်ငံတောင်ပိုင်း၌လည်း ကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံ တစ်ရုံတည်ဆောက်ရန် စီစဉ်နေသည်။ အခြားဂျပန်ကုမ္ပဏီများဖြစ်သည့် Mitsui & Co. နှင့် ဆူမီတိုမိုကော်ပိုရေးရှင်းတို့သည်လည်း မြန်မာနိုင်ငံရှိ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးနှင့်သက်ဆိုင်သော စီးပွားရေးလုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်လျက်ရှိသည်။

(သုတ)

ငါးရစ် ငါးသန် ဘေးမဲ့ချန်
ပုံမှန်စားသုံး မျိုးမသုဉ်း

ပြည်တွင်းရေးရာ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အဇာဘိုင်ဂျန်နိုင်ငံ အမျိုးသားနေ့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများပေးပို့

နေပြည်တော် မေ ၂၈

၂၀၁၅ ခုနှစ် မေ ၂၈ ရက်တွင် ကျရောက်သော အဇာဘိုင်ဂျန်သမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ အဇာဘိုင်ဂျန်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အီလ်ဟမ်အာလီယေ့(ဗ)ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အလားတူ ၂၀၁၅ ခုနှစ် မေ ၂၈ ရက်တွင် ကျရောက်သော အဇာဘိုင်ဂျန်သမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ အဇာဘိုင်ဂျန်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ အာတားရာစီဇတ်(ဒ)ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ် China.com မြန်မာဘာသာ Website ထုတ်လွှင့်ခြင်း အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်အား ကမ္ဘာ့ဘဏ်၏ ထိုင်းနိုင်ငံအခြေစိုက် ကိုယ်စားလှယ်အဖွဲ့တွေ့ဆုံ

နေပြည်တော် မေ ၂၃

ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်အား ယနေ့မနက်လွဲ ၁ နာရီခွဲတွင် ကမ္ဘာ့ဘဏ်၏ ထိုင်းနိုင်ငံအခြေစိုက် Practice Manager ဖြစ်သူ Ms. Elmas Arisoy ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စု ရှေ့နေချုပ်ရုံးရှိ အပြည်ပြည်ဆိုင်ရာ ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။

ယင်းသို့ တွေ့ဆုံရာတွင် Ms. Arisoy က မြန်မာနိုင်ငံ၌ အစိုးရမှ ပစ္စည်းဝယ်ယူခြင်း ဥပဒေရေးဆွဲနိုင်ရန်အတွက် အကူအညီပေးနိုင်ရန် လာရောက်ခြင်းဖြစ်ပါကြောင်း မေးမြန်းဆွေးနွေးသည်။

ပြည်ထောင်စု ရှေ့နေချုပ်က ပြည်ထောင်စုရှေ့နေချုပ်ဥပဒေအရ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ဥပဒေရုံးအဆင့်ဆင့်တို့၏ အခန်းကဏ္ဍများ၊ အစိုးရမှပစ္စည်းဝယ်ယူခြင်း ဥပဒေရေးဆွဲခြင်းနှင့်စပ်လျဉ်းပြီး ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ ဦးဆောင်မှုဖြင့် ၂၀၁၄ ခုနှစ် ဇူလိုင်လတွင် ပထမအကြိမ် အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပပြီးဖြစ်ပါကြောင်း၊ မေ ၂၆ ရက်မှ ယနေ့အထိ USAID အဖွဲ့အစည်းနှင့် ဝန်ကြီးဌာနသုံးခု ပူးပေါင်းမှုဖြင့် ဒုတိယအကြိမ်မြောက် "အစိုးရမှ ပစ္စည်းဝယ်ယူခြင်းများဆိုင်ရာ ဥပဒေ (မူကြမ်း)ရေးဆွဲခြင်းနှင့်စပ်လျဉ်းသော အလုပ်ရုံဆွေးနွေးပွဲ"ကို ကျင်းပလျက်ရှိပါကြောင်း၊ ဥပဒေများ ရေးဆွဲခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနမှ ပေးပို့လာသည့်အခါ မိမိတို့ရုံးရှိဥပဒေများ စိစစ်ရေးဌာနက စိစစ်ပေးရပါကြောင်း၊ စီးပွားရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဥပဒေ အကြံဉာဏ်ပေးရေးဌာန၊ စီးပွားရေးစာချုပ်စာတမ်းဌာနခွဲတို့မှလည်း စိစစ်ဆောင်ရွက်ပေးရပါကြောင်း ပြန်လည်ဖြေကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာဘာသာဖြင့် China.com Website စတင်ထုတ်လွှင့်

ရန်ကုန် မေ ၂၃

မြန်မာဘာသာဖြင့် China. com Website စတင်ထုတ်လွှင့်ခြင်းအခမ်းအနားကို ယနေ့ည ၇ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ Novotel ဟိုတယ်၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Yang Houlan နှင့် တရုတ်-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ Mr. Geng Zhiguan၊ Global CAMG International Media Group မှ ဥက္ကဋ္ဌ မစ္စတာ ကျန်ကျောက်ချင့်နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Yang Houlan နှင့် Global CAMG International Media Group မှ ဥက္ကဋ္ဌ မစ္စတာ ကျန်ကျောက်ချင့်တို့က အမှာစကားပြောကြားကြသည်။

China.com သည် တရုတ်နိုင်ငံတွင် ပထမဆုံး ထုတ်လွှင့်သော Website များတွင် ပါဝင်ပြီး ကျယ်ပြန့်သော Website တစ်ခုဖြစ်ရာ မြန်မာဘာသာဖြင့် ထုတ်လွှင့်သော China.com Website ကို လေ့လာခြင်းဖြင့် တရုတ်နိုင်ငံနှင့် နိုင်ငံတကာရေးရာကိစ္စများကို မြန်မာနိုင်ငံသားများအနေဖြင့် မိခင်ဘာသာစကားဖြင့် သိရှိနားလည်စေမည်ဖြစ်သည်။

အဆိုပါ Website တွင် သတင်းကဏ္ဍ၊ ရုပ်ရှင်ကဏ္ဍ၊ "ယနေ့တရုတ်ပြည်" E-မဂ္ဂဇင်း၊ Made in China နှင့် ကျန်းမာရေးကဏ္ဍဟူ၍ ကဏ္ဍငါးခု ပါဝင်ကြောင်း၊ ရုပ်ရှင်ကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာသတင်းများနှင့် မြန်မာနောက်ခံစကားပြော ဇာတ်လမ်းတွဲများကိုလည်း အွန်လိုင်းမှ တိုက်ရိုက်ကြည့်ရှုနိုင်မည်ဖြစ်ကြောင်းနှင့် ယင်း Website ကို ကွန်ပျူတာနှင့်သာမက မိုဘိုင်းဖုန်းများဖြင့်လည်း ကြည့်ရှုနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

ရုရှားနိုင်ငံမော်စကိုမြို့၌ မြန်မာထေရဝါဒဗုဒ္ဓစင်တာ ဖွင့်လှစ်မည်

နေပြည်တော် မေ ၂၃

ရုရှားနိုင်ငံ မော်စကိုမြို့၌ မြန်မာထေရဝါဒဗုဒ္ဓစင်တာ (မော်စကို)ကို ဇူလိုင် ၁ ရက် (ဝါဆိုလပြည့်နေ့)တွင် ကျောင်းရေစက်ချပွဲအလျှတော်မင်္ဂလာပြုလုပ်မည်ဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ ဗုဒ္ဓစင်တာ၏ မတည်အလျှုရှင်များမှာ သီတဂူဆရာတော်ကြီး ဒေါက်တာအရှင်ဉာဏိသရ၊ ဓမ္မဒူတ ဆရာတော် ဒေါက်တာအရှင်ဆေကိန္ဒ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် ဇနီးတို့ အမျှားပြုသော တပ်မတော်(ကြည်း)၊ (ရေ)၊ (လေ) မိသားစုများ၊ ရုရှားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးတင်ယုနှင့် ဇနီး အမျှားပြုသော မြန်မာပညာတော်သင် သင်တန်းသားများနှင့် အနယ်နယ်အရပ်ရပ်မှ အလျှုရှင်များ ဖြစ်ကြသည်။

ဗုဒ္ဓစင်တာကို ၂၀၁၃ ခုနှစ် စက်တင်ဘာလမှ စတင်၍ ရုရှားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးစီး၍ ကျောင်းတိုက်ဖြစ်မြောက်ရေး အကျိုးတော်ဆောင်များနှင့် တည်ထောင်ဆောက်လုပ်ခဲ့ခြင်း ဖြစ်ပြီး ကျောင်းရေစက်ချပွဲ အလျှုတော်မင်္ဂလာအခမ်းအနားသို့ မြန်မာနိုင်ငံမှ သီတဂူဆရာတော်ကြီး အမျှားပြုသော ဆရာတော် သံဃာတော် (၈) ပါး၊ အမေရိကန်နိုင်ငံ၊ အင်္ဂလန်နိုင်ငံ၊ ဂျာမနီနိုင်ငံတို့မှ သံဃာတစ်ပါးစီ၊ စင်ကာပူနိုင်ငံမှ သီလရှင်ဆရာကြီး တစ်ပါး၊ ရုရှားနိုင်ငံရှိ ထေရဝါဒ ဗုဒ္ဓဘာသာဝင် သံဃာတော်များ၊ မဟာယာန ဗုဒ္ဓအဖွဲ့အစည်းများမှ ရဟန်းသံဃာများ၊ လူပုဂ္ဂိုလ်များ တက်ရောက်ကြမည်ဖြစ်ကြောင်း သိရသည်။

လျှုဒါန်းနိုင်သည့် ပစ္စည်းနှင့် စေးနှန်းများမှာ ကျောင်းထိုင်သာသနာပြုမည့် သံဃာများနှင့် ကျောင်းတိုက်ကြီး ရေရှည်တည်တံ့ရန်အတွက် ထာဝရ ငွေပဒေသာပင်တစ်ခုလျှင် အမေရိကန်ဒေါ်လာ ၅၀ နှုန်းဖြင့် ငွေပဒေသာပင် ၂၀၀၊ ပေ ၂၀ × ၁၅ ပေ အရွယ်ရှိ ကြိုဆိုညှဲ့ခံရေး ကျောင်းတိုက်ငယ် တည်ဆောက်ခြင်းအတွက် အမေရိကန်ဒေါ်လာ နှစ်သောင်း၊ ရေပိုက်စနစ်၊ မိလ္လာကန်စနစ်များ တည်ဆောက်ခြင်းတို့အတွက် အမေရိကန်ဒေါ်လာ ၁၀၀၀၀ တို့အပါအဝင် စေတနာရှင် အလျှုရှင်များ သဒ္ဓါတရားရှိသ၍ ပါဝင်လျှုဒါန်းနိုင်ကြောင်း သိရသည်။

မြန်မာထေရဝါဒ ဗုဒ္ဓစင်တာ (မော်စကို) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လိုသူများနှင့် ဆက်လက် ပြုပြင်တည်ဆောက်လျက်ရှိသည့် အဆောက်အအုံများအတွက် ပါဝင်လျှုဒါန်းလိုပါက ဦးဆန်းမင်းနိုင် (ပြင်ဦးလွင်) ဖုန်း-၀၉၃၀၁၂၅၁၇ သို့ လည်းကောင်း၊ ဦးကျော်ဇော်ရဲ (ရုရှားနိုင်ငံ) ဖုန်း - + ၇၉၀၉၉၄၂၂ ၇၉၆၊ Kyawzawye85@gmail.com၊ ကျော်မြတ်သူ (ရုရှားနိုင်ငံ) ဖုန်း - + ၇၉၂၉၉၆၉၃၀၈၄ နှင့် အခြားနီးစပ်ရာ သင်တန်းသားများထံ ဆက်သွယ်လျှုဒါန်းနိုင်ကြောင်း ရုရှားနိုင်ငံရှိ မြန်မာထေရဝါဒဗုဒ္ဓစင်တာ (မော်စကို) ဖြစ်မြောက်ရေးကော်မတီမှ သတင်းရရှိသည်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်

ပုံနှိပ်ထုတ်ဝေသူလုပ်ငန်းရှင်များမှ စာအုပ်စာစောင်များနှင့် Electronic Document များ ပေးအပ်ကြရေး အသိပေးကြေညာချက်

စာအုပ်စာစောင်ပုံနှိပ်ထုတ်ဝေသူလုပ်ငန်းရှင်များသည် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေ ၁၅၊ နည်းဥပဒေခွဲ(က)အရ မိမိတို့ ထုတ်ဝေသော စာအုပ်စာစောင် ၄ အုပ် သို့မဟုတ် ၄ စောင်နှင့် Electronic Document တို့အား ပြန်ကြားရေးဝန်ကြီးဌာနသို့ အဖိုးအခလွတ်ပေးအပ်ရမည်ဖြစ်ပါသည်။ သို့ရာတွင် ပုံနှိပ်ထုတ်ဝေရေး လုပ်ငန်းရှင်များက စာအုပ်အရောင်းဆိုင်များသို့ ပေးပို့ထားသောစာအုပ်စာရင်းနှင့် ပြန်ကြားရေးဝန်ကြီးဌာန၊ မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲသို့ လာရောက်ပေးအပ်သော စာအုပ်စာရင်းတို့ကို တိုက်ဆိုင်စစ်ဆေးရာတွင်(၁၄-၅-၂၀၁၅) ရက်နေ့အထိ အသစ်ထွက်ရှိသောစာအုပ် ၂၃၃ အုပ်အနက် ပြန်ကြားရေးဝန်ကြီးဌာနသို့ ပေးအပ်သောစာအုပ် ၁၃၉ အုပ်သာရှိသဖြင့် ၁၃၄ အုပ်မှာ လာရောက်ပေးအပ်ခြင်းမရှိကြောင်း တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ပုံနှိပ်ထုတ်ဝေရေးလုပ်ငန်းရှင်များသည် မိမိတို့ပေးအပ်ရန်ကျန်ရှိသော စာအုပ်စာစောင်များနှင့် Electronic Document များကို သက်ဆိုင်ရာဌာနသို့(၁၅-၆-၂၀၁၅) ရက်နေ့ နောက်ဆုံးထား၍ လာရောက်ပေးအပ်ကြပါရန်နှင့် ပေးအပ်ရန်ပျက်ကွက်ပါက ဥပဒေအရအရေးယူ ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

နေပြည်တော်စျေးခုံလုပ်ငန်း ရှင်းလင်းဆွေးနွေး

နေပြည်တော် မေ ၂၃

နေပြည်တော်စည်ပင်သာယာရေးကော်မတီ တိရစ္ဆာန်ဆေးကုနှင့် သားသတ်ရုံများဌာန အနေဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် အမဲ၊ ဆိတ်၊ ဝက် စျေးခုံရောင်းချခွင့်ရရှိသော လုပ်ငန်းရှင်များကို တွေ့ဆုံပြီး လုပ်ငန်းဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲကို နေပြည်တော်စည်ပင်သာယာရေးကော်မတီ တိရစ္ဆာန်ဆေးကုနှင့် သားသတ်ရုံများဌာန အစည်းအဝေးခန်းမ၌ မေ ၂၄ ရက်က ကျင်းပသည်။

ယင်းတွေ့ဆုံပွဲတွင် တိရစ္ဆာန်ဆေးကုနှင့် သားသတ်ရုံများဌာန ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်) ဒေါက်တာရဲထွဋ်ရှိက အဖွင့်အမှာစကား ပြောကြားပြီး ညွှန်ကြားရေးမှူး ဒေါက်တာနိုင်စိုးလှက (အမဲ၊ ဆိတ်၊ ဝက်) စျေးခုံများနှင့်ပတ်သက်သော စည်းကမ်းချက်များကို ဖတ်ကြားပြီး တက်ရောက်လာသူများက ဝိုင်းဝန်းဆွေးနွေးတင်ပြသည်။

ယင်းနောက် ဒေါက်တာရဲထွဋ်က (အမဲ၊ ဆိတ်၊ ဝက်) စျေးခုံများနှင့် ပတ်သက်၍ ဆောင်ရန်၊ ရှောင်ရန်များကို မှာကြားခဲ့ကြောင်း သိရသည်။

(၁၀၇)

ကျောင်းအပ်နံရေးအခမ်းအနား ကျင်းပ

မူဆယ် မေ ၂၃

၂၀၁၅-၂၀၁၆ ပညာသင်နှစ် ကျောင်းအပ်နံရေး အခမ်းအနားကို မူဆယ်မြို့ အမှတ်(၃)အထက်တန်းကျောင်း၌ မေ ၂၅ ရက် နံနက် ၉ နာရီက ကျင်းပသည်။

ရှမ်းပြည်နယ်အစိုးရမှ အခမဲ့ပေးအပ်သည့် ဗလာစာအုပ်များကို ခရိုင်အုပ်ချုပ်ရေးမှူးကလည်းကောင်း၊ ပညာရေးဝန်ကြီးဌာနမှ ပေးအပ်သည့် မူလတန်းအဆင့်မှ အထက်တန်းအဆင့်ထိ ကျောင်းသုံးဖတ်စာအုပ်များအား ခရိုင်ပညာရေးမှူးကလည်းကောင်း၊ ပညာရေးဝန်ကြီးဌာနမှ မူလတန်းအဆင့် ကျောင်းဝတ်စုံများကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုဇော်ကလည်းကောင်း ကျောင်းသား ကျောင်းသူများအား အသီးသီး ပေးအပ်ခဲ့သည်။

ဆက်လက်၍ ခရိုင်နှင့်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းမှ အထက(၃)စာကြည့်တိုက် အတွက် အလျှုဌေကျပ် တစ်သိန်း၊ အထက(၁) ကျောင်းအကျိုးတော် ဆောင်နှင့် အလျှုရှင်များက ကျောင်းအတွက် တစ်ယောက်ထိုင်ခုံ အလုံး ၆၀အတွက် ဌေကျပ် ၁၅ သိန်း၊ အထက(၂) ကျောင်းအကျိုးတော် ဆောင်နှင့် အလျှုရှင်များက ကျောင်းအတွက် ထိုင်ခုံအလုံး ၆၀ အတွက် ဌေကျပ် ၁၅ သိန်းတို့ကို ပေးအပ်လျှုဒါန်းရာ သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများက လက်ခံရယူခဲ့ကြောင်း သိရသည်။ (ဝ၁၁၂)

၂၀၁၅ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေအရ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းအပါအဝင် သတင်းအချက်အလက်နှင့် နည်းပညာဝန်ဆောင်မှုလုပ်ငန်းများမှ ဝန်ဆောင်မှုရငွေအပေါ် ကုန်သွယ်လုပ်ငန်းခွန်ကျသင့်မှုဖြစ်

ဦးဝင်းရှိန်

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းဦး၏ ပြည်ထောင်စုလွှတ်တော်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တိုက်တွန်းကြောင်း အဆိုနှင့် ပတ်သက်၍ ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ပြည်ထောင်စုလွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်းအား ဖော်ပြအပ်ပါသည်။

လေးစားအပ်ပါသော ပြည်ထောင်စုလွှတ်တော်နာယကကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်များ အားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပြီး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းဦး၏ နိုင်ငံတော်အတွင်း မိုဘိုင်းဖုန်းသုံးစွဲသူ အများပြည်သူတို့၏ ဖုန်းခေါ်ဆိုခကြေတင်ထည့်သွင်းငွေများထဲက ကုန်သွယ်လုပ်ငန်းခွန် ၅ ရာခိုင်နှုန်း ဖြတ်တောက်ကောက်ခံမည့်ကိစ္စကို ၂၀၁၅-၂၀၁۶ ဘဏ္ဍာရေးနှစ်အတွင်း ကင်းလွတ်ခွင့်ပြုနိုင်ရန် တည်ဆဲ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်ထောင်စုလွှတ်တော်သို့ အမြန်ဆုံးတင်သွင်း အတည်ပြုပေးနိုင်ပါရန် ပြည်ထောင်စုလွှတ်တော်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တိုက်တွန်းကြောင်း အဆိုနှင့်စပ်လျဉ်း၍ ကျွန်တော်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဝင်းရှိန်က ရှင်းလင်းဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဒီကနေ့ ကျွန်တော်လာရောက် ရှင်းလင်းတဲ့ဖြစ်စဉ်ဖြစ်ရပ်နဲ့ ပတ်သက်တဲ့အကြောင်းအရာ အချက်အလက်များကို နာယကကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များနဲ့ ပြည်သူတစ်ရပ်လုံးပါသိရှိအောင် ရှင်းလင်းတင်ပြမှာဖြစ်ပါတယ်။ ယခုလို ရှင်းလင်းတင်ပြခွင့်ရတဲ့အတွက် ကျွန်တော့်အနေနဲ့ ကျေးဇူးတင်ဝမ်းမြောက်မိကြောင်းလည်း ပြောကြားလိုပါတယ်။ ယခုရှင်းလင်းမယ့် အကြောင်းအရာကိစ္စမှာ ကျွန်တော့်အနေနဲ့ အခွန်ကောက်ခံမှုတစ်ခုတည်းကိုသာမကြည့်ဘဲ ဒီဖြစ်ရပ်ဖြစ်ပေါ်တဲ့ အခြေခံအကြောင်းရင်းခံ၊ ဆက်စပ်ပတ်သက်တဲ့ အကြောင်းအချက်အလက် စတာတွေ အပါအဝင် ကိုယ်စားလှယ်တော်ကြီးများနှင့် ပြည်သူလူထု အားလုံးသိသင့်တဲ့ အကြောင်းအချက်များကို ပြည့်ပြည့်စုံစုံ ရှင်းလင်းတင်ပြမှာ ဖြစ်ပါတယ်။ ရှင်းလင်းတင်ပြပြီးတဲ့အခါ လွှတ်တော်ကိုယ်စားလှယ်ကြီးများရဲ့ ဆုံးဖြတ်ချက်ကို ခံယူမှာဖြစ်ပါတယ်။

နိုင်ငံတော်၏အုပ်ချုပ်မှုအာဏာကို နိုင်ငံတော်အစိုးရသို့ ပြည်သူတို့က အပ်နှင်းထားခြင်းဖြစ်ပြီး နိုင်ငံတော်အစိုးရဟာလည်း ပြည်သူတို့ကရွေးချယ် တာဝန်ပေးအပ်ထားသော အစိုးရဖြစ်ပါတယ်။ သို့ဖြစ်၍ ပြည်သူကို ဗဟိုပြုသော၊ ပြည်သူ့အကျိုးကို ဦးထိပ်ထားသော အစိုးရဖြစ်ရန် အစိုးရသက်တမ်း ကာလတစ်လျှောက် နေ့စဉ်နဲ့ အမျှကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ ကောက်ခံရရှိသော အခွန်အခရငွေများ အားလုံးကိုလည်း ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ပြည်သူ့အကျိုး၊ ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းများအတွက် အုပ်ချုပ်မှုယန္တရားလည်ပတ်မှု အသုံးစရိတ်နှင့် ရင်းနှီးမြှုပ်နှံမှု အသုံးစရိတ်များကို ဥပဒေနှင့်အညီ ပြန်လည်သုံးစွဲ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အခွန်အကောက်မူဝါဒကို ချမှတ်၍ အခွန်အကောက်များ ကောက်ခံရာတွင် အချို့သော အခွန်အခဆိုင်ရာ ကိစ္စရပ်များမှာ ပြည်သူတစ်ရပ်လုံးနှင့်သက်ဆိုင်ပြီး ပြည်သူ့ကိုယ်တိုင်သိမြင်နားလည်၍ ပေးဆောင်လိုစိတ်ရှိစွာဖြင့် ပေးဆောင်လာရန် ကြိုးပမ်းရမှာဖြစ်သည်ကို သက်ဆိုင်သူ အားလုံးက သတိပြုဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ အစိုးရ၏ အခွန်အကောက်ဆိုင်ရာ အစပျိုးဆောင်ရွက်ချက်တစ်ခုသည် ပြည်သူ့ဘက်ကခံစားရသည့် ဆန္ဒနှင့်ထပ်တူမဖြစ်ပါက နိုင်ငံတော်က ဆောင်ရွက်ရသည့် အနေအထားနဲ့ ပြည်သူတို့၏ ဆန္ဒသဘောထား တို့ပြန်မှတို့အပေါ် သက်ဆိုင်ရာ ဥပဒေပြုရေးအပိုင်း၊ အုပ်ချုပ်ရေးအပိုင်းတို့မှ တာဝန်ရှိသူများအနေဖြင့် ဆောင်ရွက်သင့်သည့် အခြေအနေကို ပွင့်ပွင့်လင်းလင်း ညှိနှိုင်းဆွေးနွေးဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

ယခုကိစ္စ ဖြစ်ပေါ်လာရသည့် နောက်ခံအခြေအနေကို ရှင်းလင်းတင်ပြလိုပါတယ်။ ၂၀၁၅ ခုနှစ် မေ ၁၈ ရက်တွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနနှင့် ဆက်သွယ်ရေးဝန်ဆောင်မှု ကုမ္ပဏီများက သတင်းစာရှင်းလင်းပွဲတစ်ခု ကျင်းပပြုလုပ်ခဲ့ပြီး လာမည့်ဇွန် ၁ ရက်မှစတင်၍ တယ်လီဖုန်းခေါ်ဆိုခြင်း ဝန်ဆောင်မှုအတွက် သုံးစွဲသူအားလုံး၏ ဖုန်းခေါ်ဆိုခကြေတင် ထည့်သွင်းငွေများထဲမှ ကုန်သွယ်လုပ်ငန်းခွန် ၅ ရာခိုင်နှုန်းကို ပေးဆောင်ရန် လိုအပ်ကြောင်း ရှင်းလင်းသတင်းထုတ်ပြန်ခဲ့ပါတယ်။ ဒီလိုရှင်းလင်းသတင်းထုတ်ပြန်ခြင်းမှာ ပြဋ္ဌာန်းထားသည့် အခွန်ဥပဒေနှင့်အညီ ဆက်သွယ်ရေးအော်ပရေတာများအနေဖြင့် နိုင်ငံတကာဆက်သွယ်ရေးဝန်ဆောင်မှု ကုမ္ပဏီများဖြစ်သည့် အားလျော်စွာ ကျသင့်အခွန်များ အတိအကျ ပေးဆောင်လိုခြင်း၊ တယ်လီဖုန်းသုံးစွဲသူ ပြည်သူများသို့ အသိပေးရန် လိုအပ်ခြင်းတို့ကြောင့် ဖြစ်ပါတယ်။ ထိုသို့ ရှင်းလင်းသတင်းထုတ်ပြန်ချိန်မှစ၍ ပြည်သူများအကြား သတင်းပျံ့နှံ့သွားပြီး အမျိုးမျိုးဝေဖန်ပြောဆိုကြရာမှတစ်ဆင့် ယခုကဲ့သို့ လွှတ်တော်တွင် အရေးကြီးအဆို တင်သွင်းသည့် အဆင့်အထိ ရောက်ရှိလာခဲ့ခြင်းဖြစ်ပါကြောင်း တွေ့ရှိရပါတယ်။

အဆိုနဲ့ပတ်သက်ပြီး ကျွန်တော့်အနေဖြင့် ယနေ့ ပြည်ထောင်စုလွှတ်တော်သို့ ရှင်းလင်းတင်ပြရာတွင် ပြည်သူ့ဆန္ဒ၊ ပြည်သူ့အသံကို မျက်ကွယ်ပြု၍သော်လည်းကောင်း၊ လွတ်တော်ကိုယ်စားလှယ်ကြီးများ၏ ဆန္ဒသဘောထားအမြင်များကို ဆန့်ကျင်၍သော်လည်းကောင်း ဆွေးနွေးတင်ပြခြင်းမဟုတ်ဘဲ ပြဋ္ဌာန်းဥပဒေနှင့်အညီ ဆောင်ရွက်သည့် အခြေအနေနှင့်နိုင်ငံတကာကျင့်သုံးသည့် နည်းလမ်းများနှင့်အညီ ကျင့်သုံးဆောင်ရွက်မှု အခြေအနေတို့ကို တင်ပြမှာဖြစ်ပါတယ်။ ထို့အပြင် အခွန်ထမ်း ပြည်သူများက သွယ်ဝိုက်ခွန်၏ သဘောသဘာဝနှင့် အခွန်ကောက်ခံရခြင်းတို့အပေါ် သိမြင်နားလည်မှုများ ပိုမိုရရှိလာစေရန်နှင့် နိုင်ငံတော်က ဆောင်ရွက်လျက်ရှိသည့် အခွန်မူဝါဒဆိုင်ရာများကို ရှင်းလင်းတင်ပြမှာဖြစ်ပါတယ်။

ဤကိစ္စအပေါ် ပြန်လည်သုံးသပ်သည့်အခါ ကျွန်တော်တို့ နိုင်ငံတွင် ပြည်သူများအနေဖြင့် သွယ်ဝိုက်ခွန်ဖြစ်သည့် ကုန်သွယ်လုပ်ငန်းခွန်၏ သဘောသဘာဝအပေါ် ရင်းနှီးကျွမ်းဝင်မှုမရှိသေးသဖြင့် ကုန်သွယ်လုပ်ငန်းခွန်ကောက်ခံခြင်းအပေါ်မှာ ယူဆချက်အမျိုးမျိုးပေါ် ပေါက်ပြီး ယခုကဲ့သို့ ဖြစ်ပေါ် ရခြင်းပဲဖြစ်ပါတယ်။ ဒီလိုဖြစ်ရခြင်းဟာလည်း အခွန်ဆိုင်ရာပညာပေးမှုများ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ရန် လိုအပ်နေသေးတယ်ဆိုတာကို မီးမောင်းထိုးပြနေတာ ဖြစ်တယ်လို့ခံယူပါတယ်။ နိုင်ငံတကာမှာ ကျောင်းပညာ သင်ကြားချိန်ကပင် အခွန်နှင့်ပတ်သက်သည်များကို ဘာသာရပ်အနေဖြင့် သင်ကြားပေးသည်များကို လေ့လာသိရှိရပါတယ်။ ယခုအချိန်တွင် မြန်မာနိုင်ငံအနေဖြင့် အခွန်ဆိုင်ရာပြုပြင်ပြောင်းလဲမှုများကို စတင်လုပ်ဆောင်နေချိန်ဖြစ်တဲ့အတွက် အခွန်ဆိုင်ရာကိစ္စရပ်များတွင် ယခုကဲ့သို့ အပြန်ပြန်အလှန်လှန်ထည့်သွင်းစဉ်းစားပြီး ပြုပြင်ပြောင်းလဲမှုများကို ဖော်ဆောင်သွားရမှာ ဖြစ်ပါကြောင်း တင်ပြလိုပါတယ်။

အခွန်အကောက်စနစ်များတွင် တိုက်ရိုက်ခွန်နဲ့ သွယ်ဝိုက်ခွန်ဆိုတဲ့ အခွန်အမျိုးအစား နှစ်မျိုးကို တွေ့ရှိရပါတယ်။ တိုက်ရိုက်ခွန်တွင် ကျသင့်အခွန်ကို အခွန်ထမ်းမှ ပေးဆောင်ရခြင်းဖြစ်ပြီး မြန်မာနိုင်ငံ၏ အခွန်စနစ်တွင် တိုက်ရိုက်ခွန်အဖြစ် ဝင်ငွေခွန်ကိုကောက်ခံပါတယ်။ ဝင်ငွေခွန်သည် လစာ၊ အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်း၊ အိမ်မြေအဆောက်အအုံငှားရမ်းခြင်းလုပ်ငန်း၊ စီးပွားရေးလုပ်ငန်းစသည်တို့မှရရှိသည့် ဝင်ငွေ၊ အခြေပစ္စည်းမှ မြတ်စွန်းငွေ၊ စည်းကြပ်မှုမှ လွတ်ကင်းနေသည့် ဝင်ငွေစသည့် ဝင်ငွေနှင့် ပိုင်ဆိုင်မှုအပေါ် ကောက်ခံသည့် အခွန်အမျိုးအစား ဖြစ်ပါတယ်။ သွယ်ဝိုက်ခွန်တွင် ကျသင့်အခွန်ကို ဝယ်ယူသူ၊ စားသုံးသူ၊ ဝန်ဆောင်မှုကိုရယူသူက ပေးဆောင်ရတာ ဖြစ်ပါတယ်။ တစ်နည်းပြောရရင် End user အနေနဲ့ အခွန်တာဝန်ကို ထမ်းဆောင်ရတာ ဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံတွင် သွယ်ဝိုက်ခွန်အဖြစ် နိုင်ငံတကာမှာ ကျင့်သုံးတဲ့ တန်ဖိုးဖြည့်ခွန် (Value Added Tax-VAT)၊ ကုန်စည်နှင့် ဝန်ဆောင်မှုခွန် (Goods and Services Tax-GST)၊ စားသုံးမှုခွန် (Consumption Tax)၊ ရောင်းခွန်(Sale Tax) ဆိုတဲ့ အခွန်အမျိုးအစားများနဲ့ သဘောသဘာဝတူညီတဲ့ ကုန်သွယ်လုပ်ငန်းခွန်ကို ကောက်ခံလျက်ရှိပါတယ်။ နိုင်ငံအများစုတွင် ယခုအခါ တန်ဖိုးဖြည့်ခွန် (VAT) ကို အခြေပြုပြီး အခွန်စနစ်တစ်ရပ်လုံးအား တည်ဆောက်ရပ်တည်ထားသည်ကို တွေ့ရှိရပါတယ်။ မြန်မာနိုင်ငံ၏ အခွန်စနစ်ပြုပြင်ပြောင်းလဲရေးအတွက် လက်ရှိ အခွန်စနစ်၏ ကျဉ်းမြောင်းသော အခြေခံအား ကျယ်ပြန့်သော အခွန်အခြေခံဖြစ်စေရေးဆောင်ရွက်ရန် လိုအပ်ပါတယ်။ အခွန်နှုန်းထားများကို သင့်တင့်စွာ သတ်မှတ်ပေးနိုင်ရေးအတွက် အခွန်အခြေခံ ကျယ်ပြန့်လာသည်နဲ့အမျှ ပိုမိုဆောင်ရွက်ပေးနိုင်မှာ ဖြစ်ပါတယ်။ ပွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် အခွန်ဆိုင်ရာ ပြုပြင်ပြောင်းလဲမှု ဆောင်ရွက်ချက်အဖြစ် အခွန်စည်းကြပ်ရန် လွယ်ကူသော၊ ပဂ္ဂလဓိဌာန် အစွဲကင်းသော၊ ဆင်းရဲချမ်းသာမရွေးမျက်နှာမလိုက် ဆောင်ရွက်နိုင်သော အခွန်အမျိုးအစားဖြစ်သည့် တန်ဖိုးဖြည့်ခွန်ကို အလေးထားဆောင်ရွက်လျက် ရှိတာကိုလည်း လေ့လာတွေ့ရှိရပါတယ်။

သွယ်ဝိုက်ခွန်ဖြစ်တဲ့ ကုန်သွယ်လုပ်ငန်းခွန်နဲ့ ပတ်သက်ပြီး ရှင်းလင်းတင်ပြရရင် ဥပဒေအမည်မှာ ကုန်သွယ်လုပ်ငန်းခွန်(Commercial Tax) ဟု ခေါ်ဆိုထားသော်လည်း ကုန်သွယ်မှု (Trading) တစ်ခုတည်းအပေါ် တွင်သာ ကောက်ခံခြင်းမဟုတ်ဘဲ စီးပွားရေးလုပ်ငန်းများ (Commerce) ဆိုသည့် စကားရပ်မှ ဆင်းသက်လာသည်နဲ့အညီ ပြည်ပမှ ကုန်စည်တင်သွင်းမှု၊ ကုန်စည်ထုတ်လုပ်ရောင်းချမှု၊ ကုန်သွယ်မှုတို့အပြင် ဝန်ဆောင်မှုဆောင်ရွက်ခြင်းတို့အပေါ်တွင်လည်း ကောက်ခံခြင်းဖြစ်ပါတယ်။ ဒီလိုကောက်ခံတဲ့ နေရာမှာ ဆင်းရဲချမ်းသာ၊ လူမျိုးဘာသာ၊ အသက်အပိုင်းအခြားတို့အပေါ် မူတည်ကောက်ခံခြင်းမျိုး မဟုတ်ဘဲ စားသုံးမှု၊ ဝန်ဆောင်မှုရယူမှုအလိုက် ကောက်ခံခြင်း ဖြစ်ပါတယ်။ ပြည်သူပြည်သားများ၏ ကျန်းမာရေးနဲ့ အကျင့်စာရိတ္တကို ထိခိုက်နိုင်သည့် ကုန်ပစ္စည်းများဖြစ်ပါက မြင့်မားသော အခွန်ရာခိုင်နှုန်းဖြင့် ကောက်ခံရပါတယ်။ ဥပမာအားဖြင့် ဆင်းရဲချမ်းသာ မည်သူမဆို စီးကရက်ဝယ်ယူသောက်သုံးပါက အဆိုပါသောက်သုံးသူသည် End User ဖြစ်သဖြင့် စီးကရက်ကုန်စည်ထုတ်လုပ်မှု/တင်သွင်းမှုအတွက် သတ်မှတ်အခွန်နှုန်းဖြစ်သည့် ကုန်သွယ်လုပ်ငန်းခွန် ၁၂၀ ရာခိုင်နှုန်းနှင့် ကုန်စည်စီးဆင်းမှုတစ်လျှောက် ကျသင့် ကုန်သွယ်လုပ်ငန်းခွန်များကို ထမ်းဆောင်ရသူ ဖြစ်ပါတယ်။ ဝယ်ယူသည့် စီးကရက်တန်ဖိုးတွင်လည်း အဆိုပါ ကျသင့်အခွန်များပါဝင်ပြီး ဖြစ်ပါတယ်။ အလားတူ အရက်၊ ဘီယာဝယ်ယူသောက်သုံးပါက သောက်သုံးသူသည် အဆိုပါ ကုန်စည်အမျိုးအစားများ ထုတ်လုပ်မှု/တင်သွင်းမှုအတွက် သတ်မှတ်အခွန်နှုန်းဖြစ်သည့် ကုန်သွယ်လုပ်ငန်းခွန် ၆၀ ရာခိုင်နှုန်းနှင့် ကုန်စည်စီးဆင်းမှုတစ်လျှောက် ကျသင့်ခဲ့သည့် ကုန်သွယ်လုပ်ငန်းခွန်များကို ထမ်းဆောင်ရသူ ဖြစ်ပါတယ်။ ဝယ်ယူသည့် အရက်၊ ဘီယာတန်ဖိုးတွင်လည်း ကျသင့်အခွန်များ ပါဝင်ပြီးဖြစ်ပါတယ်။ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေနှင့် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေတို့တွင် ကင်းလွတ်ခွင့်ပြုထားသည့် ကုန်စည်နှင့်ဝန်ဆောင်မှုလုပ်ငန်းများမှအပ ကျန်လုပ်ငန်းများ အားလုံးအနေနဲ့ ကုန်သွယ်လုပ်ငန်းခွန်ပေးဆောင်ကြရမှာဖြစ်ပါတယ်။ သို့ဖြစ်ရာ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းအပေါ်တွင်သာ ကုန်သွယ်လုပ်ငန်းခွန် ကောက်ခံခြင်းမဟုတ်ဘဲ ဓာတ်ဆီ၊ စက်ဆီဝယ်ယူမှု၊ Super Market တွင် ကုန်စည်ဝယ်ယူမှု၊ စားသောက်ဆိုင်တွင် စားသုံးမှု၊ လျှပ်စစ်ဓာတ်အား သုံးစွဲမှုစသည်တို့အတွက် စားသုံးသူ၊ ဝန်ဆောင်မှု ရယူသူများအနေဖြင့် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်ကို ပေးဆောင်နေကြရတာ ဖြစ်ပါတယ်။ အဆိုပါ စားသုံးသူ၊ ဝယ်ယူသူများပေးဆောင်ရမည့် အခွန်ကို ကုန်ပစ္စည်း ထုတ်လုပ်သူ၊ ကုန်သွယ်မှု ဆောင်ရွက်သူ၊ ဝန်ဆောင်မှု ဆောင်ရွက်သူများက ပြည်တွင်းအခွန်များဦးစီးဌာနကိုယ်စား Tax Agent များအဖြစ် ရောင်းရင်း၊ ဝန်ဆောင်မှု ရငွေများနှင့်အတူ တစ်ပါတည်း ကောက်ခံပြီး ပြည်တွင်းအခွန်များဦးစီးဌာနမှတစ်ဆင့် နိုင်ငံတော်သို့ ပေးသွင်းရတာဖြစ်ပါတယ်။

အဆိုပါ စားသုံးသူများ၊ ဝန်ဆောင်မှု ရယူသူများမှ ပေးဆောင်သည့် ကုန်သွယ်လုပ်ငန်းခွန်များကို နိုင်ငံတော်မှ အပြည့်အဝ ရရှိစေရေးအတွက် ပြည်တွင်းအခွန်များ ဦးစီးဌာနအနေဖြင့် အရက်၊ စီးကရက်များအပေါ် အခွန်အမှတ်တံဆိပ်များ ကပ်နှိပ်ရောင်းချစေခြင်း၊ စားသောက်ဆိုင်၊ ဟိုတယ်၊ တည်းခိုခန်းလုပ်ငန်းများတွင် ထုတ်ပေးသည့် ငွေရပြေစာများ၌ အခွန်အမှတ်တံဆိပ်ကပ်နှိပ်ထုတ်ပေးစေခြင်းများကို စည်းမျဉ်း၊ နည်းဥပဒေများနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိတာကို တွေ့ရမှာဖြစ်ပါတယ်။ အနာဂတ်တွင် နိုင်ငံတကာ၌ ကျင့်သုံးလျက်ရှိသော IT နည်းပညာများ အသုံးပြုကာ ရသင့်ရထိုက်သည့် ကုန်သွယ်လုပ်ငန်းခွန်များ အပြည့်အဝ ရရှိစေရေးအတွက် စီမံဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ဆက်လက်၍ ဝန်ဆောင်မှုလုပ်ငန်းများအပေါ် ကုန်သွယ်လုပ်ငန်းခွန်ကောက်ခံခြင်းနှင့် ပတ်သက်ပြီး ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ကုန်သွယ်လုပ်ငန်းခွန် ဥပဒေကို ၁၉၉၀ ခုနှစ်တွင် စတင်ပြဋ္ဌာန်းခဲ့ပါတယ်။ ပြဋ္ဌာန်းစဉ်က ဝန်ဆောင်မှုလုပ်ငန်း ငါးမျိုးအတွက်သာ ကုန်သွယ်လုပ်ငန်းခွန်ကျသင့်စေခဲ့ရာမှ တဖြည်းဖြည်းထပ်မံတိုးချဲ့ခဲ့ရာ ၂၀၁၂ ခုနှစ်တွင် ဝန်ဆောင်မှု (၁၄)မျိုးအား အခွန်ကျသင့်သည့် ဝန်ဆောင်မှု (Positive List)အဖြစ် သတ်မှတ်ပြီး ကုန်သွယ်လုပ်ငန်းခွန် ၅ ရာခိုင်နှုန်းကောက်ခံခဲ့ပါတယ်။ ကမ္ဘာ့နိုင်ငံအသီးသီး၏ သွယ်ဝိုက်ခွန်ဥပဒေများတွင် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်း၊ ပညာရေးဝန်ဆောင်မှုလုပ်ငန်း၊ ဘဏ်လုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းစသည့် ဝန်ဆောင်မှုလုပ်ငန်း သုံးမျိုးခန့်ကိုသာ အခွန်မကျသင့်သည့် ဝန်ဆောင်မှုများအဖြစ် (Negative List) သတ်မှတ်ပြီး ကျန်ဝန်ဆောင်မှု လုပ်ငန်းများအပေါ် အခွန်ကောက်ခံသည့်ပုံစံမျိုးဖြင့် ဆောင်ရွက်ကြတာကို တွေ့ရပါတယ်။ သို့ဖြစ်၍ အစိုးရသစ်လက်ထက် အခွန်ဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ခဲ့ရာတွင် နိုင်ငံတကာ အခွန်ဆိုင်ရာ ကျွမ်းကျင်သူများ၏ အကြံပြုချက်များအရ ၂၀၁၄ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေတွင် အခွန်မကျသင့်သည့် ဝန်ဆောင်မှုလုပ်ငန်းများ (Negative List) မှအပ ကျန်ဝန်ဆောင်မှုလုပ်ငန်းများအပေါ် ကုန်သွယ်လုပ်ငန်းခွန် ၅ ရာခိုင်နှုန်းကျသင့်စေရမည်ဟု ပြောင်းလဲပြဋ္ဌာန်းခဲ့ပါတယ်။ ထိုသို့ ပြဋ္ဌာန်းချက်သည် အခွန်မကျသင့်သည့် ဝန်ဆောင်မှုလုပ်ငန်းများ (Negative List)မှအပ ဆက်သွယ်ရေးဝန်ဆောင်မှုအပါအဝင်ဖြစ်သည့် ကျန်ဝန်ဆောင်မှုလုပ်ငန်းများအပေါ် လွှမ်းခြုံအခွန်ကျသင့်စေသည့် ပြဋ္ဌာန်းချက်ပင်ဖြစ်ပါတယ်။

၂၀၁၄ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကို ပြဋ္ဌာန်းနိုင်ရေး ပြည်ထောင်စုအစိုးရအဖွဲ့မှ ပြည်ထောင်စုလွှတ်တော်သို့ ဥပဒေကြမ်းတင်သွင်းစဉ်က နိုင်ငံတကာတွင် ကျင့်သုံးနေသော တန်ဖိုးဖြည့်အခွန်စနစ်များတွင် ကင်းလွတ်ခွင့်ပြုသည့် ဝန်ဆောင်မှု အမျိုးအစားများကို အခြေခံ၍ ထပ်မံခွင့်ပြုပေးသင့်သည့် ဝန်ဆောင်မှု အမျိုးအစားများပါ ထည့်သွင်းစဉ်းစားကာ ဝန်ဆောင်မှု အမျိုးအစား ၂၂ မျိုးကို ပြုစုတင်ပြခဲ့ပါတယ်။ ၂၀၁၄ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးစဉ် သတင်းအချက်အလက်၊ နည်းပညာဝန်ဆောင်မှုလုပ်ငန်း၊ နည်းပညာနှင့်

စာမျက်နှာ ၉ သို့ ❐

ပြည်တွင်းရေးရာ

စာမျက်နှာ ၈ မှ

စီမံရေးရာ အကြံပေးအတိုင်ပင်ခံ ဝန်ဆောင်မှုလုပ်ငန်း၊ ယဉ်ကျေးမှု အနုပညာဝန်ဆောင်မှုလုပ်ငန်း၊ အများပြည်သူ ခရီးသည် သယ်ယူပို့ဆောင်ရေးလုပ်ငန်း(ဘတ်စ်ကား၊ မီးရထား၊ ကူးတို့သင်္ဘော) စသည့် ဝန်ဆောင်မှု လေးမျိုးကို ဖြည့်စွက် ထည့်သွင်းခဲ့သဖြင့် စုစုပေါင်း ၂၆ မျိုးဖြစ်လာပါတယ်။ သို့ဖြစ်ရာ ၂၀၁၄ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ(စ)တွင် ဖော်ပြထားသော ကုန်သွယ်လုပ်ငန်းခွန်မကျသင့်သည့် ဝန်ဆောင်မှု ၂၆ မျိုးမှအပ ကျန်ဝန်ဆောင်မှုအားလုံးအပေါ် ကုန်သွယ်လုပ်ငန်းခွန် ၅ ရာခိုင်နှုန်း ကောက်ခံရမှာ ဖြစ်ပါတယ်။

အဆိုပါ အခွန်မကျသင့်သည့် ဝန်ဆောင်မှု ၂၆ မျိုးတွင် ပါဝင်သည့် သတင်းအချက်အလက်နှင့် နည်းပညာဝန်ဆောင်မှုလုပ်ငန်းတွင် ဆက်သွယ်ရေးဝန်ဆောင်မှု ပါဝင်ခြင်း ရှိ/မရှိကိုလည်း ဆက်သွယ်ရေးညွှန်ကြားမှူးဦးစီးဌာနသို့ သဘောထားမှတ်ချက်တောင်းခံခဲ့ရာပါဝင်ခြင်း မရှိကြောင်း သဘောထား ပြန်ကြားခဲ့ပါတယ်။ သို့ဖြစ်ရာ တယ်လီဖုန်း ပြောဆိုခအတွက် ကြိုတင်ငွေဖြည့်ကတ် (Prepaid Card) ရောင်းချခြင်းနှင့် လစဉ် တယ်လီဖုန်း ပြောဆိုခကောက်ခံခြင်းစသည့် ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းများ၏ ဝန်ဆောင်ခရရငွေအပေါ် ကုန်သွယ်လုပ်ငန်းခွန် ငါးရာခိုင်နှုန်းကောက်ခံနိုင်ရေးအတွက် ဆောင်ရွက်ခဲ့ပါတယ်။ သို့ရာတွင် ဆက်သွယ်ရေးဆိုင်ရာ ဝန်ဆောင်မှုသည် သတင်းအချက်အလက်နှင့် နည်းပညာ ဝန်ဆောင်မှု တစ်ရပ်အဖြစ် နိုင်ငံတကာက လက်ခံသတ်မှတ်ကြကြောင်း အော်ပရေတာများ ဖြစ်ကြသည့် Telenor Myanmar Limited နှင့် Ooredoo Myanmar Limited တို့မှ တင်ပြမှုများကြောင့် သတင်းအချက်အလက်၊ နည်းပညာဝန်ဆောင်မှုလုပ်ငန်းနှင့် ဆက်သွယ်ရေးဝန်ဆောင်မှု လုပ်ငန်းအား ခွဲခြားသတ်မှတ်ရန် ရှုပ်ထွေးမှုများ ရှိခဲ့ပါတယ်။

ထိုစဉ်က မြန်မာနိုင်ငံတွင် ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အော်ပရေတာ သုံးခုတို့က တစ်နိုင်ငံလုံးတွင် ဆက်သွယ်ရေးကွန်ရက်များ ဖြန့်ကြက်ပြီး ဆက်သွယ်ရေးကဏ္ဍ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်နေသော ကာလဖြစ်ခြင်း၊ နိုင်ငံသားများအားလုံး တယ်လီဖုန်း ဆက်သွယ်ပြောဆိုမှုများကို သက်သာသောနှုန်းထားဖြင့်စတင်ရရှိခံစားသည့် အချိန်ဖြစ်ခြင်းစသည်တို့ကို ထောက်ရှု၍ ကြိုတင်ငွေဖြည့်ကတ် (Prepaid Card) အသုံးပြုခရငွေ အပေါ် ကုန်သွယ်လုပ်ငန်းခွန်ကောက်ခံရန်မသင့်သေးကြောင်း သုံးသပ်ခဲ့ပြီး ဆက်သွယ်ရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းအတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ကုန်သွယ်လုပ်ငန်းခွန် ၅ ရာခိုင်နှုန်း ကောက်ခံခြင်းမပြုသေးဘဲ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှသာ ၂၀၁၅ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ကောက်ခံရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ၁၆-၂-၂၀၁၅ ရက်စွဲပါ စာအမှတ်၊ ၃၄/၄၃၇ (၅-ပထစ) / အဖရ(၂၀၁၅) ဖြင့် ပြည်ထောင်စုလွှတ်တော်ရုံးသို့ ပေးပို့ခဲ့ပါတယ်။

၂၀၁၅ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေမူကြမ်းကို လွှတ်တော်သို့ တင်သွင်းစဉ်ကလည်း အဆိုပါရှုပ်ထွေးမှုဖြစ်စေခဲ့သော သတင်းနှင့်နည်းပညာ ဝန်ဆောင်မှုလုပ်ငန်းအပါအဝင် ဝန်ဆောင်မှုလေးမျိုးကို ကုန်သွယ်လုပ်ငန်းခွန်မကျသင့်သော ဝန်ဆောင်မှု အမျိုးအစားမှ ပယ်ဖျက်ခြင်း၊ ကင်းလွတ်ခွင့်ပြုသင့်သည့် ဝန်ဆောင်မှု အမျိုးအစားအသစ်တစ်ခုကို ဖြည့်စွက်ခြင်းတို့ဖြင့် ကုန်သွယ်လုပ်ငန်းခွန်မကျသင့်စေသည့် ဝန်ဆောင်မှု ၂၃ မျိုး ဖော်ပြတင်သွင်းခဲ့ပါတယ်။ ပယ်ဖျက်ခဲ့သည့် ဝန်ဆောင်မှုအမျိုးအစားများနှင့် ပတ်သက်၍ ပယ်ဖျက်ရသည့် အကြောင်းရင်းများနှင့် အကျိုးသက်ရောက်မှုများကို ပြည်ထောင်စုလွှတ်တော်၊ ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ်အတွက် အမျိုးသားစီမံကိန်း၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးနှင့် အခွန်အကောက်ဆိုင်ရာ ဥပဒေကြမ်းများ စိစစ်ရေး ပူးပေါင်းကော်မတီသို့ ရှင်းလင်းတင်ပြခဲ့ပါတယ်။ ထို့နောက်ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပေးခဲ့သည့်အတွက် ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပုဒ်မ ၁၁(စ)အရ ကုန်သွယ်လုပ်ငန်းခွန်မကျသင့်သည့် ဝန်ဆောင်မှု ၂၃ မျိုးတွင် သတင်းအချက်အလက်နှင့် နည်းပညာဝန်ဆောင်မှုပါရှိခြင်း မရှိပါ။ သို့ဖြစ်ရာ ၂၀၁၅ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေအရ ဆက်သွယ်ရေးဝန်ဆောင်မှု လုပ်ငန်းအပါအဝင် သတင်းအချက်အလက်နှင့်နည်းပညာဝန်ဆောင်မှုလုပ်ငန်းများမှ ဝန်ဆောင်မှုရငွေအပေါ် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်မှာဖြစ်ပြီး ဥပဒေ စတင်အကျိုးသက်ရောက်သည့် ၁-၄-၂၀၁၅ ရက်နေ့မှစတင်၍ ဆက်သွယ်ရေး ဝန်ဆောင်မှုရငွေအပေါ် ကုန်သွယ်လုပ်ငန်းခွန်ပေးဆောင်ရမှာ ဖြစ်ပါတယ်။ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းနှင့် ပတ်သက်၍ ဝန်ဆောင်မှုကို ရယူသူ ပြည်သူများကို ကုန်သွယ်လုပ်ငန်းခွန် ကောက်ခံသကဲ့သို့ ဝန်ဆောင်မှုကို ဆောင်ရွက်ပေးသူ ကုမ္ပဏီများအနေနှင့်လည်း ဆောင်ရွက်ကြသည့် တည်ဆောက်ရေးလုပ်ငန်းများ၊ ဌားရမ်းခြင်းဝန်ဆောင်မှု လုပ်ငန်းများရယူခြင်းအတွက် ကုန်သွယ်လုပ်ငန်းခွန် ပေးဆောင်ကြရပါတယ်။

အော်ပရေတာကုမ္ပဏီများသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်ဖြင့် ဖွဲ့စည်းတည်ထောင်ထားသော ဆက်သွယ်ရေးဝန်ဆောင်မှုကုမ္ပဏီများ ဖြစ်သဖြင့် ဝင်ငွေခွန်ကင်းလွတ်ခွင့် ကာလကုန်ဆုံးပါက ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပါဝင်ငွေခွန်နှုန်းများနှင့်အညီ ပေးဆောင်ကြရမှာ ဖြစ်ပါတယ်။ ထို့ပြင် ပြည်တွင်းခ်ဌရယူသည့် တည်ဆောက်ရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ၊ ဌားရမ်းခြင်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများအတွက် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်များကို ထမ်းဆောင်ကြရသလို တစ်ဖက်မှာလည်း ဆက်သွယ်ရေးဆိုင်ရာ လိုင်စင်ကြေးများ၊ အကောက်ကြေးများကိုလည်း ထမ်းဆောင်ကြရမှာ ဖြစ်ပါတယ်။

ဆက်လက်ပြီး ဆက်သွယ်ရေးဝန်ဆောင်မှု လုပ်ငန်းများအပေါ် နိုင်ငံတကာတွင် ကောက်ခံလျက်ရှိသော သွယ်ပိုက်ခွန်နှုန်းထားများကို တင်ပြလိုပါတယ်။ နိုင်ငံတကာတွင် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများအပေါ် တန်ဖိုးမြှင့်အခွန် (Value Added Tax) သို့မဟုတ် ကုန်စည်နှင့် ဝန်ဆောင်မှုအခွန် (Goods and Services Tax) ကောက်ခံသော အခွန်နှုန်းထားများမှာ ဖွံ့ဖြိုးပြီး နိုင်ငံများတွင် ၂၀ ရာခိုင်နှုန်းခန့်၊ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ၁၀ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းခန့် ကောက်ခံကြတာကို တွေ့ရပါတယ်၊ အာဆီယံနိုင်ငံများဖြစ်သည့် ဖိလစ်ပိုင်နိုင်ငံတွင် ၁၂ရာခိုင်နှုန်း၊ ကမ္ဘောဒီးယား ၊ အင်ဒိုနီးရှား၊ လာအို၊

> **နိုင်ငံတကာတွင် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများအပေါ် တန်ဖိုးမြှင့်အခွန် (Value Added Tax) သို့မဟုတ် ကုန်စည်နှင့် ဝန်ဆောင်မှုအခွန် (Goods and Services Tax)ကောက်ခံသော အခွန်နှုန်းထားများမှာ ဖွံ့ဖြိုးပြီးနိုင်ငံများတွင် ၂၀ ရာခိုင်နှုန်းခန့်၊ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ၁၀ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းခန့် ကောက်ခံကြတာကို တွေ့ရ...**

ဗီယက်နမ် နိုင်ငံတို့တွင် ၁၀ ရာခိုင်နှုန်း၊ စက်ာပူနှင့် ထိုင်းနိုင်ငံတို့တွင် ၇ရာခိုင်နှုန်း၊ မလေးရှားနိုင်ငံတွင် ခြောက်ရာခိုင်နှုန်းအသီးသီး ကောက်ခံလျက်ရှိကြပါတယ်။ မြန်မာနိုင်ငံအနေဖြင့် ငါးရာခိုင်နှုန်းသာ ကောက်ခံခြင်းကြောင့် သက်သာသောနှုန်းဖြစ်သည်ကို တွေ့ရမှာဖြစ်ပါတယ်။ အမေရိကန်ပြည်ထောင်စုတွင်လည်း တယ်လီဖုန်းသုံးစွဲမှုအပေါ် ပြည်နယ်အလိုက်ပုံစံအမျိုးမျိုးဖြင့် အခွန်ကောက်ခံတာကို တွေ့ရှိရပါတယ်။ သို့ဖြစ်ရာ နိုင်ငံတိုင်းမှာ တယ်လီဖုန်းသုံးစွဲမှုအပေါ် အခွန်ကောက်ခံကြောင်း တွေ့ရှိရပါတယ်။

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန၏ စစ်တမ်းများအရ တယ်လီဖုန်းသုံးစွဲသူတစ်ဦး၏ တစ်လပျမ်းမျှသုံးစွဲနိုင်မှုမှာ ငွေကျပ် ငါးထောင်ခန့်ဖြစ်ကြောင်း သိရှိရသဖြင့် ထုတ်ဝေပြီးဖြစ်သည့် ဆင်းမ်ကတ် ၅၈ သန်းခန့်အတွက် ဘဏ္ဍာရေးနှစ်တစ်နှစ်အတွင်း တယ်လီဖုန်း သုံးစွဲမှုအပေါ် ကောက်ခံရရှိနိုင်မည့် ခန့်မှန်းကုန်သွယ်လုပ်ငန်းခွန်ပမာဏငွေကျပ် ၈၄ ဘီလီယံ ခန့်ရနိုင်မည် ဖြစ်ပါတယ်။ တယ်လီဖုန်းအသုံးပြုခြင်း ဝန်ဆောင်မှုကို ကင်းလွတ်ခွင့်ပြုမည်ဆိုပါက နိုင်ငံတော်အတွက် အခွန်ရရှိမှုတွင် အထက်ပါ ပမာဏ လျော့နည်းနိုင်ကြောင်း သုံးသပ်တွေ့ရှိရပါတယ်။

ဆက်လက်ပြီး ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် ရသင့်ရထိုက်သော အခွန်ငွေများ အပြည့်အဝ ရရှိစေရေး ဆောင်ရွက်ချက်များနှင့် ပတ်သက်ပြီး ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ငွေများ အပြည့်အဝရရှိစေရေးနှင့် အခွန်တိမ်းရှောင်သူများ၊ အခွန်ကင်းလွတ်နေသူများ မရှိစေရေးကို အလေးထား ဆောင်ရွက်လျက်ရှိပါတယ်။ အခွန်အများဆုံး ထမ်းဆောင်သူများ စာရင်းကို ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်မှ စ၍ ထုတ်ပြန်ကြေညာပေးခဲ့ပါတယ်။ ထိုသို့ ကြေညာခြင်းဖြင့် အခွန်ထမ်းဆောင်သင့်ပါလျက် ထမ်းဆောင်ရန် ပျက်ကွက်နေသူများ၊ လျော့နည်းထမ်းဆောင်နေသူများအား အများပြည်သူက ဖော်ထုတ်ပေးနိုင်မှာ ဖြစ်ပါတယ်။ ကုန်ပစ္စည်းများပေါ်တွင် အခွန်အမှတ်တံဆိပ်များ ကပ်နှိပ်ထမ်းဆောင်စေခြင်း၊ ဘီယာကဲ့သို့သော ထုတ်လုပ်မှုများ အတွက် ထွက်ကုန်ရေတွက်စက် (Bottle Counter)၊ ကုန်ထွက်ပမာဏ မှတ်တမ်းတင်စက် (Flow Meter) များ တပ်ဆင်စိစစ်ခြင်း၊ ထုတ်ကုန် သွင်းကုန်များအပေါ် ကြိုတင်ဝင်ငွေခွန်ကောက်ခံခြင်း၊ ပင်ရင်းမှ အခွန်နုတ်ယူပေးသွင်းခြင်း (Withholding Tax) စနစ်ကို အကောင်အထည်ဖော်ခြင်း၊ စားသောက်ဆိုင်များ၊ ဟိုတယ်တည်းခိုခန်းလုပ်ငန်းများမှ ထုတ်ပေးသော ငြေစာများတွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ထုတ်ပေးစေခြင်း၊ အခွန်ကောက်ခံမှု စိစစ်ကြပ်မတ်ရေးဘုတ်အဖွဲ့ ဖွဲ့စည်းဆောင်ရွက်ခြင်းအပြင် အခွန်ဘဏ္ဍာငွေတိုးတက်ရရှိရေး အထောက်အကူပြုအဖွဲ့များဖွဲ့စည်းလျက် သတင်းအချက်အလက်များ ရယူဖော်ထုတ်နိုင်ရေး ဆောင်ရွက်ခြင်း၊ လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သူများနှင့် ပတ်သက်သည့် သတင်းအချက်အလက် ဖော်ထုတ် တင်ပြသူအပေါ် ရရှိသည့် ဒဏ်ငွေ၏ ၁၀ ရာခိုင်နှုန်းကို ဆုကြေးအဖြစ် ချီးမြှင့်ခြင်း၊ အခွန်ဆိုင်ရာ ပြစ်မှုပြစ်ဒဏ်များ ပြင်ဆင်သတ်မှတ်လျက် ပျက်ကွက်သူအပေါ် ထိရောက်စွာ အရေးယူနိုင်ရန် ဆောင်ရွက်ခြင်း စသည်ဖြင့် ဆောင်ရွက်လျက်ရှိပါတယ်။ ကုမ္ပဏီအဖြစ် မှတ်ပုံတင်ဖွဲ့စည်းထားသော်လည်း အခွန်ပေးဆောင်မှု မရှိသည့် ကုမ္ပဏီများအား အရေးယူဆောင်ရွက်နိုင်ရေး အတွက် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှူးဦးစီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။

ထိရောက်ခေတ်မီသော အခွန်စနစ် ဖြစ်ပေါ်လာရေးအတွက် ဆောင်ရွက်မှုများနှင့်အတူ ၂၀၁၀-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် စုစုပေါင်းရငွေကျပ် ၆၅၀၄ ဒသမ ၇၀၉ ဘီလီယံအနက် အခွန်ရငွေကျပ် ၁၆၈၃ ဒသမ ၂၆၃ ဘီလီယံဖြစ်သဖြင့် အခွန်ရငွေနှင့် စုစုပေါင်းရငွေအချိုးမှာ ၂၅ ဒသမ ၉ ရာခိုင်နှုန်းဖြစ်ပါတယ်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် စုစုပေါင်းရငွေကျပ် ၁၃၀၉၇ ဒသမ ၂၄ ဘီလီယံအနက် အခွန်ရငွေကျပ် ၂၃၇၄ ဒသမ ၈၀၆ ဘီလီယံဖြစ်သဖြင့် အခွန်ရငွေနှင့် စုစုပေါင်းရငွေအချိုးမှာ ၂၅ ဒသမ ၆ ရာခိုင်နှုန်းဖြစ်ပါတယ်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် စုစုပေါင်းရငွေကျပ် ၁၄၁၅ ဒသမ ၄၆၇ ဘီလီယံအနက် အခွန်ရငွေကျပ် ၄၄၅ ဒသမ ၇၇၉ ဘီလီယံဖြစ်သဖြင့် အခွန်ရငွေနှင့် စုစုပေါင်း ရငွေအချိုးမှာ ၃၁ ဒသမ ၅ ရာခိုင်နှုန်းဖြစ်ပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် စုစုပေါင်းရငွေကျပ် ၁၆၈၉၁ ဒသမ ၅၀၅ ဘီလီယံ အနက် အခွန်ရငွေကျပ် ၅၉၃၆ ဒသမ ၁၆၇ ဘီလီယံဖြစ်သဖြင့် အခွန်ရငွေနှင့် စုစုပေါင်း ရငွေအချိုးမှာ ၃၅ ဒသမ ၁ ရာခိုင်နှုန်းဖြစ်ပါတယ်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် လျာထားချက်အရ စုစုပေါင်းရငွေကျပ် ၁၇၀၀၀ ဒသမ ၀၅၀ ဘီလီယံအနက် အခွန်ရငွေကျပ် ၅၉၄၈ ဒသမ ၂၇၄ ဘီလီယံရရှိရန် လျာထားခဲ့သဖြင့် အခွန်ရငွေနှင့် စုစုပေါင်းရငွေအချိုးမှာ ၃၅ ဒသမ ၀ ရာခိုင်နှုန်းဖြစ်ပါတယ်။

အခွန်ရရှိမှုများကို မည်သို့ ခွဲဝေသုံးစွဲသည် ဆိုသည်ကိုလည်း ရှင်းလင်းတင်ပြလိုပါတယ်။ ကျွန်တော်တို့ နိုင်ငံ၏ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ်အရ ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေဓာရင်းကို နှစ်စဉ်ရေးဆွဲ အကောင်အထည်ဖော်ရာတွင် အခွန်ရရှိငွေများအားလုံးကို ပြည်ထောင်စုဘဏ္ဍာ ရန်ပုံငွေသို့ ထည့်သွင်းရပြီး ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေနှင့်အညီ ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းများက ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများအတွက် ခွဲဝေသုံးစွဲကြရတာဖြစ်ပါတယ်။ ဘတ်ဂျက်တွင် လျာထားသည့် ရငွေများတွင် အခွန်ရငွေများ အားလုံးပါဝင်ပြီးဖြစ်ပါတယ်။ ယင်းရငွေများကို ပညာရေး၊ ကျန်းမာရေး အပါအဝင် ကဏ္ဍအသီးသီးအတွက် သက်ဆိုင်ရာဌာနများသို့ ခွဲဝေသုံးစွဲရခြင်း ဖြစ်ပါတယ်။ အခွန်ရရငွေများ တိုးတက်ရရှိလာသည်နှင့်အမျှ အစိုးရ၏ ပြည်သူ့ဝန်ဆောင်မှုအသုံးစရိတ်များကို တိုးမြှင့်သုံးစွဲလာနိုင်တာဖြစ်ပါတယ်။

၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ်တွင် ကမ္ဘာ့ရေနံစျေးနှုန်းကျဆင်းမှုမှတစ်ဆင့် သဘာဝဓာတ်ငွေ့ ထုတ်လုပ်ရောင်းချမှုအပေါ် ကုန်သွယ်လုပ်ငန်းခွန်နှင့် ဝင်ငွေခွန်ရရှိမှုလျော့နည်းနိုင်ခြင်း၊ ဆက်သွယ်ရေးကဏ္ဍတွင် ယမန်နှစ်က ရရှိခဲ့သော နိုင်ငံတကာဆက်သွယ်ရေး ကုမ္ပဏီများ ထံမှ ရရှိသည့် လုပ်ငန်းလိုင်စင်ကြေးမှ ရငွေများ လျော့နည်းသွားခြင်း၊ ပို့ကုန်သွင်းကုန် ပမာဏအပေါ် မူတည်၍ ဝင်ငွေခွန်ကောက်ခံရရှိမှုနှင့် သွင်းကုန်အပေါ် ကောက်ခံသည့် ကုန်သွယ်လုပ်ငန်းခွန် လျော့ကျနိုင်ခြင်း၊ အိမ်ခြံမြေဝယ်ယူခြင်း၊ တည်ဆောက်ခြင်းများနှင့် ပတ်သက်သည့် အခွန်နှုန်းများ လျှော့ချသတ်မှတ်ပေးခြင်းကြောင့် အိမ်ခြံမြေမှ ဝင်ငွေခွန်ရရှိမှု လျော့နည်းနိုင်ခြင်း၊ အခြေခံစားသုံးကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှု ၇၉ မျိုးအပေါ် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ပြုထားခြင်းကြောင့် ကုန်သွယ်လုပ်ငန်းခွန် ကောက်ခံရရှိမှု လျော့နည်းနိုင်တဲ့ အခြေအနေကိုလည်း တွေ့ရှိရပါတယ်။

တင်သွင်းတဲ့ အဆိုမှာပါတဲ့ နိုင်ငံတော်အတွင်း ဆောင်ရွက်လျက်ရှိသော ဆက်သွယ်ရေးအော်ပရေတာများဖြစ်တဲ့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း အော်ရီဇုံးကုမ္ပဏီ၊ တယ်လီနောကုမ္ပဏီတို့အနေဖြင့်ပေးဆောင်ရမည့် အဆိုပါ လုပ်ငန်းနှင့် သက်ဆိုင်သည့် ကုန်သွယ်လုပ်ငန်းခွန် ငါးရာခိုင်နှုန်းကို မထိခိုက်စေဘဲ ပြင်ဆင်သည့် ဥပဒေရေးဆွဲတင်သွင်းနိုင်ရန် ဆိုသည့်အချက်နှင့် ပတ်သက်ပြီး အနည်းငယ် ရှင်းလင်းတင်ပြလိုပါတယ်။

ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်း ၄၂(ဂ) တွင် "ဝန်ဆောင်မှုဆောင်ရွက်သူသည် မိမိဆောင်ရွက်သည့် ဝန်ဆောင်မှုအပေါ် ကျသင့်သည့် အခွန်မှ ဝန်ဆောင်မှုလုပ်ငန်းအတွက် အသုံးပြုသည့်ကိစ္စရပ်အပေါ် ပေးဆောင်ခဲ့ပြီးသည့် အခွန်ကိုခုနှိမ်နိုင်သည်" ဟု ပြဋ္ဌာန်းထားပါတယ်။ ယင်းပြဋ္ဌာန်းချက်အရ ဆက်သွယ်ရေး အော်ပရေတာများ အနေဖြင့် တည်ဆောက်ရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ၊ ဌားရမ်းခြင်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ စသည်တို့အတွက်ပေးဆောင်ခဲ့သည့် ကုန်သွယ်လုပ်ငန်းခွန်များ ခုနှိမ်ခွင့်ရှိမှာဖြစ်ပါတယ်။ အကယ်၍ ကြိုတင်ငွေဖြည့်ကတ်ကို အခွန်ကင်းလွတ်ခွင့်ပြုမည်ဆိုပါက ယင်းနှင့်ဆက်စပ်နေသော အထက်ပါ ခုနှိမ်ခွင့်ဆိုင်ရာကိစ္စများအတွက်လည်း သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် အသေးစိတ်ညှိနှိုင်းဆုံးဖြတ်ရန်လိုအပ်ပါတယ်။

သို့ဖြစ်ပါ၍ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းဦး၏ နိုင်ငံတော်အတွင်း မိုဘိုင်းဖုန်းသုံးစွဲသူ အများပြည်သူတို့၏ ဖုန်းခေါ်ဆိုခ ကြိုတင်ထည့်သွင်းငွေများထဲက ကုန်သွယ်လုပ်ငန်းခွန် ငါးရာခိုင်နှုန်း ဖြတ်တောက်ကောက်ခံမည့် ကိစ္စကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ကင်းလွတ်ခွင့်ပြုနိုင်ရန် တည်ဆဲပြည်ထောင်စု၏ အခွန်အကောက် ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်ထောင်စုလွှတ်တော်သို့ အမြန်ဆုံးတင်သွင်း အတည်ပြုပေးနိုင်ပါရန် ပြည်ထောင်စုလွှတ်တော်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တိုက်တွန်းကြောင်း အဆိုနှင့် ပတ်သက်၍-

(က) ဖုန်းငွေဖြည့်ကတ်များအပေါ် ကုန်သွယ်လုပ်ငန်းခွန် ကောက်ခံခြင်းသည် ကျယ်ပြန့်သည့် အခွန်အခြေခံကို ဖော်ဆောင်သည့် နည်းလမ်းတစ်ခုဖြစ်ပြီး နိုင်ငံတကာတွင် ကျင့်သုံးဆောင်ရွက်ကြသည့် အခွန်ကောက်ခံမှုစနစ်အတိုင်း ကောက်ခံမှုဖြစ်ခြင်း၊

(ခ) ၂၀၁၅ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေနှင့်အညီ အခွန်ကောက်ခံမှုဖြစ်ခြင်း၊

(ဂ) အစိုးရ၏ အသုံးစရိတ်ကို ရေရှည်တွင်အခွန်ရငွေ အပေါ်တွင်သာ အဓိကရပ်တည်နိုင်ရေး ဦးတည်ဆောင်ရွက်လျက်ရှိခြင်း၊

(ဃ) ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် အခွန်အရပ်ရပ် ကောက်ခံရန် လျာထားချက် ပြည့်မီနိုင်မှုကိုလည်း ထည့်သွင်းစဉ်းစားရန်လိုအပ်ခြင်း၊

(င) ထို့အပြင် ပြည်သူလူထု၏ သဘောဆန္ဒကို ထည့်သွင်းစဉ်းစားရန် လိုအပ်ခြင်းတို့ကို ထည့်သွင်းစဉ်းစားသင့်ပါကြောင်း တင်ပြအပ်ပါတယ်။

နိဂုံးချုပ်အနေဖြင့် နိုင်ငံတော်အတွင်း မိုဘိုင်းဖုန်းသုံးစွဲသူ အများပြည်သူတို့၏ ဖုန်းခေါ်ဆိုခ ကြိုတင်ထည့်သွင်းငွေများထဲက ကုန်သွယ်လုပ်ငန်းခွန် ငါးရာခိုင်နှုန်း ဖြတ်တောက်ကောက်ခံမည့်ကိစ္စကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ကင်းလွတ်ခွင့်ပြုနိုင်ရန် ကိစ္စနှင့်ပတ်သက်၍ ပြည်ထောင်စုလွှတ်တော်၏ ဆုံးဖြတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အကယ်၍ ကျွန်တော်တင်ပြခဲ့တဲ့ အကြောင်းအရာများအရ တယ်လီဖုန်းပြောဆိုမှုအတွက် ကုန်သွယ်လုပ်ငန်းခွန်ကောက်ခံခြင်းသည် နိုင်ငံတော်နှင့် ပြည်သူတစ်ရပ်လုံးအတွက် အမှန်တကယ် အကျိုးဖြစ်ထွန်းစေပြီး အမှန်တကယ်လည်း ဆောင်ရွက်သင့်သည့် အကြောင်းအရာ အချက်အလက်များဖြစ်ကြောင်း လက်ခံယုံကြည်ပါက ပြည်သူလူထု တစ်ရပ်လုံး နားလည်လက်ခံပြီး ပူးပေါင်းပါဝင်ဆောင်ရွက်လာနိုင်စေရေးအတွက် ပြည်သူ့ကိုယ်စားလှယ်တော်ကြီးများ အားလုံးက ဝိုင်းဝန်းတိုက်တွန်း ပံ့ပိုးကူညီပေးနိုင်ပါရန် မေတ္တာရပ်ခံ ပန်ကြားအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်းလင်း၏ ဆွေးနွေးမှု ၇၅ ရာခိုင်နှုန်းခန့်သည် The Daily Eleven နေ့စဉ်သတင်းစာပါ အချက်အလက်များကို အခြေခံထားပြီး စီမံကိန်းဧရိယာအတွင်းရှိ အိမ်ရာများ၊ ဆိုင်ခန်းများ၊ ရုံးခန်းများနှင့် မြေများအား အခြားသူ တစ်ဦးဦးကို ရောင်းချခြင်း၊ ငှားရမ်းခြင်း မပြုလုပ်ရန်နှင့် စီမံကိန်းဧရိယာအတွင်းရှိ အဆောက်အအုံနှင့်လုပ်ငန်းအားလုံးသည် မီဒီယာနှင့်ပတ်သက်ဆက်စပ်သော လုပ်ငန်းများသာ ဖြစ်ရမည်ဆိုသည့် တင်ဒါစည်းကမ်းချက်နှစ်ချက်ကို ထည့်သွင်းဆွေးနွေးခြင်းမရှိ

ဦးပိုက်ထွေး

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်းလင်း၏ အရေးကြီးအဆိုနှင့်ပတ်သက်၍ ပြန်ကြားရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးပိုက်ထွေး၏ ပြန်လည်ရှင်းလင်းတင်ပြချက်များကို ဖော်ပြအပ်ပါသည်-

လေးစားအပ်ပါသော ပြည်ထောင်စုလွှတ်တော်နာယကကြီးနှင့်လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။

ကျွန်တော်ကတော့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်းလင်းရဲ့ အရေးကြီးအဆိုနှင့်ပတ်သက်၍ ဝန်ကြီးဌာနကိုယ်စား ပါဝါပွိုင့်ဆလိုက်များဖြင့် ပြန်လည်ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေနဲ့ နေပြည်တော်မှာ အသံလွှင့်စက်ရုံတစ်ခုရှိလျက်နဲ့ နောက်ထပ်စက်ရုံတစ်ခု ဘာကြောင့်ရွှေ့ပြောင်းတည်ဆောက်ရသလဲဆိုတာကို ရှင်းလင်းတင်ပြလိုပါတယ်။ မြန်မာ့အသံကို (၁၉၄၆)ခုနှစ်က စတင်တည်ထောင် ထုတ်လွှင့်ခဲ့ပြီး ထိုစဉ်က အသံလွှင့်ရုံနေရာဟာ ရန်ကုန်မြို့ ဝင်ဒါမီယာထဲမှာဖြစ်ပါတယ်။ (၁၉၅၈) ခုနှစ်မှာ အသံထုတ်လွှင့်မှုဆိုင်ရာ ထုတ်လွှင့်စက်များနှင့် စက်ရုံကို ယခုရေကူးနေရာမှာ အသစ်တည်ဆောက်ပြီး ထုတ်လွှင့်ခဲ့ခြင်းဖြစ်ပါတယ်။ အဲဒီနောက် (၁၉၆၀) ခုနှစ်မှာတော့ အသံလွှင့်လုပ်ငန်းတစ်ခုလုံးကို ပြည်လမ်း၊ တံသာဝတီ အပိုင်းအနီး (လက်ရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနေရာ)ကို ပြောင်းရွှေ့ပြီး ထုတ်လွှင့်ခဲ့ပါတယ်။ ဒါကြောင့် ရေကူးအသံလွှင့်ရုံရဲ့ သက်တမ်းဟာ နှစ်ပေါင်း (၆၀)နီးပါး ရှိပြီဖြစ်ပါတယ်။ အဲဒီအချိန်က ရေဒီယိုအသံထုတ်လွှင့်မှုအရ ရေကူးစက်ရုံအတွင်းရှိ Short Wave/ Medium Wave အသံလွှင့်စက်များ ဖြင့် တစ်နိုင်ငံလုံးသို့ ထုတ်လွှင့်ပေးခဲ့ပါတယ်။ နေပြည်တော်ပေါ်ပေါက်ပြီး နောက်ပိုင်း (၂၀၀၈)ခုနှစ်မှာ နေပြည်တော်တပ်ကုန်း၌ Medium Wave/ Short Wave ရေဒီယိုအသံလွှင့်စက်တချို့ တပ်ဆင်ပြီး မြန်မာပြည်အထက်ပိုင်းကို လွှမ်းခြုံထုတ်လွှင့်ခဲ့ပါတယ်။ ရေကူးအသံလွှင့်စက်ရုံကတော့ Medium Wave ဖြင့် မြန်မာပြည်အောက်ပိုင်းကို လွှမ်းခြုံထုတ်လွှင့်ပေးလျက်ရှိပါတယ်။

အသံလွှင့်စက်ရုံ စတင်တည်ဆောက်စဉ်က ယခုရေကူးစက်ရုံဟာ မြို့ပြင်နေရာဖြစ်ပြီး မည်သည့်အဆောက်အအုံမျှ မရှိခြင်းကြောင့် ရေဒီယိုထုတ်လွှင့်မှုအတွက် သင့်တော်တဲ့နေရာတစ်ခုအဖြစ် ရွေးချယ်ထုတ်လွှင့်ခဲ့ခြင်း ဖြစ်ပါတယ်။ ယခုအခါ စက်ရုံပတ်ဝန်းကျင်မှာ လူနေသိပ်သည်းမှုများပြားလာပြီး High Power ဖြင့် ထုတ်လွှင့်တဲ့ Medium Wave ၊ Short Wave Transmission များကြောင့် ထွက်ပေါ်လာတဲ့ Radio Frequency Radiation များဟာ အနီးပတ်ဝန်းကျင်ရှိပြည်သူများကို ကျန်းမာရေးထိခိုက်နိုင်ခြင်း၊ မြို့ပြအဆောက်အအုံများကြောင့် ထုတ်လွှင့်မှု Coverageကို အတားအဆီးဖြစ်စေခြင်း စသည်တို့ကြောင့် လွတ်ကင်းပြီး ကျယ်ပြန့်တဲ့နေရာသစ်တစ်ခုသို့ ပြောင်းရွှေ့သင့်ကြောင်း တွေ့ရှိရပါတယ်။

နောက်တစ်ချက်ကတော့ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားကို ဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်နေတဲ့ အနာဂတ်စီမံချက်အရ ဖြစ်ပါတယ်။ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားကို ခေတ်မီရုပ်သံထုတ်လွှင့်ခြင်း လုပ်ငန်းကြီး တစ်ခုဖြစ်လာစေရန် စီမံချက်ရေးဆွဲဆောင်ရွက်လျက်ရှိရာမှာ နိုင်ငံတကာအဖွဲ့အစည်းများဖြစ်တဲ့ ယူနက်စကို၊ ဘီဘီစီ၊ DW ၊ NHK နဲ့ IMS စတဲ့ အဖွဲ့အစည်းများမှ ပညာရှင်များက ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိပါတယ်။ ၂၀၁၄ ခုနှစ်အတွက် အဆိုပါပညာရှင်များရေးဆွဲပေးတဲ့ ဖွံ့ဖြိုးတိုးတက်ရေးစီမံချက်မှာ ရုပ်မြင်သံကြားထုတ်လွှင့်ခြင်း နည်းပညာများကို Convergence System ဖြင့် ဆောင်ရွက်ရန်၊ ရေဒီယိုအသံလွှင့်စက်များကို အဆင့်မြှင့်ရန်၊ အင်တာနာများ ပြောင်းလဲတပ်ဆင်ရန်၊ Short Wave၊ Medium Wave များကို မြန်မာနိုင်ငံတစ်နေ့လုံးက ကြည်လင်စွာ ဖမ်းယူရရှိနိုင်ရန်အတွက် နည်းပညာပိုင်းဆိုင်ရာ လိုအပ်သော ဆက်စပ်ပစ္စည်းများကို ပြောင်းလဲတပ်ဆင်ရန် စသဖြင့် အကြံပြုချက်များ ပြောင်းလဲတည်ဆောက်ရေးစီမံကိန်း ပေါ်ပေါက်လာရခြင်း ဖြစ်ပါတယ်။

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေး။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်းလင်း။

အထက်ပါ အခြေအနေများအရ ပြန်ကြားရေးဝန်ကြီးဌာန အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ ရောင်းချခြင်း၊ ငှားရမ်းခြင်း လုပ်ငန်းကော်မတီ အနေဖြင့် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ရေကူးအသံလွှင့် စက်ရုံဝင်းနေရာမှာ မီဒီယာနှင့်ပတ်သက်သည့် အဆောက်အအုံများ ဆောက်လုပ်ခြင်းနှင့် လက်ရှိအသံလွှင့်စက်ပစ္စည်းများကို ပြောင်းရွှေ့တည်ဆောက်ရေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အချက်(၁၇)ချက်ပါတဲ့ တင်ဒါစည်းကမ်းချက်များကိုရေးဆွဲပြီး လုပ်ထုံးလုပ်နည်းများနှင့်အညီ တင်ဒါတင်သွင်းနိုင်ရေး ဖိတ်ခေါ်ခဲ့ခြင်း ဖြစ်ပါတယ်။

ဒီနေရာမှာ အထူးတင်ပြလိုတာကတော့ ပြန်ကြားရေးဝန်ကြီးဌာန အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ ရောင်းချခြင်း၊ ငှားရမ်းခြင်းလုပ်ငန်းကော်မတီရဲ့ တင်ဒါစည်းကမ်းချက်များကို ပြည့်စုံစွာဖော်ပြပေးလိုမှု ဖြစ်ပါတယ်။ အဆိုရှင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်းလင်းရဲ့ ဆွေးနွေးမှု ၇၅ ရာခိုင်နှုန်းဟာ ၂၀-၅-၂၀၁၅ ရက်နေ့ထုတ် The Daily Eleven နေ့စဉ်သတင်းစာပါ အချက်အလက်များကို အခြေခံထားကြောင်း တွေ့ရှိရပါတယ်။ အဲဒီဆွေးနွေးမှုမှာ တင်ဒါစည်းကမ်းချက်များထဲမှာပါရှိတဲ့ အချက်နှစ်ချက်ကို ဖော်ပြဆွေးနွေးရန် ကျန်ရှိသွားတာ တွေ့ရပါတယ်။ အဲဒီအချက် (၂)ချက်ကတော့ တင်ဒါစည်းကမ်းချက် အမှတ်စဉ် (၁၃) နဲ့ (၁၄)တို့ပဲဖြစ်ပါတယ်။

အဆိုပါ တင်ဒါစည်းကမ်းချက် အမှတ်စဉ် (၁၃)အရ **"စီမံကိန်းဧရိယာ အတွင်းရှိ အိမ်ရာများ၊ ဆိုင်ခန်းများ၊ ရုံးခန်းများနှင့် မြေများအား အခြားသူ တစ်ဦးဦးကို ရောင်းချခြင်း၊ ငှားရမ်းခြင်း မပြုလုပ်ရ"**ဆိုတဲ့ အချက်ကြောင့် လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူဟာ အဲဒီမြေပေါ်မှာ ဆောက်လုပ်ထားတဲ့ လုပ်ငန်းများကို ဆောင်ရွက်လို့ရတဲ့ ဝင်ငွေကိုသာလျှင် အကျိုးခံစားခွင့်ရရှိမှာ ဖြစ်ပါတယ်။ အဆိုရှင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်းလင်းအနေနဲ့ မေ ၂၂ ရက်က မီဒီယာများကို ဖြေကြားရာမှာ "လုပ်ငန်းလုပ်ခွင့်ရရှိသူက မြေကို ဖွဲ့ဖွဲ့ရောင်းသွားရင် ဘီလျံ (၂၀၀)နဲ့ (၃၀၀)ကြား မြတ်မယ်လို့"ပြောသွားတာကို The Daily Eleven နေ့စဉ်သတင်းစာမှာ ဖော်ပြထားပါတယ်။ အဲဒီအယူအဆဟာ မမှန်ကန်ကြောင်း ယခုတင်ဒါစည်းကမ်းချက်ကို ကြည့်ရင် သိနိုင်ပါတယ်။

တင်ဒါစည်းကမ်း အမှတ်စဉ် (၁၄)မှာလည်း **"စီမံကိန်းဧရိယာ အတွင်းရှိ အဆောက်အအုံနှင့်လုပ်ငန်းအားလုံးသည် မီဒီယာနှင့်ပတ်သက် ဆက်စပ်သော လုပ်ငန်းများသာဖြစ်ရမည်"**လို့ ဖော်ပြထားတာကြောင့် လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ ဆောင်ရွက်ရမယ့် အဆောက်အအုံများဟာ အခြားအိမ်ရာစီမံကိန်းများလို ခွဲဝေရောင်းချလို့ရမယ့် အဆောက်အအုံများမဟုတ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအနေနဲ့ ယခုကဲ့သို့ ရေကူးရှိ အသံလွှင့်စက်ရုံကို ပြောင်းရွှေ့ပြီး ရေကူးဒေသကို မီဒီယာဇုန်အဖြစ် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရတဲ့ရည်ရွယ်ချက် (၅)ခု ရှိပါတယ်။ အဲဒါတွေကတော့ -

(၁) သက်တမ်းလွန်နေတဲ့ အသံလွှင့်စက်များ၊ အင်တာနာတိုင်များကို ခေတ်မီစက်သစ်များ၊ အင်တာနာတိုင်အသစ်များဖြင့် အစားထိုးရန်။

(၂) မြန်မာ့အသံအစီအစဉ်များ လွှမ်းခြုံနိုင်တဲ့ ဧရိယာကို တိုးချဲ့နိုင်ရန်နှင့် ဒေသအသီးသီးမှ ကြည်လင်ပြတ်သားစွာ ဖမ်းယူနိုင်ရေးအတွက် စက်အမျိုးအစားများ၊ အင်တာနာဒီဇိုင်းများကို ပြောင်းလဲရန်။

(၃) ဒီဂျစ်တယ် အသံလွှင့်စနစ်အတွက် အသင့်ပြင်ဆင်ထားရန်။

(၄) မြန်မာ့ရုပ်ရှင်၊ ရုပ်မြင်သံကြားနှင့် ဗီဒီယိုလုပ်ငန်းများအတွက် ရိုက်ကွင်းနဲ့ စတူဒီယိုများ၊ မီဒီယာသင်တန်းကျောင်း၊ အများပြည်သူ အပန်းဖြေနိုင်ရန်နေရာ၊ အားကစားကွင်း စသည်များပါဝင်သည့် မီဒီယာဇုန် (Media Hub) တစ်ခု တည်ဆောက်ရန်။

(၅) မြန်မာအသံနှင့်ရုပ်မြင်သံကြားရဲ့ အနာဂါတ်ဖွံ့ဖြိုးတိုးတက်မှုအတွက် လိုအပ်သော အခြေခံအဆောက်အအုံများကို ရရှိရန်တို့ဖြစ်ပါတယ်။

ဒီလို ပြောင်းရွှေ့တည်ဆောက်တာနဲ့ ပတ်သက်ပြီး အရှေ့တောင်အာရှနိုင်ငံတစ်ခုဖြစ်တဲ့ မလေးရှားနိုင်ငံမှာ တည်ဆောက်နေတဲ့ မီဒီယာမြို့တော် (Media City)ဆိုတဲ့ စီမံကိန်းကြီးတစ်ခုကို နမူနာရယူဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း တင်ပြလိုပါတယ်။ အဆိုပါ စီမံကိန်းမှာ မြေ (၆၈)ဧက ပေါ်တွင် ၂၀၁၅ ခုနှစ်မှ စတင်ဆောင်ရွက်လျက်ရှိပြီး စီမံကိန်းကာလမှာ (၃)နှစ် ဖြစ်ကြောင်း သိရှိရပါတယ်။ Media City စီမံကိန်းပြုလုပ်ရန် ကနဦး ကုန်ကျစရိတ်ရင်းဂစ်သန်း ၈၆၀ ကုန်ကျမည်ဟု ခန့်မှန်းထားကြောင်း၊ အဆိုပါစီမံကိန်းတွင် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် ရုပ်ပိုင်းဆိုင်ရာတည်ဆောက်မှုများနှင့် နောက်ဆုံးပေါ် ရုပ်သံလွှင့်ပစ္စည်းများ အစားထိုးခြင်း၊ အဆင့်မြှင့်တင်ခြင်းတို့ကိုလည်း ပြုလုပ်သွားမှာဖြစ်ကြောင်း၊ အဲဒီစီမံကိန်းမှာ HD TV စတူဒီယို၊ Music စတူဒီယိုနှင့်လူ (၁၅၀၀)ဆံ့ Auditorium တို့လို Production Facilities များကိုလည်း ထည့်သွင်းတည်ဆောက်သွားမည်ဖြစ်ကြောင်း၊ ယခုလို မီဒီယာမြို့တော် (Media City) စီမံကိန်းမျိုးကို ဗြိတိန်၊ UAEနှင့် ဂျော်ဒန်နိုင်ငံများအပါအဝင် နိုင်ငံအချို့တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်းကိုလည်း လေ့လာသိရှိရပါတယ်။

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ရေကူးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ဖို့ စဉ်းစားရာမှာလည်း အခြေခံမူသုံးရပ်ကို ချမှတ်ထားပါတယ်။ အဲဒီ အခြေခံမူသုံးရပ်ကတော့-

(၁) ရန်ကုန်မြို့တော် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာမှာ အားကစားကွင်းများ၊ ပန်းခြံများပျောက်ကွယ်သွားပြီး မြို့ပြစီမံကိန်းနှင့် ကိုက်ညီမှုမရှိတဲ့ လူနေအဆောက်အအုံများသာ ပေါ်ပေါက်ခဲ့သည့် ဖြစ်စဉ်များမှ သင်ခန်းစာဖော်ထုတ်ရန်။

(၂) လက်ရှိရေကူးစက်ရုံမှ အသံထုတ်လွှင့်မှုများ ပြတ်တောက်မှုမရှိစေရန်အတွက် လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူက လွှင့်စက်အသစ်များကို နေရာအသစ်မှာ အသင့်တပ်ဆင်ပြီးမှသာ ရွှေ့ပြောင်းရန်။ လက်ရှိ လွှင့်စက်များကို နေရာအသစ်တွင် အရန်အဖြစ်ထားရန်။

(၃) နိုင်ငံတော်ဘဏ္ဍာမှ ကုန်ကျစရိတ်အနည်းဆုံးဖြင့် စီမံကိန်းကို အကောင်အထည်ဖော်ရန်တို့ပဲဖြစ်ပါတယ်။

လက်ရှိ ရေကူးစက်ရုံမှ ရွှေ့ပြောင်းရမည့် စက်ပစ္စည်းများကတော့ လှိုင်းတို လွှင့်စက် (၇) လုံး၊ လှိုင်းလတ် လွှင့်စက် (၃)လုံးနဲ့ တာဝါ Antenna (၁၁) ခု ဖြစ်ပါတယ်။

ဆက်လက်ပြီး နေရာသစ်နှင့် ရေကူးရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားပိုင်မြေမှာ လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူက ဆောင်ရွက်ပေးရမည့် တင်ဒါစည်းကမ်းချက်ပါ လုပ်ငန်းများထဲက အရေးကြီးတဲ့အချက်အချို့ကို ကောက်နုတ်တင်ပြရမယ်ဆိုလျှင်-

(၁) လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ၏ ကုန်ကျစရိတ်ဖြင့် အသံလွှင့်စက်ရုံ ဟောင်းအား ဖြုတ်သိမ်းပြီး နေရာသစ်တွင် ရွှေ့ပြောင်း၍ စက်ရုံအသစ်တစ်ခုကို ပြန်လည်တည်ဆောက်ပေးရမည်ဖြစ်ပြီး ခေတ်မီနည်းပညာ၊ စနစ်သစ်များနဲ့ စက်ပစ္စည်းများကို Turnkey စနစ်ဖြင့် တပ်ဆင်တည်ဆောက်ပေးရပါမယ်။

(၂) အသံလွှင့်စက်ရုံဟောင်းအား နေရာသစ်သို့ ရွှေ့ပြောင်းတည်ဆောက်စဉ်ကာလတွင် အသံလွှင့်လုပ်ငန်းပြတ်တောက်သွားခြင်း၊ ထိခိုက်သွားခြင်း လုံးဝမဖြစ်စေရပါ။ စက်ရုံသစ်ကို စက်ပစ္စည်းနဲ့ အဆောက်အအုံသာမက ဝန်ထမ်းအိမ်ရာများကိုလည်း တည်ဆောက်ပေးရမည်ဖြစ်ပြီး စက်ရုံနှင့် ဝန်ထမ်းအိမ်ရာတို့အတွက် လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူရဲ့ ရင်းနှီးငွေဖြင့် တည်ဆောက်ရပါမယ်။ တည်ဆောက်မယ့် စက်ရုံသစ်မြေနေရာဟာ

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ »»

ပြည်တွင်းရေးရာ

»» စာမျက်နှာ ၁၀ မှ

ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ လက်ခံနိုင်သည့်နေရာ ဖြစ်ရပါမယ်။ လိုအပ်တဲ့မြေနေရာ အကျယ်အဝန်းကတော့ ပြန့်ပြူးတဲ့ မြေ ဧက (၁၅၀) ဖြစ်ပြီး တစ်ဆက်တစ်စပ်တည်း တည်ရှိရမှာ ဖြစ်ပါတယ်။ အဲဒီမြေဧက (၁၅၀)ကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့ တရားဝင်ပိုင်ဆိုင်မှု လွှဲပြောင်းပေးရပါမယ်။

(၃) ယင်းနေရာဟာ High Tension ဓာတ်အားလိုင်းသွယ်ယူရန် လွယ်ကူတဲ့နေရာဖြစ်ရမယ့်အပြင် အများပြည်သူသုံး လမ်းမကြီးနှင့် နီးကပ်ပြီး ချဉ်းကပ်လမ်းဖောက်ရန် လွယ်ကူသောနေရာလည်း ဖြစ်ရပါမယ်။

(၄) ရေကူးအသံလွှင့်စက်ရုံဟောင်းမြေပေါ်တွင် ပြန်ကြားရေးဝန်ကြီးဌာနမှ ဝန်ထမ်းများနေထိုင်ရန်အတွက် ဝန်ထမ်းမိသားစု ၃၀၀ ခန့် နေထိုင်နိုင်သော ဝန်ထမ်းအိမ်ရာများကို တင်ဒါတင်သွင်းသူ၏ စရိတ်ဖြင့် တည်ဆောက်ပေးရပါမယ်။

(၅) အသံလွှင့်စက်ရုံသစ်အတွက် အဆောက်အအုံနှင့် Antenna လိုအပ်ချက်နှင့် ခေတ်မီအသံလွှင့်ကွန်ရက်အဖြစ် ဖွဲ့စည်းတည်ဆောက်ရေးဆိုသည့် လိုအပ်ချက်နှစ်ခုကို တင်ဒါတင်သွင်းသူက ဆောင်ရွက်ပေးရပါမယ်။

အဆောက်အအုံနှင့် Antenna လိုအပ်ချက်အပိုင်းမှာ

(၁) Medium Wave နှင့် Short Wave လွှင့်စက်များ ထားရှိရန် အသံလွှင့်ရုံအဆောက်အအုံ (၁)လုံး ပါရှိရပါမယ်။

(၂) အဲဒီအဆောက်အအုံမှာ လွှင့်စက်ခန်း၊ ဓာတ်အားဖြန့်ဖြူးခန်း၊ စက်ပစ္စည်း စတိုခန်းနှင့် ရုံးခန်း၊ စက်ပြင်ခန်းများ ပါဝင်ရမည် ဖြစ်ပြီး အဆောက်အအုံသည် လုံလောက်သော အကျယ်အဝန်း ရှိရပါမယ်။

(၃) အဆောက်အအုံနေရာနှင့် Medium Wave Antenna နေရာ၊ Short Wave Antenna နေရာများကို အကွက်ချပုံစံရေးဆွဲတင်ပြရပါမယ်။

(၄) စက်ခန်းအပါအဝင် အသံလွှင့်ရုံအဆောက်အအုံ Design ပုံစံကို ပူးတွဲတင်ပြရပါမယ်။

(၅) စက်ခန်းမှာ ထည့်သွင်းရမယ့် အသံလွှင့်စက်များနဲ့ ခန့်မှန်းတန်ဖိုးကို Power Point ဖြင့် တင်ပြအပ်ပါတယ်။ ခန့်မှန်းတွက်ချက်မှုအရ အမေရိကန် ဒေါ်လာ ၂၃ သန်းခန့် ကုန်ကျနိုင်ပါတယ်။

ခေတ်မီအသံလွှင့်ကွန်ရက်အဖြစ် ဖွဲ့စည်းဆောင်ရွက်ရေးအပိုင်းမှာတော့

(၁) နေရာသစ်တွင်တပ်ဆင်မည့် Short Wave Antenna စနစ်မှာ အဓိကအားဖြင့် Medium Wave စနစ်ဖြင့် Cover မပေးနိုင်သော နိုင်ငံတွင်းဒေသများသို့ Cover ပေးနိုင်ရပါမယ်။

(၂) ယင်းတွင် Short Wave Directional Antenna (၂)စုံကို တစ်ပြိုင်တည်း ထုတ်လွှင့်နိုင်သော ချိတ်ဆက်မှုရှိရပါမယ်။

(၃) Short Wave နှင့် Medium Wave ထုတ်လွှင့်မှုကို Digital Radio Mondiale (DRM) ဒီဂျစ်တယ် ထုတ်လွှင့်မှုသို့ ကူးပြောင်းထုတ်လွှင့်ရန် DRM Upgrading အစီအမံကို တစ်ပါတည်း ထည့်သွင်းထားရပါမယ်။

(၄) Short Wave နှင့် Medium Wave Antenna System များကို ခေတ်မီနည်းပညာဒီဇိုင်းပုံစံဖြင့် အသစ်တပ်ဆင်ပေးရပါမယ်။

(၅) အသံလွှင့်စက်ရုံသစ်နှင့် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အဆောက်အအုံကြား Fiber ဆက်ကြောင်းသွယ်တန်းပေးရမည် ဆိုတဲ့အချက်များ ပါရှိပါတယ်။

ဆက်လက်ပြီး တင်ပြလိုတာကတော့ တင်ဒါစည်းကမ်းချက်များမှာ ဖော်ပြထားတဲ့ **"မီဒီယာလုပ်ငန်း လုပ်ကိုင်နေသည့် မြန်မာတိုင်းရင်းသားပိုင်ကုမ္ပဏီ"** ဆိုရာမှာ Print Media ဖြစ်တဲ့ ပုံနှိပ်ထုတ်ဝေလုပ်ငန်းများ၊ Broadcast Media ဖြစ်တဲ့ ရုပ်မြင်သံကြား၊ ရေဒီယို၊ FM စတဲ့ လုပ်ငန်းတစ်ခုခုကို လုပ်ကိုင်နေတဲ့ ကုမ္ပဏီအားလုံးကို ရည်ညွှန်းတာ ဖြစ်ပါတယ်။ **"အထူးသဖြင့် ရုပ်သံမီဒီယာလုပ်ငန်းအတွေ့အကြုံရှိသူ"** ဟု ဖော်ပြချက်မှာလည်း ရုပ်မြင်သံကြား၊ ရေဒီယို၊ FM လုပ်ငန်းဆောင်ရွက်သူများအားလုံးကို ရည်ညွှန်းထားတာဖြစ်ပြီး ရုပ်မြင်သံကြားထုတ်လွှင့်သူ တစ်ဦးတည်းကို ရည်ညွှန်းထားတာ မဟုတ်ကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ တင်ဒါပုံစံပါ စည်းကမ်းချက်များဟာ ရုပ်မြင်သံကြားထုတ်လွှင့်ခွင့်ရတဲ့ ရွှေသံလွင်မီဒီယာကုမ္ပဏီလီမိတက်ကိုသာရည်ညွှန်းပြီး ဆောင်ရွက်ထားတယ်လို့ ရေးသားဖော်ပြပြောဆိုနေကြပေမယ့် The Daily Eleven နေ့စဉ်သတင်းစာမှာ ဆောင်းပါးပါရှိတဲ့ ၂၀-၅-၂၀၁၅ ရက်နေ့အထိ တင်ဒါပုံစံလာဝယ်တဲ့ ကုမ္ပဏီ (၃)ခုရှိပြီး ရွှေသံလွင်မီဒီယာကုမ္ပဏီလီမိတက်က အဲဒီနေ့အထိ လာရောက်ဝယ်ယူခဲ့ခြင်း မရှိသေးတာတွေ့ရပါတယ်။ လာဝယ်တဲ့ ကုမ္ပဏီ (၃)ခုကို ကြည့်ရင်လည်း FM လုပ်ငန်းများ လုပ်ပိုင်ခွင့်ရရှိထားသူနဲ့ အခြားမီဒီယာလုပ်ငန်း လုပ်ကိုင်နေသူများ ဖြစ်ကြောင်း သိရှိရပါတယ်။

ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ အရေးကြီးအဆိုရှင်ရဲ့ စိုးရိမ်မှုများကို လည်း ထည့်သွင်းစဉ်းစားပါမည်။ တင်ဒါကြားနာမှုကိုလည်း ပွင့်လင်းမြင်သာစွာ ဆောင်ရွက်သွားပါမည်။ အဆိုရှင်အနေဖြင့် ယခင်က ရန်ကုန်မြို့တော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်စဉ် ရရှိခဲ့တဲ့ အားသာချက်၊ အားနည်းချက်၊ သင်ခန်းစာများအပေါ် အခြေခံဆွေးနွေးသည်ဟု ယုံကြည်ပါတယ်။ အဲဒါကြောင့် တင်ဒါစည်းကမ်းချက်များကို ပိုမိုရှင်းလင်းတိကျစေရန်အတွက် လိုအပ်ပါက ပြင်ဆင်ရေးဆွဲသွားပါမယ်။ (ဥပမာ- ရုပ်သံအစား ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း)။ တင်ဒါစိစစ်ရာမှာလည်း မြန်မာနိုင်ငံဗိသုကာကောင်စီ၊ အင်ဂျင်နီယာကောင်စီ၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ ပညာရှင်များပါဝင်ရန် ရည်ရွယ်ထားပါကြောင်း တင်ပြအပ်ပါတယ်။

သို့ဖြစ်ပါ၍ နိုင်ငံတော်ဘဏ္ဍာ ကုန်ကျမှုမရှိဘဲ ခေတ်မီအသံလွှင့်စက်ရုံနှင့် အခြေခံအဆောက်အအုံများ ရရှိနိုင်ခြင်း၊ နိုင်ငံတကာတွင် ဆောင်ရွက်လျက်ရှိသော မျက်မှောက် မီဒီယာဖွံ့ဖြိုးရေးစီမံကိန်းများနည်းတူ မိမိနိုင်ငံတွင်လည်း မီဒီယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို စီမံဆောင်ရွက်နိုင်မည်ဖြစ်ခြင်း၊ ရေကူးအသံလွှင့်စက်ရုံဝင်းအတွင်း စီးပွားရေးဆန်တဲ့ လူနေအိမ်ရာများအစား မီဒီယာနှင့်ဆက်စပ်သည့် လုပ်ငန်းများ၊ အများပြည်သူဆိုင်ရာ နေရာများပါဝင်တဲ့ မီဒီယာဇုန်တစ်ခု ပေါ်ထွက်လာမည်ဖြစ်ခြင်း၊ လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူအနေဖြင့် မြေနှင့် အဆောက်အအုံများကို ရောင်းချခွင့်မရှိခြင်း၊ တင်ဒါဆောင်ရွက်ရာတွင် အရေးကြီးအဆိုပါအချက်များကို ထည့်သွင်းစဉ်းစားဆောင်ရွက်သွားမည်ဖြစ်ခြင်းနဲ့ တင်ဒါကြားနာမှုကိုလည်း ပွင့်လင်းမြင်သာစွာ ဆောင်ရွက်သွားမည်ဖြစ်ခြင်းတို့ကြောင့် တောင်ဥက္ကလာပ မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်းလင်းရဲ့ အရေးကြီးအဆိုကို မှတ်တမ်းတင်ထားရှိပေးနိုင်ပါရန် တင်ပြရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသည်။

Korea Expo 2015 တွင် Samsung Myanmar က ထုတ်ကုန်သစ်များ မိတ်ဆက်

ရန်ကုန် မေ ၂၃

မြန်မာ-ကိုရီးယား နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး နှစ်(၄၀)ပြည့် အထိမ်းအမှတ်အဖြစ် ရန်ကုန်မြို့ ရှင်စောပုလမ်းရှိ Myanmar Event Park(MEP) တွင် မေ ၂၁ ရက်မှ ၂၄ ရက်ထိကျင်းပခဲ့သည့် Korea Expo 2015 ပြပွဲကြီး၌ Samsung Myanmar က ၂၀၁၅ ခုနှစ်တွင် နိုင်ငံတကာမှ နည်းပညာဆိုင်ရာ ဆုတံဆိပ် အမြောက်အများရရှိထားပြီးဖြစ်သည့် ၇စ လက်မ SUHD အမျိုးအစား တီဗီတို့ကို မိတ်ဆက်ပေးခဲ့ပြီး အခြားသောဒစ်ဂျစ်တယ် ထုတ်ကုန်သစ်များကိုလည်း စုံလင်စွာပြသခဲ့ကြောင်း သိရသည်။

အဆိုပါကုန်စည်ပြပွဲနှင့်ပတ်သက်၍ Samsung Myanmar မှ Managing Director Mr.Nam Sik Ahn က "၂၀၁၅ မှာ ကြီးကျယ်တဲ့အတွေ့အကြုံတွေကို သယ်ဆောင်လာပေးဖို့က ကျွန်တော်တို့ရဲ့ အဓိကရည်မှန်းချက်ပါ။ Samsung အနေနဲ့ ပိုမိုကောင်းမွန်ပြီး အဆင့်မြင့်တဲ့ လူနေမှုပုံစံနဲ့ ပိုမိုဆန်းသစ်တဲ့ စိတ်ကူးတီထွင်မှုမှတ်တိုင်တွေကို စိုက်ထူဖို့အတွက် ထုတ်ကုန်သစ်တွေကို ဖန်တီးလုပ်ဆောင်နေပါတယ်။ အခုပြသထားတဲ့ ထူးခြားတဲ့နည်းပညာတွေက မြန်မာပြည်သူတွေကို အဆင့်မြင့်မြင့်နဲ့ ခေတ်မီဆန်းသစ်တဲ့လူနေမှုပုံစံကို ဖန်တီးပေးနိုင်မှာပါ"ဟု ပြောကြားခဲ့သည်။

ယခုလက်ရှိ နည်းပညာပိုင်းဆိုင်ရာတွင် ဦးဆောင်လျက်ရှိသော Samsung Electronics သည် တီဗီများ၊ အိမ်သုံး လျှပ်စစ်ထုတ်ကုန်များ၊ စမတ်ဖုန်းများ၊ တက်ဘလက်များ၊ ကင်မရာများ၊ ဒစ်ဂျစ်တယ်အသုံးအဆောင်ပစ္စည်းများ၊ LED နှင့် ဆက်စပ်ပစ္စည်းများကို နိုင်ငံပေါင်း ၈၄ နိုင်ငံတွင် ဝန်ထမ်းပေါင်း ၃၀၇၀၀၀ ဖြင့် ဝန်ဆောင်မှုပေးလျက်ရှိကြောင်း သိရသည်။ **(ကြေးမုံ)**

အရှည် ပေ ၃၂၀၀၊ အကျယ် ၈၁ပေ၊ အနက် ကိုးပေရှိ အလုံမြို့နယ် ၄ဝါလမ်း မြေအောက်ရေမြောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် မေ ၂၃ ရက်က ဆောင်ရွက်နေစဉ်။

တင်မောင်ဦး(အလုံ)

ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးပေးမည်

နေပြည်တော် မေ ၂၃

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှူးဦးစီးဌာနမှ ၂၀၁၅ ခုနှစ် ဇွန်လအတွင်း အောက်ဖော်ပြပါ မြို့နယ်များသို့ နယ်လှည့်၍ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့်ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးမည်ဖြစ်ပါ၍ ကြိုတင်ပြင်ဆင်နိုင်ရန်အတွက် အသိပေးကြေညာအပ်ပါသည်-

စဉ်	တိုင်းဒေသကြီး/ပြည်နယ်	မြို့နယ်
၁။	နေပြည်တော်	လယ်ဝေး
၂။	ကချင်ပြည်နယ်	ပူတာအို၊ ဟိုပင်
၃။	ကယားပြည်နယ်	ဒီမောဆိုး၊ ဖရူဆို
၄။	စစ်ကိုင်းတိုင်းဒေသကြီး	အရာတော်၊ ဒီပဲယင်း
၅။	ပဲခူးတိုင်းဒေသကြီး	ညောင်လေးပင်၊ ကြို့ပင်ကောက်
၆။	မကွေးတိုင်းဒေသကြီး	ချောက်၊ ဂန့်ဂေါ၊ ထီးလင်း၊ အောင်လံ၊ ငဖဲ၊ ဆင်ပေါင်ဝဲ
၇။	မန္တလေးတိုင်းဒေသကြီး	စဉ့်ကူး၊ သာစည်၊ ညောင်ဦး၊ ပျော်ဘွယ်
၈။	မွန်ပြည်နယ်	မုဒုံ၊ ပေါင်
၉။	ရခိုင်ပြည်နယ်	သံတွဲ၊ တောင်ကုတ်၊ ဝွ
၁၀။	ရန်ကုန်တိုင်းဒေသကြီး	ဥက္ကံ၊ ဒလ
၁၁။	ရှမ်းပြည်နယ်	မိုးနဲ၊ မိုင်းဖြတ်
၁၂။	ဧရာဝတီတိုင်းဒေသကြီး	ကျုံပျော်၊ ရေကြည်၊ ဓနုဖြူ၊ အင်းပူ၊ လေးမျက်နှာ

ပက်ဆန်းအနုပညာဆုပေးပွဲ၌ လီမင်ဟို၊ ပတ်ရှင်ဟေး၊ လီကျောင်ဆတ်၊ စီဝမ်နှင့် ခရစ်စတယ်တို့ ရေပန်းအစားဆုံးဆုများရရှိ

(၅၁) ကြိမ်မြောက် ပက်ဆန်းအနုပညာဆုပေးပွဲအခမ်းအနားကို မေ၂၆ ရက်က တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ရှိ ကန်ဟီးတက္ကသိုလ် ပီးစ်ပဲလေ့ခန်းမ၌ ကျင်းပခဲ့ပြီး ဆုရရှိသူများအား ဆုများ အသီးသီးချီးမြှင့်ခဲ့ကြောင်း KPopStarz တွင်ရေးသားဖော်ပြထားသည်။

ထိုဆုပေးပွဲ၌ ကိုရီးယားပေါ့ပ်အဆိုတော်အဖွဲ့မှ ယူချန်ကအကောင်းဆုံးအမျိုးသားသရုပ်ဆောင်သစ်ဆုကို Haemoo ရုပ်ရှင်ဇာတ်ကားဖြင့် ရရှိခဲ့ပြီး သူသည် အဆိုပါ ဆုကို သရုပ်ဆောင်လီမင်ဟိုနှင့် ကန်ဟေးနုတို့ကို ကျော်လွန်ပြီးရရှိခဲ့ခြင်းဖြစ်သည်။

ပြည်သူ့အချစ်တော်လီမင်ဟိုသည် အကောင်းဆုံးအမျိုးသားသရုပ်ဆောင်သစ်ဆုကို မရရှိခဲ့သော်လည်း ရေပန်းအစားဆုံးဆုကို Gangnam 1970 ဖြင့် ဆွတ်ခူးရရှိခဲ့ပြီး သူသည်ထိုဆုကို The Heirs ဒရမ်မာဇာတ်လမ်းတွဲတွင် တွဲဖက်သရုပ်ဆောင်ခဲ့ကြသော မင်းသမီး ပတ်ရှင်ဟေးနှင့် ခရစ်စတယ်တို့နှင့်အတူ တက်ရောက်ယူခဲ့သည်။

ရေပန်းအစားဆုံးမင်းသမီးဆုကို မင်းသမီးပတ်ရှင်ဟေးက The Royal Tailor ရုပ်ရှင်ဇာတ်လမ်းတွဲဖြင့် လည်းကောင်း၊ My Lovely Girl ရုပ်ရှင်ဇာတ်လမ်းတွင် ယွန်စေးနအဖြစ် သရုပ်ဆောင်ခဲ့သော အမျိုးသမီးကေပေါ့အဖွဲ့(x)မှ ခရစ်စတယ်တို့ကလည်းကောင်း ရရှိခဲ့ကြသည်။

ထိုနည်းတူ ရေပန်းအစားဆုံး လူကြိုက်များသည့် ဆုများကို လီကျောင်ဆတ်နှင့် စီဝမ်တို့က ရရှိခဲ့ကြပြီး ZE:A အဖွဲ့မှ စီဝမ်က Misaeng ဇာတ်လမ်းတွဲဖြင့် ရရှိခဲ့ခြင်းဖြစ်သည်။ Pinocchio ရုပ်မြင်သံကြားဇာတ်လမ်းတွဲဖြင့် ဆုရရှိခဲ့သော သရုပ်ဆောင်မော်ဒယ်လ် လီကျောင်ဆတ်မှာ ဆုတက်ရောက်ယူနိုင်ခဲ့ခြင်းမရှိကြောင်းသိရသည်။

(၅၁) ကြိမ်မြောက်ကျင်းပသည့် ပက်ဆန်း အနုပညာဆုပေးပွဲ၌ ကိုရီးယားရော့ခ် အဆိုတော်အဖွဲ့ Code Name Blue မှ ဂျွန်ယွန်းဟွာ၏ တေးသီချင်း သီဆိုဖျော်ဖြေမှုများကို တက်ရောက်လာသော အနုပညာရှင်များနှင့် ပရိသတ်များက သဘောကျနှစ်သက်ခဲ့ကြသည်ဟု ဖော်ပြထားသည်။

စန္ဒာဝင်း

အောင်မြင်မှုတွေအတွက် ထင်သလောက် မကြိုးစားခဲ့ရပါဘူးလို့ ဆိုလာတဲ့ တေလာဆွစ်

အမေရိကန်အဆိုတော် တေလာဆွစ်သည် ပြီးခဲ့သည့် ဘေဘုတ်ဂီတ ဆုပေးပွဲတွင် အကောင်းဆုံးအမျိုးသမီး တေးသံရှင်ဆုအပါအဝင် ဆုပေါင်းရှစ်ဆုရရှိခဲ့ကာ ဂီတလောကတွင် အအောင်မြင်ဆုံးသော တေးသံရှင်အဖြစ် ရပ်တည်နေခဲ့သည်။

အသက်(၂၅)နှစ်ရှိပြီဖြစ်သော တေးသံရှင်တေလာက သူ၏တေးအယ်လ်ဘမ်များမှလွဲ၍ အခြားသော နယ်လှည့်ဖျော်ဖြေပွဲများနှင့် ဆုတံဆိပ်များစွာတို့သည် အများသူငါ ထင်ထားသလောက် ကြီးကြီးမားမားပေးဆပ်ရခြင်းမျိုး၊ ပြင်းပြင်းထန်ထန်ကြိုးစားရခြင်းမျိုးမရှိခဲ့ကြောင်း ဆိုသည်။

ပြီးခဲ့သည့် သီတင်းပတ်က ဘီဘီစီရေဒီယိုနှင့် ပြုလုပ်ခဲ့သော အင်တာဗျူးတစ်ခုတွင် သူ၏ ဂီတလမ်းကြောင်းသည် သာသာယာယာယာရှိကြောင်းနှင့် ခက်ခဲမှုများ မရှိသလောက်ရှားခဲ့ကြောင်း ပေါ့ပ်ဂီတကြယ်ပွင့်က အံ့အားသင့်စရာ ဝန်ခံစကားကို ဆိုခဲ့လေသည်။

အဆိုတော်နှင့် သီချင်းရေးဆရာ တေလာဆွစ်သည် ဂီတလောကတွင် အောင်မြင်မှုများကြောင့် Forbes ၏ ကမ္ဘာ့အင်အားအကြီးဆုံးအမျိုးသမီး ၁၀၀စာရင်းတွင် ပါဝင်ခဲ့ကာ အသက်အငယ်ဆုံး အမျိုးသမီးဖြစ်ခဲ့သည်။ အခြားသော စာရင်းဝင်အနုပညာရှင်များမှာ ဘီယွန်စေး၊ အိန်ဂျလီနာဂျိုလီ၊ အော့ပရက်ဖ်ဝင်ဖရီနှင့် အယ်လန်ဒီဂျန်နာရီးဒ်တို့ဖြစ်သည်။

တေလာသည် တွစ်တာနှင့် အင်စတာဂရမ်တို့ကဲ့သို့သော လူမှုဝက်ဘ်ဆိုက်များတွင် ပရိသတ်နှင့် ရင်းရင်းနှီးနှီးရှိခဲ့ပြီး အားပေးမှု အခိုင်အမာရရှိထားသည်။ ထို့ပြင် သူသည် ယနေ့ခေတ်၏ ယဉ်ကျေးမှုကို အလွှမ်းမိုးနိုင်ဆုံးသော အနုပညာရှင်တစ်ဦးလည်းဖြစ်သည်။

ခင်ခင်သက်

အဖွဲ့ဝင်လေးဦးဖြင့် ပထမဆုံးသီဆို ရိုက်ကူးထားသည့် တေးအယ်လ်ဘမ်အကြောင်း One Direction အဖွဲ့ ဖွင့်ဟ

One Direction အဖွဲ့မှ အဖွဲ့ဝင်တစ်ဦးဖြစ်သော ဇန်ဗိုက်ခ်နုတ်ထွက်ခဲ့ပြီးနောက် အဆိုပါဂီတအဖွဲ့သည် အဖွဲ့ဝင်လေးဦးဖြင့်သာ အဖွဲ့၏ ပဉ္စမမြောက်တေးအယ်လ်ဘမ်ကို အခက်အခဲများစွာထဲမှ ကြိုးစားခဲ့ရပြီး ယခုထွက်ရှိမည့် တေးအယ်လ်ဘမ်သည် အဖွဲ့ဝင်လေးဦးသာပါဝင်သည့် ပထမဦးဆုံး တေးအယ်လ်ဘမ်ဖြစ်သည်။

နီးလ်ဟော်ရန်၊ လီယမ်ပေးန်၊ ဟယ်ရီစတိုင်စ်နှင့် လူးဝစ်တွမ်လင်စန်တို့လေးဦးက လာမည့်တေးအယ်လ်ဘမ်သည် အရင်ထွက်ရှိခဲ့သမျှသော တေးအယ်လ်ဘမ်များနှင့် တစ်မျိုးတစ်ဖုံကွဲပြားမည်ဖြစ်ကြောင်း ဖွင့်ဟခဲ့သည်။

ET Online နှင့်ပြုလုပ်သော အင်တာဗျူးတစ်ခုတွင် နီးလ်က "ဒီတေးအယ်လ်ဘမ်မှာ ကွာခြားချက်တွေရှိတယ်။ သီချင်းတွေအကုန်လုံး တစ်ပုဒ်နဲ့တစ်ပုဒ် လုံးဝကွဲပြားတယ်။ ဒီတစ်ခါ မတူညီတဲ့ကွဲပြားမှုတွေအကုန်လုံးကိုစုထားတာ။ ဂီတာတို့၊ ဒရမ်တို့ကအစ အရင်သုံးခဲ့တာတွေနဲ့မတူဘဲ အမျိုးအစားပြောင်းသုံးထားတယ်။ အရင်လုပ်ခဲ့တာတွေနဲ့ မတူဘဲ တော်တော်လေးကွဲပြားအောင် ဖန်တီးထားပါတယ်။ ဒါပေမယ့်လည်း ပရိသတ်ကြိုက်မှာပါ"ဟု ဖွင့်ဟခဲ့သည်။

ဆက်လက်၍ လီယမ်က One Direction ၏ တေးသွားများကိုကြိုက်နှစ်သက်သည့် ပရိသတ်များအတွက်လည်း သီချင်းများ ထည့်သွင်းဖန်တီးပေးထားကာ ယခုလက်ရှိတွင် ပြုလုပ်နေဆဲဖြစ်သည့်အတွက် သီချင်းများကို ထုတ်လွှင့်ဖြန့်ချိနိုင်ခြင်းမရှိသေးကြောင်း ဆိုခဲ့သည်။ အဆိုပါတေးအယ်လ်ဘမ်တွင် ပါဝင်မည့် သီချင်းခေါင်းစဉ်များကို ထုတ်ဖော်ပြောကြားနိုင်ခြင်း မရှိသေးသော်လည်း ပရိသတ်အကြိုက်ဖြစ်မည်မှာသေချာကြောင်း အာမခံသွားခဲ့ သည်။

One Direction သည် မတ်လက ဇန်နုတ်ထွက်ခဲ့ပြီးနောက် ဇန်မပါသော သူတို့၏ အနာဂတ်အပေါ် အလွန်ပင်ရင်ခုန်စိတ်လှုပ်ရှားနေခဲ့သည်။

ခင်ခင်သက်

ရုပ်မြင်သံကြားအစီအစဉ်

၂၈ - ၅ -၂၀၁၅ (ကြာသပတေးနေ့)

မြဝတီ

၆:၀၃	တရားတော်
၆:၂၀	မေတ္တာပို့
၆:၂၅	ဓမ္မပုဇာတေး
၆:၃၀	ကိုယ်လက်လှုပ်ရှားအားကစား
၈:၀၀	ရှေးဟောင်းသုတ
၈:၂၅	DVD Hits
၈:၃၅	ဟန်ချက်ညီညီနိုင်ငံတော်သစ်ဆီ
၈:၅၅	လျှပ်တစ်ပြက်
၉:၂၅	ချစ်သူစုံတွဲတူယှဉ်ခွဲ
၉:၃၀	ဇာတ်လမ်းတို
၉:၄၅	ဗွီစီဒီကျော်ကြားတေး
၉:၅၀	မွေးမြူသုတ
၁၀:၀၀	မြန်မာသံစဉ်ချိန်းဝင်
၁:၀၀	သာယာသီကြွေးခေတ်ဆန်းတေး
၁:၃၅	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - အတိတ်ရဲ့ချစ်ခြင်း (အပိုင်း-၄၂)
၆:၁၅	ရင်ခုန်လှုပ်ရှားအားကစား
၇:၀၀	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ဆူးခင်းလမ်းရဲ့ချစ်ပန်းနှင်းဆီ (အပိုင်း-၄၁) - ရှင်းတွာရဲ့ဂိမ်းကမ္ဘာ - ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ဟိုတယ်ဘုရင် (အပိုင်း-၃၆)

MRTV - 4

၅:၀၀	ပဌာန်းပါဠိတော် +ဓဇဂွသုတ်
၅:၄၀	"သက်တမ်းရှည်တို ကြောင်းထိုထို" (အပိုင်း-၁) တရားတော် [ဘဒ္ဒန္တဥာဏနန္ဒပါလ (ရမ္ဘာဝတီ တိပိဋကဆရာတော်)
၉:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိုအေစစ်ကမ္ဘာလေး" (အပိုင်း-၈၁)
၉:၄၅	အနုပညာမိုးကောင်းကင်
၁၀:၀၅	ခေတ်သစ်ယျိမေ
၁၀:၅၀	ထောင်မင်းသားနှင့်တွေ့ဆုံခြင်း
၁၁:၀၀	Food & Decor
၁၁:၃၀	MRTV-4 Stage
၁၂:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ရာဇဝင်ထဲကရင်ခုန်သံ" (အပိုင်း-၁၆)
၂:၂၀	မြန်မာရုပ်သံဇာတ်လမ်းတွဲ "ဝိညာဉ်ရှိက်သံ" (အပိုင်း-၄၁)
၂:၅၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လေဟုန်စီးတဲ့ပန်းလိပ်ပြာ" (အပိုင်း-၂၃)
၅:၅၀	Miss Myanmar World 2015
၆:၁၀	Health Fix
၆:၁၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လေဟုန်စီးတဲ့ပန်းလိပ်ပြာ" (အပိုင်း-၂၄)
၇:၁၀	မြန်မာရုပ်သံဇာတ်လမ်းတွဲ "ဝိညာဉ်ရှိက်သံ" (အပိုင်း-၄၂)
၈:၁၀	ရသစုံညနီးတမ်းများ
၈:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိုအေစစ်ကမ္ဘာလေး" (အပိုင်း-၈၂)
၉:၁၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ရာဇဝင်ထဲကရင်ခုန်သံ" (အပိုင်း-၁၇)
၉:၄၅	အနုပညာမိုးကောင်းကင်
၁:၃၀	World of Knowledge (Expedition Wild Yellow Stone WInter)
၄:၁၅	အဇ္ဈတ္တကစားပွဲ
၄:၄၅	The Golden Land

mitv

- Htan Taw Drums (Part-I) "Osi"
- Oboist and His Life
- Crocodile Keeper
- Myanma Pottery
- Products Of Myanmar - Strong And Stylish Pakokku Slippers
- Amazing: Magician Sak Kaw Ma
- Scented Buddha Images
- Shwe Bo Township Bearing Five Names
- The Precious Lands Of Myanmar (Mandalay Region)
- Products Of Myanmar - Power Ring
- Entrepreneur "U Nyan Lin"
- Myanmar Social & Charitable Association (Ep-1) Mingalar Byuha
- Culture Shows: Theatrical Art
- News
- Snake Dancer
- A Day In Bagan
- Guiding Star of Song Birds
- Myanmar Master Class "Kyaw Phyu San"
- Ngapali, Unique Spot To Relax
- Myanmar Paper Toys
- Myanmar Sculpture-Work of Art
- Dengue Fever
- Creations of a Designer

အားကစား

စပိန်ဘုရင့်ဖလားဗိုလ်လုပွဲရင်ခုန်သံ

ဘီဘာအို-ဘာစီလိုနာ နံနက် ၂:၀၀(၃၁-၅-၂၀၁၅)

၂၀၁၅ စပိန်ဘုရင့်ဖလားပြိုင်ပွဲရဲ့ ဗိုလ်လုပွဲကို လာမယ့် မေ ၃၀ ရက်ည(၃၁ ရက် နံနက်)မှာ ကျင်းပသွားမှာ ဖြစ်ပါတယ်။

ဘာစီလိုနာ၏ ချန်ပီယံဖြစ်ခဲ့မှုများ

၁၉၁၀၊ ၁၉၁၂၊ ၁၉၁၃၊ ၁၉၂၀၊ ၁၉၂၂၊ ၁၉၂၅၊ ၁၉၂၆၊ ၁၉၂၈၊ ၁၉၄၂၊ ၁၉၅၁၊ ၁၉၅၃၊ ၁၉၅၄၊ ၁၉၅၆၊ ၁၉၆၃၊ ၁၉၆၅၊ ၁၉၆၆၊ ၁၉၇၀၊ ၁၉၇၃၊ ၁၉၇၅၊ ၁၉၇၈၊ ၁၉၈၁၊ ၁၉၈၄၊ ၁၉၈၆၊ ၁၉၈၈၊ ၁၉၉၀၊ ၁၉၉၂၊ ၁၉၉၈၊ ၂၀၀၉၊ ၂၀၁၂။

ဘီဘာအို၏ ချန်ပီယံဖြစ်ခဲ့မှုများ

၁၉၀၃၊ ၁၉၀၄၊ ၁၉၁၀၊ ၁၉၁၁၊ ၁၉၁၅၊ ၁၉၁၈၊ ၁၉၂၁၊ ၁၉၂၃၊ ၁၉၂၄၊ ၁၉၂၆၊ ၁၉၂၈၊ ၁၉၃၀၊ ၁၉၃၂၊ ၁၉၄၄၊ ၁၉၄၆၊ ၁၉၅၀၊ ၁၉၅၅၊ ၁၉၅၈၊ ၁၉၆၁၊ ၁၉၆၃၊ ၁၉၆၈၊ ၁၉၆၉၊ ၁၉၇၂၊ ၁၉၈၄။

ဒီနှစ်စပိန်ဘုရင့်ဖလားပြိုင်ပွဲရဲ့ဗိုလ်လုပွဲအဆင့်ကို ဘီဘာအိုနဲ့ ဘာစီလိုနာတို့ တက်ရောက်လာနိုင်ခဲ့ပြီး အဆိုပါ ပွဲစဉ်ကိုတော့ ဘာစီလိုနာရဲ့အိမ်ကွင်းဖြစ်တဲ့ နူးကမ့်ကွင်းမှာ ယှဉ်ပြိုင်ကစားသွားမှာဖြစ်ကာ ဒီနှစ်ဗိုလ်လုပွဲကို တက်ရောက်လာနိုင်ခဲ့ကြတဲ့ ဘာစီလိုနာနဲ့ ဘီဘာအိုတို့နှစ်သင်းစလုံးဟာ ဒီပြိုင်ပွဲမှာ အအောင်မြင်ဆုံးအသင်းတွေအဖြစ် ရပ်တည်နေကြတဲ့အသင်းတွေလည်း ဖြစ်ပါတယ်။

ဘာစီလိုနာကတော့ ဒီစပိန်ဘုရင့်ဖလားကို (၂၆)ကြိမ်တိတိရယူနိုင်ခဲ့ပြီး ပြိုင်ပွဲသမိုင်းတစ်လျှောက် အအောင်မြင်ဆုံးအသင်းအဖြစ် ရပ်တည်နေသလို ဘီဘာအိုကလည်း ဒီဆုဖလားကို (၂၅)ကြိမ်ရရှိထားကာ ဒုတိယအအောင်မြင်ဆုံးအဖြစ်ရပ်တည်နေပါတယ်။ ဒဲ့အပြင် ဘီဘာအိုဟာ ဒီပြိုင်ပွဲကို စတင်ကျင်းပတဲ့ ၁၉၀၃ ခုနှစ်ပြိုင်ပွဲမှာ ဗိုလ်စွဲနိုင်ခဲ့တာကြောင့် ဒီပြိုင်ပွဲရဲ့ ပထမဆုံးချန်ပီယံအသင်းဖြစ်နေသလို ဘီဘာအိုနဲ့ ဘာစီလိုနာတို့ဟာ ဒီပြိုင်ပွဲရဲ့ ဗိုလ်လုပွဲအဆင့်မှာ ခုနစ်ကြိမ်တိုင်တိုင်ဆုံ ခဲ့ဖူးပြီး အဲဒီခုနစ်ကြိမ်မှာတော့ ဘာစီလိုနာက ငါးကြိမ် အနိုင်ရဗိုလ်စွဲခဲ့ပါတယ်။ ဒါကြောင့်ဒီတစ်ကြိမ်မှာရော ဘယ်အသင်းကများ နိုင်ပွဲရပြီး ချန်ပီယံဖြစ်သွားမလဲဆိုတာ စောင့်ကြည့်သွားရမှာပါ။

အထူးသဖြင့် ဘာစီလိုနာဟာ ဒီနှစ်ဘောလုံးရာသီမှာ စပိန်လာလီဂါဆုဖလားကို ဆွတ်ခူးရယူနိုင်ခဲ့သလို ချန်ပီယံလီဂ်ပြိုင်ပွဲမှာလည်း ဗိုလ်လုပွဲအဆင့်ရောက်နေတာကြောင့် ဒီပြိုင်ပွဲမှာသာဗိုလ်စွဲခဲ့ရင် အဓိကဆုဖလားသုံးလုံးကို တစ်ပြိုင်နက်ရယူနိုင်ဖို့ မျှော်လင့်နိုင်မှာဖြစ်တဲ့အတွက် ခြေကုန်ထုတ်ကစားလာမှာပါ။

လက်ရှိဘာစီလိုနာရဲ့ကစား ပုံကလည်း အကောင်းဆုံးပုံစံမှာရှိနေသလို နေမာ၊ မက်ဆီ၊ ဆွာရက်ဇ်တို့ရဲ့ တိုက်စစ်ကဘယ်ပြိုင်ဘက်ရဲ့ခံစစ်ကိုမဆို အကောင်းဆုံး ကျော်ဖြတ်ဂိုးသွင်းနိုင်စွမ်းရှိပါတယ်။ ဒဲ့အပြင် ရာကီတစ်၊ အင်နီယေစတာ၊ ဘက်စကွက်တို့ရဲ့ ကွင်းလယ်ကလည်း ပြိုင်ဘက်တိုင်းရဲ့ ကွင်းလယ်ကိုထိန်းချုပ်နိုင်စွမ်းရှိပါတယ်။

ဘီဘာအိုကတော့ ဒီပြိုင်ပွဲမှာ ဆယ်တာဗီဂို၊ မာလာဂါ၊ အက်စ်ပန်ညိုတို့လို အသင်းကောင်းတွေကို ကျော်ဖြတ်ပြီး ဒီအဆင့်ကို ရောက်ရှိလာတာဖြစ်ပေမယ့် ခြေစွမ်းခြေစကတော့ သာမန်ပဲရှိပါတယ်။ အထူးသဖြင့် လာလီဂါထိပ်ဆုံး ခုနစ်သင်းထဲမှာ ဒုတိယပေးဂိုးအများဆုံးအသင်းအဖြစ်ရပ်တည်နေတဲ့ ဘီဘာအိုခံစစ်ကြောင်းဟာ ကျစ်လျစ်မှုအားနည်းသလို အဝေးကွင်းပွဲစဉ်တွေမှာ ၁၉ ပွဲကစား ၁၄ ဂိုးသာသွင်းနိုင်ခဲ့တဲ့ ဘီဘာအို အဝေးကွင်းတိုက်စစ်အားကလည်း ထက်မြက်မှုမရှိတာကြောင့် ဘာစီလိုနာရဲ့အိမ်ကွင်းမှာ ကစားရမယ့် ဒီပွဲမှာဘီဘာအိုရှုန်းကန်ရမှာပါ။

အထူးသဖြင့် ဒီရာသီမှာ ဘီဘာအိုဟာ လာလီဂါပြိုင်ပွဲအတွင်း ဘာစီလိုနာနဲ့ နှစ်ပွဲ ကစားခဲ့ရာမှာ ဘီဘာအိုတို့ နှစ်ပွဲစလုံးအရှုံးနဲ့ ရင်ဆိုင်ခဲ့ရတာတွေ့ရပါတယ်။ အိမ်ကွင်းမှာ ကစားခဲ့တဲ့ပွဲအတွင်း ဘီဘာအိုဟာ သုံးဂိုး-နှစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့ရသလို အဝေးကွင်းမှာ ကစားခဲ့တဲ့ပွဲမှာလည်း ဘီဘာအိုတို့နှစ်ဂိုးပြတ်နဲ့ အရေးနိမ့်ခဲ့ရပါတယ်။ ဒါကြောင့် ဒီပွဲမှာလည်း ဘီဘာအိုတို့ ဘာစီလိုနာကို ယှဉ်ဖို့ခက်ပြီး ဘာစီလိုနာကသာ အနိုင်ရဗိုလ်စွဲသွားမှာပါ။

ဘာစီလိုနာ၏ စပိန်ဘုရင့်ဖလားခြေစွမ်း

ဟက်စ်ကာ	၀-၄	ဘာစီလိုနာ
ဘာစီလိုနာ	၈-၀	ဟက်စ်ကာ
ဘာစီလိုနာ	၅-၀	အဲလ်ချီ
အဲလ်ချီ	၀-၄	ဘာစီလိုနာ
ဘာစီလိုနာ	၁-၀	အက်သလက်
အက်သလက်	၂-၃	ဘာစီလိုနာ
ဘာစီလိုနာ	၃-၁	ဗီလာရီးရဲ
ဗီလာရီးရဲ	၁-၃	ဘာစီလိုနာ

ဘီဘာအို၏ စပိန်ဘုရင့်ဖလားခြေစွမ်း

အယ်လ်ကိုရာနို	၁-၈	ဘီဘာအို
ဘီဘာအို	၁-၀	အယ်လ်ကိုရာနို
ဆယ်တာဗီရို	၂-၄	ဘီဘာအို
ဘီဘာအို	၀-၂	ဆယ်တာဗီရို
မာလာဂါ	၀-၀	ဘီဘာအို
ဘီဘာအို	၁-၀	မာလာဂါ
ဘီဘာအို	၁-၁	အက်စ်ပန်ညို
အက်စ်ပန်ညို	၀-၂	ဘီဘာအို

ဘာစီလိုနာနှင့် ဘီဘာအိုဘိုတို့၏ စပိန်ဘုရင့်ဖလားဗိုလ်လုပွဲ၌ ဆုံတွေ့မှုများ

၁၉၂၀	ဘာစီလိုနာ	၂-၀	ဘီဘာအို
၁၉၃၂	ဘီဘာအို	၁-၀	ဘာစီလိုနာ
၁၉၄၂	ဘာစီလိုနာ	၄-၃	ဘီဘာအို
၁၉၅၃	ဘာစီလိုနာ	၂-၁	ဘီဘာအို
၁၉၈၄	ဘီဘာအို	၁-၀	ဘာစီလိုနာ
၂၀၀၉	ဘာစီလိုနာ	၄-၁	ဘီဘာအို
၂၀၁၂	ဘာစီလိုနာ	၃-၀	ဘီဘာအို

ရှင်းမင်းမင်း

ဘန်တီကီအားခေါ်ယူရန် လီဗာပူးကြိုးပမ်း

ဗီလာတိုက်စစ်မှူး ဘန်တီကီအတွက် ကမ်းလှမ်းမှုကို အက်ဖ်အေဖလားဗိုလ်လုပွဲ အပြီးမှသာ ပြုလုပ်သွားမယ်လို့ လီဗာပူးအသင်းဘက်က ထုတ်ပြန်ခဲ့ပါတယ်။ ဒဲ့အပြင် အသင်းမှ နောက်ခံကစားသမားနှစ်ဦးဖြစ်တဲ့ ကိုလိုတိုရေးနဲ့ အန်ဒရီဝစ္စဒန်တို့ကို စာချုပ်သက်တမ်း ထပ်မံတိုးမြှင့်မှုတွေကို ပြုလုပ်နိုင်ခဲ့ပါတယ်။

လက်ရှိမှာ လီဗာပူးဟာ တိုက်စစ်မှူးဆွာရက်ဇ် ထွက်ခွာသွားပြီးကတည်းက တိုက်စစ်မှာ စတာရစ်ချ်တစ်ယောက်တည်းကို အားကိုးနေရတဲ့အတွက် ပရီမီယာလီဂ်ကစားဟန်နဲ့ အသင့်အံဝင်ပြီးသား ဘန်တီကီကို အပြောင်းအရွှေ့ကာလမှာ ခေါ်ယူနိုင်ဖို့ အဓိကပစ်မှတ်ထားနေတာပဲဖြစ်ပါတယ်။ ဘန်တီကီဟာ ယခုနှစ် ပရီမီယာလီဂ်မှာ ၃၂ ပွဲဝင်ရောက်ကစားခဲ့ပြီး သွင်းဂိုး ၁၅ ဂိုး သွင်းယူပေးထားနိုင်တာကြောင့် နည်းပြ ဘရန်ဒန်ရော်ဂျာက ဒီတိုက်စစ်မှူးကိုသာ ခေါ်ယူနိုင်ခဲ့ရင် လီဗာပူးအနေနဲ့ ထိပ်ဆုံးလေးသင်းစာရင်းကို ဝင်ရောက်နိုင်ဖို့ အခက်အခဲမရှိနိုင်တော့ဘူးလို့ ယုံကြည်နေတာဖြစ်ပါတယ်။

ပရီမီယာလီဂ်အသင်းကြီးများ၏ ကမ်းလှမ်းမှုကို ပေါ့ဘာ ပယ်ချ

ဂျူဗင်တပ်ကွင်းလယ်လူ ပေါ့ဘာက စပိန်သို့သာပြောင်းရွှေ့ကစားလို၍ ပရီမီယာလီဂ်အသင်းကြီးများဖြစ်သော မန်ယူ၊ ချယ်လ်ဆီး၊ အာဆင်နယ်တို့၏ကမ်းလှမ်းမှုများကို ပယ်ချခဲ့သည်။ ပေါ့ဘာသည် ပြင်သစ်ကစားဖော်များဖြစ်သော ဘင်ဇီမာ၊ ဗာရာနီတို့ရှိနေသော ရီးယဲလ်သို့သာ ပြောင်းရွှေ့လိုပြီး ရီးယဲလ်နှင့်အဆင်မပြေမှုသာ ဘာစီလိုနာသို့ ဒုတိယဦးစားပေးအသင်းအဖြစ် ပြောင်းရွှေ့လိုသည်ဟု ပြောကြားခဲ့သည်။

လက်ရှိတွင်ဂျူဗင်တပ်ကလည်း ပေါ့ဘာ အားလက်လွှတ်ခံလိုခြင်းမရှိဘဲ အသင်းအတွက် ငွေကြေးပြဿနာ တစ်စုံတစ်ရာမရှိသောကြောင့် အဆိုပါ ကစားသမားကို ရောင်းချရန်မလိုဘဲ နောက်နှစ်ဘောလုံးရာသီအတွက် အသင်းတွင်ဆက်လက်ရှိနေစေရန်ကြိုးပမ်းသွားမည်ဟု တုံ့ပြန်ထားခဲ့သည်။ ပေါ့ဘာသည် လက်ရှိ ကွင်းလယ်ကစားသမားများတွင် အထွန်းတောက်ဆုံး လူငယ်ကစားသမားတစ်ဦးဖြစ်ရာ ကမ္ဘာ့အင်အားကြီးကလပ် အတော်များများက လာမည့်နွေရာသီ အပြောင်းအရွှေ့ကာလ ဖွင့်လှစ်ချိန်၌ ၎င်းအား မြင့်မားသောပြောင်းရွှေ့ကြေးဖြင့် ကမ်းလှမ်းရန်ပြင်ဆင်နေကြခြင်းဖြစ်သည်။

မေလဲ့သင်းစုစည်းသည်

အင်္ဂလိပ်ဘောလုံးလောကကို ချယ်လ်ဆီးသာ ဆက်လက်လွှမ်းမိုးနေဦးမည်ဟု ဖာဂူဆန်ခန့်မှန်း

ချယ်လ်ဆီးသည် ငါးနှစ်တာကာလအတွင်း ပရီမီယာလီဂ်ချန်ပီယံဆုကို ပထမဆုံးအကြိမ်ပြန်လည်ဆွတ်ခူးနိုင်ခဲ့ပြီးနောက် မော်ရင်ဟိုနှင့် ချယ်လ်ဆီးတို့သာ အင်္ဂလိပ်ဘောလုံးလောကအားနှစ်အတော်ကြာ ဆက်လက်ကြီးစိုးနေလိမ့်ဦးမည်ဟု ဆာအဲလက်စ်ဖာဂူဆန်က ခန့်မှန်းပြောကြားခဲ့သည်။ မော်ရင်ဟိုသည် ယခုနှစ်ဘောလုံးရာသီတွင် ချယ်လ်ဆီးအား ယှဉ်ပြိုင်ချိန်ကာလ ၂၇၄ ရက်တည်းဖြင့် ပရီမီယာလီဂ်ဖလားရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သလို ကက်ပီတယ်ဝမ်းဖလားလည်းရရှိအောင်ဦးဆောင်မှုပေးနိုင်ခဲ့သည်။

မော်ရင်ဟိုသည် ဘာကလေမှချီးမြှင့်သော ပရီမီယာလီဂ်တစ်နှစ်တာအကောင်းဆုံးနည်းပြဆုကိုရရှိခဲ့သော်လည်း ချယ်လ်ဆီး၏ ရာသီသိမ်းအခမ်းအနားပွဲတော်နှင့်တိုက်ဆိုင်နေသဖြင့် အဆိုပါဆုကိုတက်ရောက်လက်ခံယူခြင်းမရှိခဲ့ပေ။

"မော်ရင်ဟိုက အောင်မြင်တဲ့ပုဂ္ဂိုလ်၊ ချန်ပီယံလူသားပါ။ ဒါကြောင့်အခုလို ဆုချီးမြှင့်ခံရတာပါ။ ပြီးတော့သူမှာ အကောင်းဆုံးလူအင်အားစာရင်းရှိနေတယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ ချန်ပီယံဖြစ်မယ့်အသင်းဆိုတာ ဘယ်လိုအသင်းမျိုးကိုမဆို အနိုင်ယူနိုင်စွမ်းရှိတဲ့ အသင်းပါ။ မော်ရင်ဟိုက သူ့ရဲ့ကစားသမားတွေအကြောင်းလည်း ပိုင်ပိုင်နိုင်နိုင်သိတဲ့သူပါ။ ဒါကြောင့် သူလိုချင်တဲ့ပုံစံနဲ့ အသင်းကိုလုံးဝအထိုင်ချပြီး တစ်ရာသီလုံးကစားခိုင်းနိုင်ခဲ့တာပေါ့။ နောင်နှစ်အတော်ကြာအောင် ချယ်လ်ဆီးကပဲ ဒီအင်္ဂလိပ်ဘောလုံးလောကကို ဆက်လက်လွှမ်းမိုးနေဦးမှာပါ" ဟု အကောင်းဆုံးနည်းပြဆု ခံမြှင့်ပွဲအခမ်းအနားတွင်ဖာဂူဆန်က မော်ရင်ဟိုအားချီးကျူးစကားပြောကြားခဲ့သည်။

ပြင်သစ်အိုးပင်းဗိုလ်စွဲရန် ရေပန်းစားမှုနံပါတ်(၁)မှာ နာဒဲလ်ပင်ဖြစ်

ဂရင်းစလင်းပြိုင်ပွဲကြီးတစ်ခုဖြစ်တဲ့ ပြင်သစ်အိုးပင်းကို မေ ၂၄ မှ ဇွန် ၇ ရက်အထိကျင်းပနေပြီဖြစ်ရာ လက်ရှိချန်ပီယံ နာဒဲလ်မှာဦးစားပေးအဆင့် (၆) သာသတ်မှတ်ခံရသော်လည်း ဗိုလ်စွဲရန်ရေပန်းစားမှုမှာ ဦးစားပေးအဆင့်(၁)ရရှိသူ ဆားဘီးယားနိုင်ငံသားဂျိုကိုဗစ်ချ် ထက်ကျော်လွန်ပြီး ထိပ်ဆုံးမှာရပ်တည်နိုင်ခဲ့တာကို တွေ့ရပါတယ်။ စပိန်နိုင်ငံသား နာဒဲလ်အနေနဲ့ ဒီလိုရေပန်းစားမှုမြင့်မားနေခြင်းဟာ ၂၀၀၉ဖက်ဒဲရာဗိုလ်စွဲနိုင်ခဲ့တဲ့တစ်နှစ်ကလွဲပြီး ၂၀၀၅ကနေ ၂၀၁၄ အထိ ပြီးခဲ့တဲ့ ၁၀ နှစ်တာကာလမှာ နာဒဲလ်တစ်ဦးတည်းကပဲ ပြင်သစ်အိုးပင်းချန်ပီယံဆုကိုသိမ်းကျုံးဆွတ်ခူးယူနိုင်ခဲ့လို့ဖြစ်ပါတယ်။

နာဒဲလ်ဟာ လက်ရှိပြိုင်ပွဲအဖွင့်ပွဲစဉ်မှာလည်း ပြင်သစ်နိုင်ငံသား ဟာလီးဇ်ကို ၆-၃၊၆-၃၊၆-၄ နဲ့ သုံးပွဲပြတ် အလွယ်တကူပဲ အနိုင်ယူနိုင်ခဲ့ပါတယ်။ ဒါကြောင့်လည်း ဂျိုကိုဗစ်ချ် ကိုယ်တိုင်က သူဟာလက်ရှိမှာ ကမ္ဘာ့အဆင့်ရပ်တည်မှုအရ ဦးစားပေးအဆင့်(၁) နေရာကို ရရှိခဲ့ပေမယ့်လည်း နာဒဲလ်ကသာ ဗိုလ်စွဲဖို့ ရေပန်းအစားဆုံးဖြစ်နေပါတယ်လို့ ဖွင့်ဟခဲ့ပါတယ်။

နာဒဲလ်ဟာ ဂရင်းစလင်းချန်ပီယံဆု စုစုပေါင်း (၁၄)ကြိမ်အထိ ဆွတ်ခူးထားနိုင်ခဲ့ရာမှာ ကိုးကြိမ်ဟာ ပြင်သစ်အိုးပင်းချန်ပီယံဆုဖြစ်နေတဲ့အတွက် သူ့ကို မြေစေးကွင်းဘုရင်လို့ တင်းနစ်လောကက အမည်နာမ သတ်မှတ်ထားခဲ့တာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ၁၀စုနှစ်ကာလအတွင်း ဂရင်းစလင်းမြက်ခင်းကွင်းအမျိုးအစားပြိုင်ပွဲတွေဖြစ်တဲ့ ယူအက်စ်အိုးပင်း၊ ဩစတြေးလျအိုးပင်း၊ ဝင်ဘယ်လ်ဒန်ပြိုင်ပွဲတို့မှာ ဖက်ဒဲရာနဲ့ ဂျိုကိုဗစ်ချ်တို့က လွှမ်းမိုးနိုင်ခဲ့ပေမယ့် ဒီတစ်ခုတည်းသော မြေစေးကွင်းဂရင်းစလင်းပြိုင်ပွဲဖြစ်တဲ့ ပြင်သစ်အိုးပင်းမှာတော့ နာဒဲလ်ကို ယှဉ်နိုင်တဲ့ကစားသမားမျိုးမရှိသေးပါဘူး။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၏ ၂၀၁၅-၂၀၁۶ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်း တာမွေမြို့နယ်၊ တာမွေလမ်းဆုံ Y ပုံသဏ္ဌာန်ခုံးကျော်တံတားတည်ဆောက်ရေးအတွက် တိုင်းရင်းသားလုပ်ငန်းရှင်များအား ဖိတ်ခေါ်အပ်ပါသည်-

(က) ဦးချစ်မောင်လမ်းနှင့် ဗညားဒလလမ်း ၂ လမ်းမောင်း ၄ လမ်းသွား။
(ခ) ဗညားဒလလမ်းမှ အရှေ့မြင်းပြိုင်ကွင်းလမ်းသို့ ၁ လမ်းမောင်း ၂ လမ်းသွား။

၂။ တံတားဒီဇိုင်းတင်ပြရာတွင် အောက်ပါအချက်အလက်များနှင့် ကိုက်ညီရမည်-

(က)	Minimum Lane Width	= 3~3.25m
(ခ)	Vertical Clearance	= 4.9m(16ft)
(ဂ)	Maximum Vertical Gradient	= 5%
(ဃ)	Movable Design Load	= 75 Ton(AASHTO-HS-25)
(င)	Minimum Design Speed	= 50km/hr

၃။ တံတားများဆောက်လုပ်ရေးနှင့်စပ်လျဉ်း၍ နည်းပညာ၊ စံချိန်စံညွှန်းအဆိုပြုလွှာ (Technical Proposal)နှင့် ဈေးနှုန်းအဆိုပြုလွှာ (Financial Proposal)တို့အား ချိပ်ပိတ်လျက် ၃၀-۶-၂၀၁၅ရက်(အင်္ဂနေ့)၊ ၁၆း၀၀ နာရီနောက်ဆုံးထားပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့.ရုံးရှိ တင်ဒါပုံးများအတွင်းသို့ တာဝန်ရှိသူကိုယ်တိုင် မှတ်ပုံတင်စာရင်းရေးသွင်း၍ တင်သွင်းရမည်။

၄။ သတ်မှတ်တင်ဒါပုံစံများကို ယနေ့ကြော်ငြာပါသည့်နေ့မှစ၍ ၅-۶-၂၀၁၅ရက်၊ နောက်ဆုံးထားပြီး(ရုံးချိန်အတွင်း) တိုင်းဒေသကြီးအစိုးရအဖွဲ့.ရုံးတွင် ဝယ်ယူနိုင်ပါသည်။

၅။ တင်ဒါအဆိုပြုလွှာများအား အများရှေ့မှောက်၌ ဖွင့်လှစ်မှတ်တမ်းတင်၍ သတ်မှတ်ထားသော နည်းပညာ၊ စံချိန်စံညွှန်း၊ ဈေးနှုန်းတို့နှင့် ကိုက်ညီသည့်ကုမ္ပဏီကို ကျွမ်းကျင်ပညာရှင်အဖွဲ့ဖြင့် စိစစ်ရွေးချယ်ပါမည်။

۶။ တင်ဒါဖွင့်ဖောက်ရက်အား ဆက်သွယ်အကြောင်းကြားပါမည်။ အသေးစိတ်သိရှိလိုပါက တိုင်းဒေသကြီးအစိုးရအဖွဲ့.ရုံးတွင် (ရုံးချိန်အတွင်း) လူကိုယ်တိုင်ဖြစ်စေ၊ www.eyangon.gov.mm/news တွင် ဖြစ်စေ ကြည့်ရှုစုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းအဖွဲ့.

Myanmar International Co-operation Agency(MICA)

အကျိုးတူတန်ဖိုးသင့်အိမ်ရာများဆောက်လုပ်ရန် အဆိုပြုလွှာများခေါ်ယူခြင်း

၁။ မွေးမြူရေး၊ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနပိုင် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ အမှတ်(၂)လမ်းမကြီး၊ ယခင်ရွာသာကြီး ဘက်စုံမွေးမြူရေးစခန်းမြေနေရာရှိ မြေဧရိယာ ၇နာ D(၉۶. ၄၂)ကေပေါ်တွင် Myanmar International Co-operation Agency(MICA) နှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လိုသော တိုင်းရင်းသားလုပ်ငန်းရှင်များအား အဆိုပြုလွှာများတင်သွင်းရန် ဖိတ်ခေါ်၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ အဆိုပါ ဇုန် D (၉۶. ၄၂)ကေပေါ်တွင် တစ်ခန်းလျှင် 400 Sqft အကျယ်အလန်းရှိသော (۶)ခန်းတွဲ (၅)ထပ်အဆောက်အအုံပေါင်း (၅۶၀)လုံး ဆောက်လုပ်သွားမည်ဖြစ်ပါသည်။ အဆိုပြုလွှာတင်သွင်းသော လုပ်ငန်းရှင်များမှ လုပ်ငန်းတစ်ခုလုံး၏ရင်းနှီးမြှုပ်နှံမှု (၁၀၀%)ကို မတည်ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ စိတ်ပါဝင်စားသော တိုင်းရင်းသားလုပ်ငန်းရှင်များအနေဖြင့် (၁၂-۶-၂၀၁၅)ရက်နောက်ဆုံးထား၍ အဆိုပြုဈေးနှုန်းတင်သွင်းသွားရန်နှင့် အသေးစိတ်တွက်ချက်မှုများ (အတွင်းရေ၊ မီး၊ မိလ္လာအပါအဝင် တစ်စတုရန်းပေဈေးနှုန်းနှင့်အပြင် ရေ၊ မီး၊ မိလ္လာ၊ လမ်းအပါအဝင် တစ်စတုရန်းပေဈေးနှုန်း)ဖြင့် ပူးတွဲ၍လျှောက်ထားရမည်ဖြစ်ပါသည်။

၄။ အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းဖြင့်ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ အောက်ဖော်ပြပါလိပ်စာများသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

Myanmar International Co-operation Agency(MICA)
မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊
ရုံးအမှတ်(၃۶) နေပြည်တော်။
ဖုန်း-၀۶၇-၄၀၈၄၇၈၊ ၀۶၇-၄၀၈၄၅၂

ပြည်ထဲရေးဝန်ကြီးဌာန
စက်နှင့်စက်ပစ္စည်းဝယ်ယူရေးလုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၏ အောက်ဖော်ပြပါ တပ်ဖွဲ့/ဦးစီးဌာနများတွင် စက်နှင့်စက်ပစ္စည်းဝယ်ယူရေးလုပ်ငန်းဆောင်ရွက်ရန်ရှိပါသဖြင့် ပြည်တွင်းမြန်မာနိုင်သား ပုဂ္ဂလိကကုမ္ပဏီလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါဖိတ်ခေါ်အပ်ပါသည်-

(က) မြန်မာနိုင်ငံရဲတပ်ဖွဲ့
(ခ) အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန
(ဂ) အကျင့်ဦးစီးဌာန
(ဃ) မီးသတ်ဦးစီးဌာန

၂။ အထက်ပါတပ်ဖွဲ့/ဦးစီးဌာနများတွင် အသုံးပြုရန် ဝယ်ယူမည့် စက်နှင့်စက်ပစ္စည်းများအတွက် အဆိုပြုတင်ဒါ၊ အဆိုပြုလွှာဈေးနှုန်းတင်သွင်းခြင်း တင်ဒါပုံစံနှင့် အိတ်ဖွင့်တင်ဒါ စည်းကမ်းချက်များအား ၂၂-၄-၂၀၁၅ရက်မှ ၁၅-၅-၂၀၁၅ရက်အတွင်း ရောင်းချခဲ့ပြီးဖြစ်ပါသည်။

၃။ အဆိုပြုတင်ဒါအဆိုပြုလွှာ တင်သွင်းထားသော လုပ်ငန်းရှင်များ၏ဈေးနှုန်းတင်သွင်းခြင်း တင်ဒါပုံစံများနှင့်ပတ်သက်၍ ၂۶-၅-၂၀၁၅ရက်မှစ၍ ပြည်ထဲရေးဝန်ကြီးဌာန(ရုံးအမှတ်-၁၀)ရှေ့ရှိ ပြည်ထဲရေးဝန်ကြီးဌာန၊ မူလတန်းကြိုကျောင်းတွင် လာရောက်ကြည့်ရှုနိုင်သည်။

၄။ ဈေးနှုန်းတင်သွင်းခြင်း တင်ဒါပုံစံတင်သွင်းရမည့် ကုမ္ပဏီများအနေဖြင့် တပ်ဖွဲ့/ဦးစီးဌာနများ၏ လုပ်ငန်းအုပ်စု အမှတ်စဉ်အလိုက် တင်ဒါဖွင့်ဖောက်မည့် နေ့ရက်များ၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ်၊ ရုံးအမှတ်(၈)၊ အရိန္ဒမာခန်းမတွင် တင်သွင်းရမည်ဖြစ်ပါသည်။ (သတ်မှတ်ချိန် ကျော်လွန်၍ တင်သွင်းလာသော ဈေးနှုန်းတင်သွင်းခြင်း တင်ဒါပုံစံများကို လက်ခံစဉ်းစားခြင်းမပြုပါ။)

၅။ ကုမ္ပဏီများ၏ ဈေးနှုန်းတင်သွင်းလာသော တင်ဒါပုံစံများကို တပ်ဖွဲ့/ဦးစီးဌာနများ၏ လုပ်ငန်းအုပ်စုအလိုက် အောက်ပါရက်များတွင် နံနက် ၁၀နာရီ၌ ဖွင့်ဖောက်ကြေညာပေးသွားမည်ဖြစ်သည်။

(က)	အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန	- ၁-۶-၂၀၁၅ရက်
(ခ)	အကျင့်ဦးစီးဌာန	- ၁-۶-၂၀၁၅ရက်
(ဂ)	မီးသတ်ဦးစီးဌာန	- ၂-۶-၂၀၁၅၊ ၃-۶-၂၀၁၅၊ ၄-۶-၂၀၁၅ရက်
(ဃ)	မြန်မာနိုင်ငံရဲတပ်ဖွဲ့	- ၅-۶-၂၀၁၅၊ ၈-۶-၂၀၁၅၊ ၉-۶-၂၀၁၅ရက်

၆။ အသေးစိတ်အချက်အလက်များသိရှိလိုပါက အောက်ပါဖုန်းများသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

(က)	ပြည်ထဲရေးဝန်ကြီးဌာန	- ဖုန်း-၀۶၇-၄၁၂၄၃၆၊ ၀۶၇-၄၁၂၄၃၇
(ခ)	မြန်မာနိုင်ငံရဲတပ်ဖွဲ့	- ဖုန်း-၀۶၇-၄၁၂၂၁၂ နှင့် ၀۶၇-၄၁၂၂၂၈
(ဂ)	အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန	- ဖုန်း-၀۶၇-၄၃၁၃၉۶၊ ၀۶၇-၄၃၁၃၃၄
(ဃ)	အကျင့်ဦးစီးဌာန	- ဖုန်း-၀۶၇-၄၃၁၃၄၁၊ ၀۶၇-၄၃၁၃၄၀
(င)	မီးသတ်ဦးစီးဌာန	- ဖုန်း-၀۶၇-၄၂၀၀၂၅ နှင့် ၀၁-۶۶၁၅၄၄

ဖခင်အမည်မှန် ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ အလက(၁၀) ဒုတိယတန်း(E)မှ အောင်မြင်သော မောင်သုတည်၏ ဖခင်အမည်မှန်မှာ ဦးအောင်ဇင်မျိုး အမည်မှန် ဖြစ်ပါသည်။ **ဦးအောင်ဇင်မျိုး(Y-050845)**

အသင်းအမည်နှင့်အသင်းအမှတ်တံဆိပ် မူပိုင်ဖြစ်ကြောင်း အသိပေးကြေညာခြင်း

မြန်မာနိုင်ငံ ဇီးလုပ်ငန်းအဖွဲ့.ချုပ်၏လက်အောက်ခံအဖွဲ့.အစည်းဖြစ်သော မြန်မာအော်ဂဲနစ် စိုက်ပျိုးရေးအဖွဲ့. Myanmar Organic Agriculture Group (MOAG) သည် အောက်ဖော်ပြပါ အသင်း၏အမည်နှင့်အသင်း၏အမှတ်တံဆိပ်လိုဂို အမှတ်အသားတို့ကို ရန်ကုန်မြို့.စာချုပ် စာတမ်းများ မှတ်ပုံတင်ရုံးတွင် တရားဝင် မှတ်ပုံတင်ထားရှိပြီးဖြစ်ပါသည် -

Myanmar Organic MOAG

MOAG

မှတ်ပုံတင်အမှတ် ၄/၁၉၅၇/၂၀၁၅ (မှတ်ပုံတင်နေ့ ၁၈-၂-၂၀၁၅) မှတ်ပုံတင်အမှတ် ၄/၁၉၅၈/၂၀၁၅ (မှတ်ပုံတင်နေ့ ၁၈-၂-၂၀၁၅)

ဖော်ပြပါ အသင်း၏အမည်နှင့် အသင်း၏အမှတ်တံဆိပ်လိုဂိုအမှတ်အသားကို MOAG သည် "အော်ဂဲနစ် (Organic)စနစ်ကို အခြေခံသောစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဆိုင်ရာလုပ်ငန်းများ၊ စိုက်ပျိုးရေးသုတေသနလုပ်ငန်းများ၊ အော်ဂဲနစ်စိုက်ပျိုးရေး အသိပညာပေး လုပ်ငန်းများနှင့် ယင်းတို့နှင့်ဆက်စပ်နေသော အခြားဝန်ဆောင်မှုလုပ်ငန်းများ၊ ယင်းလုပ်ငန်းများနှင့်ပတ်သက်သော စက်မှုလက်မှုပစ္စည်းများ၊ အသုံးအဆောင် ပစ္စည်းများ၊ အသိပညာပေးခြင်းနှင့် ကြော်ငြာခြင်းဆိုင်ရာ စာရွက်စာတမ်းများ၊ ထောက်ခံချက်နှင့် သက်သေခံလက်မှတ်များ" တွင် လိုအပ်သလို သုံးစွဲလျက်ရှိနေပါသည်၊

သို့ပါ၍ ဖော်ပြပါ အသင်း၏အမည်နှင့် အသင်း၏အမှတ်တံဆိပ်လိုဂိုအမှတ်အသားကို မိမိတို့ **မြန်မာအော်ဂဲနစ်စိုက်ပျိုးရေးအဖွဲ့. Myanmar Organic Agriculture Group (MOAG)** မှတပါး မည်သူတစ်ဦးတစ်ယောက် သို့မဟုတ် မည်သည့်အဖွဲ့အစည်းတစ်ခုခုကမျှအသင်း ၏တရားဝင် ခွင့်ပြုချက်မရရှိဘဲ ထပ်တူသော်လည်းကောင်း၊ ဆင်တူယိုးမှားသော်လည်းကောင်း၊ တုပ၍သော် လည်းကောင်း တစ်နည်းနည်းမြင့်သုံးစွဲခြင်းကို လုံးဝပြုလုပ်ခွင့်မရှိကြောင်း သတိပေးတားမြစ်ပါသည်။

ထိုသို့ ခွင့်ပြုချက်မရရှိဘဲ တရားမဝင်သုံးစွဲသော မည်သူတစ်ဦးတစ်ယောက်၊ မည်သည့်အဖွဲ့.အစည်းတစ်ခုခုကို မဆို တည်ဆဲဥပဒေများအရ ထိရောက်စွာ အရေးယူတားဆီးသွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

မြန်မာအော်ဂဲနစ်စိုက်ပျိုးရေးအဖွဲ့. Myanmar Organic Agriculture Group (MOAG) **၏**
လွှဲအပ်ညွှန်ကြားချက်အရ
ဦးသန်းမောင်(စစ်တွေ)
တရားလွှတ်တော်ရှေ့နေ (အမှတ်စဉ် ၄၁၁၀/၁၉၈၇)
(ဖုန်း ၀၉-၇၃၁၆၆၃၁၄)

GOLDEN STAR
ကျိုက်ထီးရိုး (ဇနေဝဉ်)
ချောင်းသာ (ဇနေဝဉ်)
ငွေဆောင် (ဇနေဝဉ်)
Ph: 209200, 544383, 430480

ကျော် ရာထူးဝင်အဖွဲ့မှခေါ်သော ရာထူးများဝင်ခွင့် (၂۶-၉-၂၀၁၅) နှင့် (۶-۶-၂၀၁၅)တွင်ပြုဆိုရမည့် ရာထူးဝင်ခွင့်အားလုံး ပုံမှန်နှင့်အနီးကပ်သင်တန်းများဖွင့်ပြီ။ အောင်တဲ့အထူးထုတ်စာအုပ် ၁၀၀၀၀/-
၁၀၃၊ အရှေ့ရထားလမ်းမကြီး ခုခလမ်းထိပ်၊ ရန်ကုန်။
Ph:09421042332,09420005131

အမည်ဖြည့်စွက်ခေါ်ဆိုပါရန် ကျွန်တော် ဦးသက်တင်မောင်(ဘ-ဦးရွှေမောင်) [۶/ထဝန(နိုင်)] ၀၈၃၇၂၃၂]အား ဦးသက်တင်(ခ)ဦးသက်တင်မောင်ဟု အမည်ပြည့်စွက်ခေါ်ဆိုပါရန်။ **ဦးသက်တင်**

ပျောက်ဆုံးခြင်း
ကျွန်မ မစုစုမွန် [၁၂/မရက(နိုင်)] ၁၁၇၉۶၀]၏ ကားသော့(၄)ချောင်းထည့်ထားသော အစိမ်းရောင်ဘူးသည် ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက အကြောင်းကြားပါရန်။ ကျေးဇူးဆပ်ပါမည်။ **ဖုန်း ၀၉-၅၀၅၅၅၅၂**

ပိုင်ရှင်မှ တိုက်ရိုက်ရောင်းမည်။
ကိုယ်ပိုင်နေရန်အထူးအဆင့်မြင့်သည်၊ အဇာထားလျှင်စျေးကောင်းရမည်၊
ကျောက်မြောင်း၊ လမ်းကောင်း၊ အဆင့်မြင့်အသင့်နေတိုက်ခန်းများ အိမ်ရှေ့ ဗာဂျာဆွဲတံခါးမကြီး၊ အဆင့်မြင့် ကနတ်သံပန်းအလှများနှင့် ဆန်းရိုတ်တစ်အိမ်လုံးပြည့်တပ်ဆင်၍၊ ပန်းကနတ်ကျွန်းတံခါးများနှင့် PVC ပြတင်းပေါက်ကျယ်များ တစ်အိမ်လုံးပြည့် တပ်ဆင်ထားသည်။ (အိပ်ခန်း(၂)ခန်းပါ) A/C (1) လုံး၊ မျက်နှာကျက်ကောနစ်၊ မီးအလှနှင့် အဆင့်မြင့် မီးဆိုင်းများ တပ်ဆင်ထားသည်။ အဆင့်မြင့်ပါကေးခင်းပြီး ကြွေပြားများ တစ်အိမ်လုံးပြည့် ခင်းကပ်၍ မီးဖိုခုံနှင့် ဗီဒီယိုများ တပ်ဆင်ထားသည်။ ရေချိုးခန်း Pressur Pump၊ ရေပူ/ရေအေး တပ်ဆင်ပြီး ဘိုထိုင်၊ ရေမီးကိုယ်ပိုင် (အသင့်နေနိုင်)(ပွဲစား၊ အကျိုးဆောင်၊ ကြော်ငြာများမလိုပါ။)
အင်းဝလမ်းပထမထပ်(15'×50')ကျုပ်သိန်း(560) Ph:09-5053076
ကျားကွက်သစ်လမ်းမကြီး၊တတိယထပ်၊(17'×60')ကျုပ်သိန်း(710)

ဖခင်အမည်မှန်
အထက(၃) အင်းစိန်မှ မောင်အောင်ဇော်မိုး၏ ဖခင်အမည်မှန်မှာ [၁၂/အစန(နိုင်)၂၁၃၀၀]အရ ဦးနေမိုးထွန်းဟု ခေါ်ပါရန်။

အမည်ပြောင်း
အဖဦးထွန်းအေး-အမိဒေါ်လှနှင်းစိန်တို့၏သား အမက(၁၈)၊ မြောက်ဥက္ကလာ၊ ဒုတိယတန်းမှ မောင်ဟိန်းထွဋ်ဦးအား မောင်ထူးမြတ်အောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။
ထူးမြတ်အောင်

KONICA MINOLTA

အောင်မြင်သော နေ့စဉ်ဘဝနေထိုင်မှုပုံစံ တည်ဆောက်ကြရန်

à မိုးအေး(ဘားအံတက္ကသိုလ်)

လူသားတို့သည် မိမိတို့အသက်ရှင်နေထိုင်နိုင်ရန်အတွက် နေ့စဉ် လုပ်ရှားရုန်းကန်ကြရပါသည်။ မိမိတို့ကျင်လည်ရာ ပတ်ဝန်းကျင်တွင် အောင်မြင်သည်လည်းရှိ၍ ကျရှုံးသည်လည်း ရှိကြပါသည်။ ဘဝကို နေ့စဉ်ဖြတ်သန်းရာတွင် ရှောင်ရန်၊ ဆောင်ရန် အချက်များကို ဗုဒ္ဓလမ်းညွှန် ချက်များထဲမှ အနည်းငယ် ကောက်နုတ်ဖော်ပြလိုပါသည်။ ဖော်ပြမည့် ဗုဒ္ဓလမ်းညွှန် ချက်များသည် မည်သည့် အသက်အရွယ်၊ မည်သည့်လူမျိုး၊ မည်သည့် ဘာသာဝင်မဆို လက်တွေ့ လိုက်နာကျင့်သုံးပါက အကျိုးများစွာ ရရှိမည်ဖြစ်ပါသည်။ အထူးသဖြင့် အနာဂတ်ကို ဦးဆောင်ကြမည့် လူငယ်ထုအတွက် အထောက်အကူဖြစ်လိမ့်မည်ဟု ယုံကြည်ပါသည်၊

ဗုဒ္ဓသည် နေ့စဉ်ဘဝဖြတ်သန်းမှုတွင် အရေးပါသော အဓိကအချက် သုံးချက်ကို လမ်းညွှန်ထားပါသည်။ ယင်းတို့မှာ မကောင်းမှု အားလုံးကို ရှောင်ရန်၊ ကောင်းမှုအားလုံးကို ပြုလုပ်ရန်၊ မိမိစိတ်ကို ဖြူစင်အောင်ထားရန် တို့ဖြစ်ကြပါသည်။ ဤသုံးချက်သည် အခြေခံအကျဆုံး အချက်များ ဖြစ်ပါသည်။

နေ့စဉ် ရှောင်ကြဉ်ရမည့်အချက်များနှင့် လိုက်နာကျင့်သုံးရမည့် အချက်များကို ဖော်ပြပါမည်။ ရှောင်ကျဉ်ရမည့်အချက်များမှာ မသိတတ်ခြင်း၊ မရှက်တတ်ခြင်း၊ မကြောက်တတ်ခြင်း၊ လိုချင်တပ်မက်ခြင်း၊ အမြင်မှားခြင်း၊ ထောင်လွှားခြင်း၊ စိတ်ဆိုးခြင်း၊ မနာလိုခြင်း၊ ဝန်တိုခြင်း၊ မသိတတ်ခြင်းတို့ ဖြစ်ပါသည်။

အမှန်ကို မသိခြင်းသည် မောဟဖြစ်ပါသည်။ အရပ်သုံးအနေဖြင့် တွေဝေခြင်းဟု သုံးစွဲပါသည်။ အမှန်ကို မသိခြင်းကိုပင် တွေဝေသည်ဟု ဆိုခြင်းဖြစ်ပါသည်။ ထိုသို့အမှန်ကို အမှားထင်၊ အမှားကို အမှန်ထင်ကြသူများကို စာပေများတွင် အသိဉာဏ်နည်းပါးသောကြောင့် ထိုင်းမှိုင်း၏၊ ဖျင်းအ၏၊ ထိုကြောင့် ထိုသူတို့ကို လူဖျင်း၊ လူအ၊ လူနံ၊ လူအရိုင်းအစိုင်း ဟု ခေါ်ဆိုကြ၏။ ၎င်းတို့သည် အကြောင်းအကျိုး၊ အကောင်းအဆိုးကို ခွဲခြားမသိကြပေ။ အများက ခိုးမွှမ်းသူကို လိုက်ခိုးမွှမ်းတတ်ပြီး အများက ကဲ့ရဲ့သူကို လိုက်ကဲ့ရဲ့တတ်၏ ဟု ဖော်ပြထားပါသည်၊

မသိတတ်ခြင်းကြောင့် မိမိပတ်ဝန်းကျင်တွင် အနှောင့်အယှက် ဖြစ်ရသည်များ၊ အဆင်မပြေ ဖြစ်ရသည်များကို နေ့စဉ်ဘဝတွင် တွေ့မြင်နေရပါသည်။ အမှန်ကို အမှားဟု ထင်နေကြသည့် အတွက် ကွမ်းတံတွေး မထွေးရ၊ ဆေးလိပ်မသောက်ရ၊ ကားမရပ်ရ၊ အမှိုက်မပုံရစသည့် ဆိုင်းဘုတ်ကြီးများ ရေးထားစေကာမူ လိုက်နာမှုမရှိကြပေ။ အမှားကိုပင် အမှန်ထင်နေကြပြီး အမှန်တရားနှင့် ဝေးကွာသွားကြသည်။

အလွယ်ပြောရလျှင် တဖက်သား သို့မဟုတ် ပတ်ဝန်းကျင်ကို အနှောင့်အယှက်ဖြစ်စေခြင်းသည် မသိတတ်ခြင်း မောဟပင်ဖြစ်ပါသည်၊ ထိုမသိတတ်ခြင်းသည် နေ့စဉ်ဘဝ အောင်မြင်မှုအတွက် အထောက်အကူမပြုသောကြောင့် ရှောင်ကြဉ်ရမည်ဖြစ်ပါသည်။ မကောင်းသည့် အလုပ်ကို ပြုလုပ်ရန် မရှက်တတ်ခြင်းသည် အဟိရိက ဖြစ်သည်၊ တနည်းအားဖြင့် အရှက်မဲ့ခြင်းပင်ဖြစ်သည်။

မရှက်တတ်ခြင်းကြောင့် မဟုတ်သည်ကို ပြောဆိုရဲကြသည်၊ သူတစ်ပါး ပစ္စည်းကိုခိုးယူရဲကြသည်၊ မတရားမှုတို့ကို လုပ်ရဲကြသည်။ မသမာမှုတို့ကို လုပ်ရဲကြသည်၊ ကြမ်းတမ်းစွာ ဆဲဆိုရဲကြသည်၊ ယခုခေတ်စကားဖြင့် ပြောရလျှင် မျက်နှာပြောင်တိုက်သည်၊ ကလိန်ကြသည်ဟု ဆိုရပါမည်။ ယနေ့ခေတ်တွင် ဝတ်စားဆင်ယင်မှုတွင်လည်း အရှက်တရား ကင်းမဲ့လာသည်ကို နေ့စဉ်ပတ်ဝန်းကျင်တွင် တွေ့မြင်နေရပါသည်။ အပြိုင်အဆိုင်ပင် မလုံမခြုံဝတ်ဆင်နေကြပြီး ဂုဏ်ယူနေကြသည်။ အများနှင့် သက်ဆိုင်သော နေရာများတွင်လည်း စုံတွဲများ အမြင်မတော် နေထိုင်ကြသည်မှာလည်း အဟိရိက ပင်ဖြစ်ပါသည်၊

မရှက်တတ်ခြင်း၊ အရှက်မဲ့ခြင်းသည်လည်း နေ့စဉ်ဘဝတွင် ရှောင်ကြဉ်ရမည့် အချက်ဖြစ်ပါသည်။ မရှောင်နိုင်ပါက ဘဝမှာ အောင်မြင်မှုရရန် မဖြစ်နိုင်ပါ။ အထူး ရှောင်ကြဉ်ရမည့်အချက် တစ်ချက် ဖြစ်ပါသည်၊

နောက်ထပ် ရှောင်ကြဉ်ရမည့် အချက်တစ်ချက်မှာ မကြောက်တတ်ခြင်းပင် ဖြစ်ပါသည်၊ မကောင်းသည့် အလုပ်ကို လုပ်ကိုင်ရမှာ မကြောက်ခြင်း ဖြစ်ပါသည်။ အကြောက်တရားမရှိသည့်အတွက် ပြုလုပ်သည်၊ ပြုလုပ်သည့်အတွက် မကောင်းမှု၏ အကျိုးဆက်ကို ခံကြရသည်။

ထိုသို့သောသူများသည် ဘေးအန္တရာယ်လေးမျိုးနှင့် ကြုံတွေ့ကြရမည်ဖြစ်သည်။ ယင်းတို့ မှာ မိမိကိုယ်ကို မကြည်ညိုနိုင်ခြင်းဘေး၊ သူတစ်ပါးတို့အထင်အမြင်သေး ခံရခြင်းဘေး၊ ပြစ်ဒဏ်အမျိုးမျိုးကို ခံရခြင်းဘေး၊ အပါယ်လေးပါးသို့ ကျရောက်ရမည့်ဘေးတို့ ဖြစ်ကြပါသည်။

မကောင်းမှုမှန်သမျှသည် ထိတ်လန့်ကြောက်မက်ဖွယ် ကောင်းပါသော်လည်း မီးတောက် မီးလှိုကို ပိုးဖလံများ တိုးနေသကဲ့သို့ ကြောက်မက်ဖွယ်ကောင်းသော ထိုမကောင်းမှုများကိုပင် မကြောက်မရွံ့ ပြုလုပ်နေကြသူများ ရှိပါသည်။ ထိုအချက်သည် ပတ်ဝန်းကျင်ကို ဂရုမစိုက်ခြင်း၊ အလေးမထားခြင်းများကို ဖြစ်စေသည့်အတွက် မိမိဘဝအောင်မြင်မှု ရရှိလိုသူများ အမှန်တကယ် ရှောင်ကြဉ်ရမည့် အချက်ပင် ဖြစ်ပါသည်။

အရာရာကို လိုချင်ခြင်း၊ မက်မောခြင်းသည် လောဘပင်ဖြစ်ပါသည်။ လောဘ၏ လက္ခဏာကို စာပေများထဲတွင် ပူလောင်မှုကို ဖြစ်စေသည်ဟု ဖော်ပြကြပါသည်။ မျောက်တစ်ကောင်နှင့် ဆင်ကော်ကဲ့သို့ စေးကပ်တတ်သော မျောက်နဲ့စေးဟူသော အစေးတစ်မျိုးဖြင့် ဥပမာ ပေးထားပါသည်။ သဘာဝအားဖြင့် အငြိမ်မနေတတ်သော မျောက်သည် ထိုသစ်စေးကို လက်တစ်ဘက်ဖြင့် ဦးစွာ ကိုင်လိုက်သည်။ အစေးသည် ခွာမရသည့်အတွက် နောက်ထပ် လက်တစ်ဘက်၊ ပါးစပ်၊ ခြေနှစ်ဘက်၊ ကိုယ်လုံးတို့ဖြင့် ကြိုးစား ခွာသော်လည်း ထိုအစေးသည် တစ်ကိုယ်လုံးကို လှုပ်မရနိုင်အောင် ကပ်မိနေသည်။ နောက်ဆုံး ထိုအပင်အောက်မှာပင် သေဆုံးသွားရပါသည်။

လူတွင် လောဘနှင့် ဆန္ဒကို ကွဲပြားစွာ နားလည်သဘောပေါက်ရန် လိုပါသည်။ အောင်မြင်မှု ရရှိရန်အတွက် ကြိုးစားအားထုတ်ခြင်းသည် လောဘ မဟုတ်ဘဲ ဆန္ဒသာဖြစ်ပါသည်။ လောဘသည် မကောင်းတာကို လိုချင်ခြင်းဖြစ်ပြီး ဆန္ဒသည် ကောင်းတာကို လိုချင်ခြင်း ဖြစ်ပါသည်။ နေ့စဉ်ဘဝတွင် အောင်မြင်မှုများ ရရှိနိုင်ရန် လိုချင်တပ်မက်ခြင်း လောဘကိုပယ်ပြီး ကောင်းမွန်သော ကောင်းမှုများတွင် ဆန္ဒရှိကြရန်လိုပါသည်။

စာပေများထဲတွင် ဖောက်ပြန်စွာ မြင်ခြင်းဟု ရေးသားကြပါသည်။ အမှန်တရားကို အမှားတရားဟု မြင်ခြင်းပင် ဖြစ်ပါသည်။ အမျိုးအစား နှစ်မျိုးရှိပါသည်။ ၎င်းတို့မှာ အမြင်မှား၊ အယူမှား နှင့် အမြင်မှန်၊ အယူမှန် တို့ဖြစ်ပါသည်။ အမြင်မှားခြင်းနှင့်ပတ်သက်၍ စာပေများတွင် မှန်မကြည့် တတ်သော လူဖျင်းလူအဖြင့် ဥပမာပေးထားပါသည်။ မှန်ကို မမြင်ဘူးသည့်အတွက် မှန်ပေါ်တွင် ပေါ်လာသော မိမိတို့၏ ပုံရိပ်ကို အမြင်မှားပြီး မှန်ထဲတွင် လူတစ်ယောက်ရှိနေသည်ဟု ထင်မှတ်ကာ အမြင်မှားကြသည်။

လက်တွေ့ဘဝတွင် ဆရာ မိဘတို့၏ ကျေးဇူးကို နားမလည်ခြင်း၊ ဆရာမိဘ၏ ဆိုဆုံးမမှုကို နားမလည်ခြင်းများကို ကြုံတွေ့နေကြရသည်။ ပညာတတ်စေချင်၍၊ အောင်မြင်စေချင်၍ ပြောဆို ညွှန်ပြပေးမှုများကို အမြင်မှားပြီး ချစ်ချယ်သည်ဟု ထင်မှတ်ကြသည်။ အမှန်တရားကို အမှားဟု စိတ်တွင်စွဲမှတ်ထားကြသည်။ ထိုကြောင့် အမြင်မမှား အောင် မဖောက်မပြန်နှင့် အမှန်မြင်နိုင်အောင်ကြိုးစားနေထိုင်မှသာ နေ့စဉ်ဘဝတွင် အောင်မြင်မှုရရှိနိုင်မည် ဖြစ်သည်။

လူတို့သည် မိမိအရည်အချင်းပေါ် မူတည်ပြီး မာန်တက်သည့် သဘာဝရှိကြသည်။ မိမိအရည်အသွေးပေါ်တွင် အထင်အမြင်ဖြစ်လာခြင်းသည် မာန (သို့မဟုတ်) မာန်ပင်ဖြစ်သည်။ မာနသည် ထောင်လွှားတတ်၊ ဝင့်ကြွားတတ်သည့် သဘောရှိသည်၊ မိမိတွင်ရှိသည့် ပစ္စည်းဥစ္စာ၊ ငွေကြေး၊ ရာထူး၊ အာဏာ၊ ပညာ၊ ရုပ်ရည်အဆင်း တို့ အပေါ်တွင် စွဲပြီး ထောင်လွှားတတ်ကြသည်။ တံခွန်အလံကဲ့သို့ အများအပေါ်တွင် မောက်မာကြသည်၊ အထင်သေးတတ်ကြသည်။

ဒေါသသည် အရေးကြီးဆုံး ရန်သူဖြစ်သည်။ ဒေါသသည် ကလေး၊ လူငယ်၊ လူကြီးမည်သူတွင်မဆို ဖြစ်ပေါ်တတ်သည်။ ဒေါသအမျိုးအစား နှစ်မျိုးရှိပါသည်။ ပထမအမျိုးအစားမှာ တက်ကြွသည့် ဒေါသဖြစ်ပါသည်။ ခိုက်ရန်ဖြစ်ပွားခြင်း၊ ကြမ်းတမ်းစွာ ပြောဆိုခြင်း၊ ကိုယ်ထိ လက်ရောက် ပြုလုပ်ခြင်းများသည် တက်ကြွသည့် ဒေါသဖြစ်ပါသည်။ ပညာရေး၊ စီးပွားရေး၊ လူမှုရေးတို့တွင် မအောင်မြင်သူများသည် စိတ်ဓာတ်ကျဆင်း၏။ နောက်ဆုံးတွင် မိမိကိုယ်ကို သတ်သေသည်အထိ ဖြစ်လာသည်။ ယင်းသည် ဆုတ်နစ်သည့် ဒေါသဖြစ်သည်။ ယင်းဒေါသသည် သောကသို့ စီးဝင်သွားတတ်သည်။

လက်တွေ့နယ်ပယ်တွင်လည်း လူအများနှင့် ဆက်ဆံလုပ်ကိုင်ရသော အလုပ်များတွင် လူတိုင်းကို စိတ်ကျေနပ်မှု ရရှိအောင် လုပ်ကိုင်ပေးရန် ခဲယဉ်းပါသည်။ ထိုအခါ အပြစ်တင်မှု ဝေဖန်မှုများနှင့် ကြုံပါက ဒေါသဖြစ်လာနိုင်သည်။ စိတ်ဓာတ် ကျလာနိုင်သည်။ သို့ဖြစ်၍ မိမိ၏ လုပ်ငန်းနှင့် ပတ်သက်ပြီး ဖြစ်နိုင်သည့် အခက်အခဲများကို ကြိုတင်တွေးဆပြီး ဖြေရှင်းနိုင်ရန် ကြိုးစားရမည်ဖြစ်သည်၊

ဒေါသကြောင့် ဆုံးဖြတ်ချက်များ မှားနိုင်သည်၊ ဆုံးဖြတ်ချက် အမှားကြောင့် လုပ်ငန်းဆောင်ရွက်မှု မှားယွင်းနိုင်သည်။ ထပ်ကာထပ်ကာအမှားများကို ပြုလုပ်မိနိုင်သည်။ ဒေါသနည်းလျှင် အမှားနည်းလာမည်၊ အမှားနည်းလျှင် လုပ်ငန်းအောင်မြင်နိုင်သည်။ ပတ်ဝန်းကျင်နှင့် ဆက်ဆံရာတွင် အဆင်ပြေပြီး မိမိ၏ အလိုဆန္ဒလည်း ပြည့်နိုင်သည်။ သို့ဖြစ်၍ နေ့စဉ်ဘဝတွင် အောင်မြင်လိုပါက ဒေါသမဖြစ်အောင် ကြိုးစားနေထိုင်ရမည်ဖြစ်သည်။

လူတို့၏ ပတ်ဝန်းကျင်တွင် နေ့စဉ် မြင်တွေ့ကြားနေရသည်မှာ တစ်ဦးနှင့်တစ်ဦး မနာလိုခြင်း ပင် ဖြစ်သည်။ သူတစ်ပါး အဆင်ပြေနေခြင်း၊ ချမ်းသာနေခြင်း၊ ရာထူးရာခံ တိုးတက်နေခြင်းများအပေါ် ဝမ်းမသာနိုင်ဘဲ မျက်နှာကိုမဲ့၊ ပါးစပ်ကိုရွဲ့၊ နှုတ်ခမ်းကိုစူပြီး စောင်းမြောင်း ပြောဆိုတတ်ကြသည်။ အောင်မြင်သူများ၏ ဂုဏ်သတင်းကို မကြားနိုင်၊ နားမထောင်နိုင် ဖြစ်တတ်ကြသည်။ ဇီးကွက်လောက်တော့ လူတိုင်းလှကြတာပဲ။ ဒီလို ယုန်ကတော့ ချုံတိုင်းမှာ ရှိတတ်တာပဲ ဟူသော ကဲ့ရဲ့ရွှတ်ချမှုများသည် ဤသဘောပင်ဖြစ်ပါသည်။ အလွယ်ပြောရလျှင် ကိုယ့်အိတ်ထက် သူများအိတ်က သာပါက မကြည့်နိုင်ခြင်းသည် ဤသဘောပင်ဖြစ်သည်။ မိမိထက် သာလွန်ပါက မကြည့်နိုင်ခြင်း၊ ဂုဏ်မပြုနိုင်ခြင်းပင်ဖြစ်သည်။ သူတစ်ပါးအပေါ် မနာလိုစိတ်မဖြစ်စေရန်၊ ဝမ်းမြောက်ဝမ်းသာစိတ်ထားနိုင်ရန် ကြိုးစားကြရမည်ဆိုပါက ဘဝတွင်အောင်မြင်မှုအတွက် အထောက်အကူပြုမည် ဖြစ်ပါသည်။

မစ္စရိယကို အရပ်စကားဖြင့်ပြောလျှင် နှမြောတတ်ခြင်း၊ ကပ်စေးနည်းခြင်းဟု ပြောရပါမည်။ မိမိကြီးပွားတိုးတက်သလို သူတစ်ပါးကြီးပွားတိုးတက်သည်ကို ဝန်တိုခြင်းဖြစ်သည်။ သူတစ်ပါးကို မတိုးတက်စေချင်သည့် စိတ်၊ မကြီးပွားစေချင်သည့်စိတ်ဖြစ်သည်။ မိမိတွင်ရှိသော အရည်အချင်းမျိုး သူတစ်ပါးတွင် မရှိစေခြင်း၊ မိမိအခြေအနေမျိုး သူတစ်ပါးကို မရစေချင်ခြင်းလည်းဖြစ်သည်။

အချုပ်အားဖြင့် ဤသာနှင့် မစ္စရိယတို့သည် လူမသိ သူမသိ ယုတ်ညံ့သော စိတ်ထားနှစ်ရပ် (စေတသိက်)ဖြစ်သည်၊ ထိုတရားနှစ်ပါး ရှိနေသမျှ လောကသည် ဆုတ်ယုတ်နေမည် ဖြစ်သည်။ နေ့စဉ်ဘဝတွင် သူတစ်ပါးတို့၏ သေးငယ်သော အပြစ်ကို ရှာဖွေအပြစ်တင်မနေဘဲ ကောင်းသည့် အချက်များကို ထုတ်ဖော်ချီးကျူးရန် အရေးကြီးပါသည်၊

အထက်ဖော်ပြပါ အချက်တို့သည် ဘုရားရှင်က မကျင့်သုံးဘဲ ရှောင်ကြဉ်ရန် တိုက်တွန်းခဲ့သည့်အချက်များ ဖြစ်ပါသည်။ ရှောင်ကြဉ်နိုင်ပါက နေ့စဉ်ဘဝတွင် အောင်မြင်ဖို့ရာ အထောက်အကူပြုပါသည်။ သိနေရုံမျှ မဟုတ်ဘဲ လက်တွေ့နယ်ပယ်တွင် လက်တွေ့ အသုံးချရမည်ဖြစ်သည်။ လက်တွေ့ကျင့်သုံးနိုင်မှသာ ပုထုဇဉ်သူတော်ကောင်းများဖြစ်လာမည်၊

နေ့စဉ်ဘဝတွင် ရှောင်ကြဉ်ရမည့် အချက်များကို သိရှိလိုက်နာပြီးနောက် လိုက်နာကျင့်သုံးရမည့် အချက်များကိုလည်း ဗုဒ္ဓက မည်သို့လမ်းညွှန်ထားသည်ကို ဖော်ပြလိုပါသည်။

မှန်သောအမြင်၊ မှန်သောအတွေး၊ မှန်သောစကား၊ မှန်သောအလုပ်၊ မှန်သော အသက်မွေးမှု၊ မှန်သောအားထုတ်မှု၊ မှန်သောသတိ၊ မှန်သောတည်ကြည်မှုတို့ ဖြစ်ပါသည်။

ဘဝတွင် အောင်မြင်မှု ရရှိရန် မှန်မှန် ကန်ကန် မြင်ရန်ဦးစွာ လိုအပ်ပါသည်။ အဘယ့်ကြောင့်ဆိုသော ပန်းတိုင်တစ်ခုကို ရောက်ရန် ဆောင်ရွက်ရမည့်အခါ မိမိသွားလိုသော ပန်းတိုင်ကို ရှင်းရှင်းလင်းလင်း သိထားရန်လိုပေသည်။ ဥပမာ တောင်တက်မည်ဆိုပါက တောင်ထိပ်ကို သေချာစွာ မြင်ထားရန် လို အပ်ပါသည်။ တာထွက်ရမည့် ပထမဦးဆုံး ခြေလှမ်းသည် နောက်ဆုံးအဆင့်ဖြစ်သော တောင်ထိပ်ကို အမှီပြုထားခြင်းဖြစ်သည်၊

မှန်ကန်စွာ မြင်ခြင်းဆိုသည်မှာ အခြေခံအားဖြင့် ကံနှင့် ကံ၏အကျိုးကို မှန်မှန်ကန်ကန်မြင်ခြင်း ဖြစ်ပါသည်။ ကျောင်းသားလူငယ်များအဖို့ မိမိ၏အောင်မြင်မှုအတွက် မိမိကိုယ်တိုင် ကြိုးစားအားထုတ်ကြရပါမည်။ မည်သည့် တန်ခိုးရှင်ကမှ အောင်မြင်အောင်ဆောင်ရွက်မပေးနိုင်ဟု မြင်ခြင်းသည် မှန်ကန်သော အမြင်ဖြစ်သည်။ မှန်ကန်သော အမြင်ရှိသူသည် သူ၏ နေ့စဉ်ဘဝတွင် အောင်မြင်မှု ရရှိနိုင်မည်သာ ဖြစ်သည်။

မှန်ကန်သောအတွေးသည် မှန်ကန်သော အမြင်ပေါ်တွင် အကြောင်းပြုပြီး ဖြစ်ပေါ်လာခြင်း ဖြစ်ပါသည်။ အမှန်အတိုင်းမြင်ပြီး အမှန်အတိုင်း တွေးသောကြောင့် မသိတတ်ခြင်းဟူသော မောဟ၊ လိုချင်တပ်မက်ခြင်း လောဘ၊ စိတ်ဆိုးအမျက်ထွက်ခြင်း ဒေါသများကို ဖယ်ရှားနိုင်မည်ဖြစ်သည်။ ထိုသို့ ဖြစ်ပါက နေ့စဉ်ဘဝတွင် အစစအရာရာတွင် အောင်မြင်မှုများ ရရှိလာမည်ဖြစ်သည်၊

မမှန်ကန်သော ထိုအသက်မွေးဝမ်းကြောင်းများကို ရှောင်ကြဉ်ခြင်းသည် မှန်သော အသက်မွေးမှုပင် ဖြစ်ပါသည်။ အမှန်တရားကို ပြောဆိုခြင်း၊ မှန်သော အလုပ်ကို လုပ်ခြင်း၊ မိမိ၏ အသက်မွေးဝမ်းကြောင်း မှန်ကန်ခြင်းတို့သည် နေ့စဉ်ဘဝအောင်မြင်ခြင်း၏ အဓိကအချက်များ ဖြစ်ပါသည်။

သတိတရားကို လက်ကိုင်ထားပြီး နေထိုင်ကြရန် ဗုဒ္ဓသည် ကြိမ်ဖန်မြောက်များစွာ မှာကြားခဲ့ပါသည်။ ပရိနိဗ္ဗာန်စံဝင်ခါနီး နောက်ဆုံးစကားမှာလည်း သတိရှိကြ၊ မမေ့ကြနဲ့ ဟူ၍ ဖြစ်ပါသည်၊ ယနေ့ခေတ်ကြီးတွင် သတိတရား မရှိခြင်းကြောင့် မတော်တဆမှုများ၊ ထိခိုက် ပျက်စီးမှုများ အများအပြားဖြစ်နေသည်ကို နေ့စဉ်ပင် မြင်တွေ့ကြားသိနေရပါသည်။ သတိမပြုမိသည့်အတွက် ပြဿနာကြီးငယ်များ ဖြစ်လာနိုင်သလို အသက်ဆုံးရှုံးသည်အထိလည်း ဖြစ်နိုင်ပါသည်။

နေ့စဉ်ဘဝတွင်လိုက်နာရန် နောက်ဆုံးတစ်ချက်မှာ မှန်သောတည်ကြည်မှုပင်ဖြစ်ပါသည်။ အကုသိုလ်တရားဟု ခေါ်သည့် မကောင်းသော အရာများကို မဖြစ်ပွားရန် မိမိစိတ်ကို မပျံ့လွင့်စေဘဲ အာရုံတစ်ခုခုတွင် စူးစိုက်ပြီး ထိုအာရုံထဲမှာပင် တစ်သမတ်တည်းစိတ်ကို တည့်နေအောင်ထားခြင်းသည် မှန်သောတည်ကြည်မှုပင်ဖြစ်သည်။ တနည်းအားဖြင့် အာရုံမများခြင်းဖြစ်သည်၊

အလုပ်လုပ်ပါက အလုပ်တွင် အာရုံမရှိခြင်း၊ စာသင်နေပါက စာတွင် အာရုံမရှိခြင်း၊ တို့ကြောင့် ဆုံးရှုံးမှုများနှင့် ရင်ဆိုင်ကြရပါသည်။ ထိုကြောင့်စိတ်ကို စုစည်းနိုင်အောင် လေ့ကျင့်ရ မည်ဖြစ်သည်။ အာရုံတစ်ခုတည်းအပေါ်တွင် စိတ်ကို စုစည်းနိုင်အောင် ကြိုးစားရမည်။ စိတ်ကို အာရုံတစ်ခုတည်း၌စုစည်းလာနိုင်သည်နှင့်အမျှ အာရုံပြောင်းလွဲစရာများ၊ စိတ်ပျံ့လွင့်စရာများ မဖြစ်ပေါ်နိုင်တော့ပေ။

အထက်ဖော်ပြပါ နေ၌စဉ်ဘဝ ဖြတ်သန်းရာတွင် ရှောင်ရန်၊ ဆောင်ရန် အချက်များသည် လူသားတို့၏ ကောင်းကျိုးချမ်းသာကို ရည်ရွယ်ပြီး ဗုဒ္ဓက လမ်းညွှန်ပေးခြင်း ဖြစ်ပါသည်။ ထိုလမ်းညွှန်ချက်များသည် လူ့ဘဝတွင် နေထိုင်သမျှ ကာလပတ်လုံး အောင်မြင်မှု ရရှိစေမည့် အချက်များ ဖြစ်ပါသည်။

ယခုခေတ်တွင် အနာဂတ်၏ ခေါင်းဆောင်များ ဖြစ်လာကြမည့် လူငယ်တို့အတွက် မိမိကြိုးစားလျှင် ကြိုးစားသလောက် အောင်မြင်ရန် အခွင့်အလမ်းများ ပွင့်နေပြီဖြစ်သည်။ အောင်မြင်မှုအတွက် လျှောက်လှမ်းရာတွင် ဖော်ပြပါ ရှောင်ရန်၊ ဆောင်ရန်များကို လည်း လိုက်နာကျင့်သုံးကြရန် တိုက်တွန်းလိုပါသည်။ ကောင်းဆိုးလောကခံကို ကြံ့ကြံ့ခံလျက်၊ အားမာန်အပြည့် သတိမကွာ၊ ပညာမြော်မြင် အလုပ်ဝင်၊ အလှဆင်ကြ ဒို့ဘဝဟု ဆရာတော်ကြီး ဒေါက်တာ နန္ဒမာလာဘိဝံသ မိန့်ဆိုသည့်အတိုင်း မိမိတို့၏ နေ့စဉ်ဘဝတွင် အောင်မြင်မှုများ ရရှိပါစေကြောင်း ဆန္ဒပြု ရေးသားတင်ပြလိုက်ရပါသည်။ ။

လူတွင်လောဘနှင့် ဆန္ဒကို ကွဲပြားစွာ နားလည်သဘောပေါက်ရန်လိုပါသည်။ အောင်မြင်မှု ရရှိရန်အတွက် ကြိုးစားအားထုတ်ခြင်းသည် လောဘမဟုတ်ဘဲ ဆန္ဒသာဖြစ်ပါသည်။ လောဘသည် မကောင်းတာကို လိုချင်ခြင်းဖြစ်ပြီး ဆန္ဒသည် ကောင်းတာကို လိုချင်ခြင်း ဖြစ်ပါသည်။ နေ့စဉ်ဘဝတွင် အောင်မြင်မှုများ ရရှိနိုင်ရန် လိုချင်တပ်မက်ခြင်း လောဘကိုပယ်ပြီး ကောင်းမွန်သော ကောင်းမှုများတွင် ဆန္ဒရှိကြရန်လိုပါသည်။

ဖတ်စရာ

ကွမ်းရွက်ကို သုံးစွဲတတ်လျှင် 'ဆေး' အလွန်အကျွံစားလျှင် 'ဘေး'

à ဇွဲထက်ရှင်

ကွမ်းပင် ကွမ်းရွက်များကို မြန်မာနိုင်ငံနေရာအနှံ့အပြားတွင် တစ်ပိုင်တစ်နိုင်စိုက်ပျိုးလာကြရာမှ အခုအခါ အမျိုးသားနှင့်တန်းတူ အမျိုးသမီးများလည်း ကွမ်းစားသုံးလာသဖြင့် ကွမ်းပင်များကို စီးပွားဖြစ်စိုက်ပျိုးလာကြသည့်အပြင် ကွမ်းရွက်များကို လက်ကားအရောင်းဆိုင်များ၊ ကွမ်းယာအရောင်းဆိုင်းများလည်း တွင်ကျယ်စွာရောင်းချလာကြသည်။

အိန္ဒိယနိုင်ငံမှ သုတေသနပညာရှင်များက ကွမ်းရွက်ကို အစိမ်းရောင်ရွေ့ဟု တင်စားခေါ်ဝေါ်သမုတ်ကြသည်မှာ ကွမ်းရွက်တွင် အုံ့ညြဖွယ်ရာကောင်းသည့် အဖိုးတန်အာဟာရဓာတ်များစွာပါဝင်ကြောင်း တွေ့ရှိရသည်ဟုလေ့လာမှတ်သားရပါသည်။

ကွမ်းပင်များကို မြန်မာနိုင်ငံနေရာအနှံ့အပြားတွင် စိုက်ပျိုးကြသည်။ ကွမ်းရွက်ကို ကွမ်းနုပါနှင့် ကွမ်းစိမ်းဟု နှစ်မျိုးနှစ်စားရှိသော်လည်း အရောင်းဆိုင်များတွင် အနုစား၊ အလတ်စား၊ အကြမ်းစားနှင့် အရိုင်းစားဟူ၍ လေးမျိုးလေးစားခွဲရောင်းချကြသည်။ ကွမ်းနုဝါကို မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်၊ မုံရွာနှင့် ကျောက်ပန်းတောင်းမြို့နယ်များမှ အများဆုံးတင်ပို့ရောင်းချသည်။ ကွမ်းစိမ်းများကို ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ဟသံ်ာတမြို့နယ်များမှ တင်ပို့ရောင်းချသည်ဟု သိရသည်။

ကွမ်းရွက်သည် ဖန်၊ ခါး၊ ပူ၊ စပ် အရသာလေးပါးပါဝင်သဖြင့် သလိပ်ကြေ၊ လေနိုင်စေပြီး နှုတ်မြိန်စေသဖြင့် ခွန်အားကိုတိုးပွားစေပါသည်။ ၎င်းအပြင် ရေဓာတ်၊ အသားဓာတ်၊ အဆီနှင့် သတ္တုဓာတ်များ ၊ ကစီဓာတ်၊ အမျှင်ဓာတ်အပြင် ဗီတာမင် အေ ၊ဘီ၊ စီ၊ ကယ်လ်စီယမ်၊ ကာရိတင်း၊ ရိုင်ဘိုဖလေဗင်၊ သိုင်ယာမင်းနှင့် နိုင်ယာစင်၊ သံဓာတ်စသည့်အာဟာရဓာတ်များပါဝင်သည့်အတွက် ကွမ်းရွက်ခြောက်ရွက်မှာပါဝင်သည့် ဗီတာမင်နှင့် သတ္တုဓာတ်များဟာ နွားနို့သုံးရာစီစီတွင်ပါဝင်သည့်ပမာဏနှင့်ညီမျှသည်ဟု သုတေသနပညာရှင်များက ဆိုကြသည်။

ကွမ်းရွက်သည် ကစီဓာတ်ကို ချေဖျက်နိုင်ပြီး အင်ဇိုင်းများလည်းပါရှိသဖြင့် အဆုပ်ကို ထိခိုက်စေသည့်ဝေဒနာများမှ သက်သာစေသည်။ ကွမ်းရွက်၏ အေးမြသည့်အာနိသင်ကြောင့် ကင်ဆာရောဂါကိုပျောက်အောင်ကုသနိုင်သည့် ဓာတ်ပစ္စည်းများပါဝင်သည့်အပြင် အထူးသဖြင့် သွေးကင်ဆာကိုပျောက်ကင်းနိုင်အောင်အထိ ကုသနိုင်မည်ဟုဆေးသုတေသနပညာရှင်များ မျှော်လင့်ထားကြသည်ကို လေ့လာမှတ်သားမိပါသည်။

မြန်မာ့ဆေးကျမ်းများတွင် ကွမ်းရွက်သတ္တုရည်ကို ပျားရည်နှင့်တိုက်ကျွေးပေးလျှင် ကလေးများတွင်ဖြစ်တတ်သော အစာမကြေ၊ လေပွ၊ ဝမ်းပျက်ဝမ်းသွား၊ ဖျားနာများကို ပျောက်ကင်းနိုင်သည့်အပြင် ကွမ်းရွက်အရည်ညှစ်၍ နွားနို့စစ်စစ်နှင့်သောက်ပေးလျှင် အမျိုးသမီးများ မီးယပ်ကြောင့်ဖြစ်သော စိတ္တဇရောဂါပျောက်ကင်းနိုင်သည်။

အပူဒဏ်ကြောင့်ဖြစ်တတ်သည့် မျက်စိနာ၊ မျက်စိကိုက်ရောဂါများအတွက် ကွမ်းရွက်ညှစ်ရည် မျက်စဉ်းခတ်ပေးပါက သက်သာသွားမည်ဖြစ်ပြီး ကွမ်းရွက်မှာ ဆီးရွင်စေသည့်သတ္တိရှိသောကြောင့် ဆီးချုပ်၊ ဆီးနည်းသောအခါ ၎င်းသတ္တုရည်နှင့် သကြား၊ နွားနို့တို့ဖြင့် ရောသောက်သင့်ပါသည်။

ချောင်းဆိုး၊ ပန်းနာ၊ ရင်ကယ်၊ ရင်အောင့်ရောဂါများအတွက်လည်း ချင်းပြုတ်ရည်သိန္ဓောဆားနှင့် ကွမ်းရွက်အရည်ညှစ် ရောသောက်ပေးလျှင် ပျောက်ကင်းစေပါသည်။

ယင်းအပြင် ကွမ်းရွက်ဆယ်ရွက်ခန့်ကို အနည်းငယ်ချေပြီး ရေခွေးပူပူနှင့်နှပ်၍သောက်ပေးပါက သွားနှင့် သွားဖုံးရောင်ပျောက်ကင်းသည့်အပြင် ကိုယ်သင်းရနံ့ကောင်းစေသည်။ အစာစားပြီး ကွမ်းရွက်ကိုစားပေးပါက ခံတွင်းနံ့ကောင်းပြီး အစာကြေလွယ်သည့်အပြင် ၎င်းတွင်ပါဝင်သော အမျှင်ဓာတ်များက သန်ကောင်တုပ်ကောင်များကို သေစေနိုင်သည်ဟု သိရသည်။ ၎င်းကွမ်းရွက်သည် နှလုံးခုန်နှုန်းကို စည်းချက်ညီစေသည်ဆိုသဖြင့် နှလုံးရောဂါဝေဒနာရှင်များ ကွမ်းရွက်ကို ရေအနည်းငယ်ဆွတ်၍ နှလုံးနေရာ၌ကပ်ပေးပါက နှလုံးအောင့်ဝေဒနာကို သက်သာစေပါသည်။

နို့တိုက်မိခင်များလည်း ရင်သားရောင်ရမ်းခြင်း၊ အဖြူဆင်းခြင်း စသောရောဂါများ အတွက်လည်း ကွမ်းရွက်သည် ဆေးဖက်ဝင်လှသည်ဟု ဆိုပါသည်။ ကွမ်းရွက်ညှစ်ရည်ကို ပျားရည်နှင့် ဆတူရောရ၍ တစ်နေ့နှစ်ကြိမ်သောက်သုံးပေးခြင်းဖြင့်လည်း အာရုံကြောအားနည်းသည့်ဝေဒနာရှင်များ ရောဂါပျောက်ကင်းစေပါသည်။

ဤကဲ့သို့ ဆေးစွမ်းထက်မြက်စေသောကွမ်းရွက်ကို ထုံး၊ ကွမ်းသီး၊ ဆေးရွက်ကြီးစသည့်တို့အပြင် ပြည်ပနိုင်ငံမှ တင်ပို့ရောင်းချသော ကွမ်းစားဆေးများဖြင့် ရောနှောရ၍ လူကြီး၊ လူငယ်၊ အမျိုးသမီးများလည်း စားသုံးခြင်းများလာသဖြင့် မိမိအသက်အန္တရာယ် မိမိကိုယ်တိုင် လက်ယပ်ခေါ်နေကြသလိုဖြစ်သည်။

ကွမ်းယာစားသုံးခြင်းသည်လည်း မူးယစ်ဆေးဝါးစွဲသလိုဖြစ်နေသောကြောင့် ကွမ်းစားခြင်းအန္တရာယ် သတိပေးနှိုးဆော်ချက်များလည်း ထုတ်ပြန်ထားပြီး ကွမ်းယာကို အမြဲမပြတ်စားခြင်း၊ ဝါးခြင်း ငုံခြင်း၊ ကွမ်းယာထဲတွင် ဆေးရွက်ကြီးထည့်စားခြင်း၊ ကွမ်းယာထဲတွင် ဆေးရွက်ကြီးကို အမျိုးမျိုးပြုပြင်ထားသော ဆေးပေါင်းနှပ်ဆေးထည့်၍စားသုံးခြင်းတို့ကြောင့် နှလုံးရောဂါ၊ သွေးတိုးရောဂါကဲ့သို့ မကူးစက်နိုင်သော နာတာရှည်ရောဂါများ၊ ခံတွင်းကင်ဆာ၊ ပါးစောင်းကင်ဆာ အသံအိုးကင်ဆာ၊ လည်ချောင်းကင်ဆာနှင့် ကင်ဆာရောဂါအမျိုးမျိုးကို ဖြစ်ပွားစေနိုင်ပါသည်။

ကွမ်းရွက်သည် ဆေးဖက်ဝင်အသုံးပြုပါက ဆေးဖက်ဝင်စေကာ ကွမ်းယာအဖြစ်ဆေးရွက်ကြီးများနှင့် အခြားပါဝင်ဆေးပေါင်းပစ္စည်းများကြောင့် နှုတ်ခမ်း၊ ပါးစပ်၊ လျှာ၊ သွားဖုံးနှင့် ခံတွင်းကင်ဆာများ အဖြစ်များနေသည့်အပြင် ဆီးကျောက်ပါတည်စေနိုင်ပါသည်။

ယခုအခါ ကွမ်းစိုက်ပျိုးသူများသည်လည်း ကွမ်းစေ့ကောင်းနေသဖြင့် ကွမ်းရွက်အထွက်တိုး ပိုးမကျစေရန် အပင်အားဆေး ပိုးသတ်ဆေး အသုံးပြုစိုက်ပျိုးကြသောကြောင့် စားသုံးသူများ အန္တရာယ်ကင်းစင်ရေး ဦးစားပေးအလေးထားသင့်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း
တင်ဒါအမှတ်(၁/၂၀၁၅-၂၀၁၆)

၁။ ရခိုင်ပြည်နယ်၊ လမ်းဦးစီးဌာန၊ တည်ဆောက်ရေး(၃)၊ လမ်းအထူးအဖွဲ့(၁၇)၊ စစ်တွေမြို့မှ ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ် ပြည်ထောင်စု/ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် လမ်း-တံတားလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်သည့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား လမ်းအလိုက်၊ အပိုင်း လိုက် (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါ ကြောင်း ကြေညာအပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ဒု-ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းအထူးအဖွဲ့(၁၇)၊ စစ်တွေမြို့၊ လမ်းဦးစီးဌာနတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

- တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၁-၆-၂၀၁၅ရက်
- တင်ဒါဖွင့်မည့်ရက်/အချိန် - ၉-၆-၂၀၁၅ရက်၊ မွန်းလွဲ ၂း၀၀နာရီ
- တင်ဒါဖွင့်မည့်နေရာ - ပြည်နယ်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး အစည်းအဝေးခန်းမ၊ စစ်တွေမြို့

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
ဖုန်း-၀၄၃-၂၃၀၅၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ကရင်ပြည်နယ်အစိုးရအဖွဲ့
လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ကရင်ပြည်နယ်အတွင်းရှိ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ တိုးချဲ့တည်ဆောက်ခြင်းနှင့် အစားထိုးတည်ဆောက်ခြင်းလုပ်ငန်းများအား ဆောင်ရွက်နိုင်ရေးအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက် - ၂၇-၅-၂၀၁၅ရက်
- တင်ဒါလျှောက်လွှာရောင်းချမည့်နေရာ - ကရင်ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၊ အမှတ်(၁)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ ဘားအံမြို့။
- တင်ဒါပိတ်ရက်နှင့်အချိန် - ၂၀-၆-၂၀၁၅ရက် ညနေ ၁၆း၀၀နာရီ
- တင်ဒါတင်သွင်းရမည့်နေရာ -ကရင်ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၊ အမှတ်(၁)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ ဘားအံမြို့။
- တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန် -၂၀-၆-၂၀၁၅ရက် နံနက် ၁၀း၀၀နာရီ
- တင်ဒါတင်သွင်းရမည့်နေရာ -ကရင်ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၊ အမှတ်(၁)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ ဘားအံမြို့။

၃။ အသေးစိတ်သိရှိလိုပါက
- ကရင်ပြည်နယ်အစိုးရအဖွဲ့၊ လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး ဖုန်း-၀၉-၈၇၃၁၆၀၅
- ကရင်ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး ဖုန်း-၀၅၈-၂၁၆၁၁၊ ၀၅၈-၂၁၁၀၅၊ ၀၉-၅၆၆ ၂၁၆၁၊ ၀၉-၅၆၆ ၂၁၆၃၁ သို့ တိုက်ရိုက်ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးကော်မတီ

မြေကွက်များ ဝယ်လိုသည်
ရန်ကုန်မြို့ဒဂုံမြို့သစ်
(အရှေ့ပိုင်း၊ ဆိပ်ကမ်း
တောင်ပိုင်း၊ မြောက်ပိုင်း)
မြို့နယ်များရှိ မြေကွက်များ
ဝယ်လိုသည်။
-၀၉-၄၄စ်၀ ၂၅၃၄ ၂
၀၉-၄ ၂၀၁၀၇၀ ၂၁
၀၉-၇၃ ၂၃၄၆၅

တစ်ဦးတည်းဖြစ်ကြောင်းနှင့် ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အထက(၃)ဒုတိယတန်း(A)အောင်မှ မဂျာဆိုင်းလုံနှင့် မသဇင်ဦးမှာ တစ်ဦးတည်းဖြစ်ပါကြောင်းနှင့် ဖခင်အမည်မှန်မှာ ဦးတူးကီဖြစ်ပါသည်။

အမည်ဖြည့်စွက်

ဦးဘရန်အောင်[၁/မကန(ရိုင်)] ၀၇၃၉၄၅၈ သမီးမဆွတ်ပန်စင်အား မကရိုင်ဆွတ်ပန်စင်၊ မောင်ဆွတ်ရိန်အောင်နန်အား မောင်ကရိုင်ဆွတ်ရိန်အောင်နန်ဟု ဖြည့်စွက်ခေါ်ပါရန်။

ရောင်းမည်။ (ဝယ်/ငှား) ယူလိုသည်။

၁။ တောင်အုံဆိပ်ကမ်း ဇုန် (၃) ပတ္တမြားလမ်း(သုံးကွက်တွဲ)ဆက်လျက် တစ်ကွက်လျှင် (200'x195')စီရှိ (တစ်ကွက်ချေးနှုန်း = ၁၄၀၀ သိန်း)

၂။ မြေညီထပ်တိုက်ခန်းမျက်နှာစာကျယ်ကျယ် လမ်းမတန်း(ဝယ်/ငှား)ယူလိုသည်။

C/O ဦးသိန်းလှညို - 0943133981, 254042009, 245585, 246663

အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဗဟိုစာရင်းအင်းအဖွဲ့
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

မြန်မာနိုင်ငံ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ခရိုင်နှင့် မြို့နယ် စုပေါင်းရုံးများ တည်ဆောက်ခြင်းလုပ်ငန်းတွင် အသုံးပြုရန်လိုအပ်သော ဖော်ပြပါစက်ပစ္စည်းများအား ပြည်တွင်း သုံးငွေ(ကျပ်)ဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ဝင်စားသူများ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

စဉ်	အမျိုးအစား	အရေအတွက်
1.	Server(Turnkey)	402 Nos
2.	Accessories for Server(Turnkey) (Storage,Monitor,Keyboard,Mouse,etc)	402 Lots
3.	Operating System Software for Server(Turnkey)	402 Usr
4.	Online UPS (Turnkey)	402 Nos
5.	Network System Deployment (Turnkey) (Switch,Cable,Network Accessories)	402 Lots
6.	Solar Power System (Turnkey)	1 Lot
7.	Application Software Development (Turnkey) 1 Lot	

တင်ဒါပုံစံနှင့် တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် အသေးစိတ်အချက်အလက်များအား ၁-၆-၂၀၁၅ရက်မှ ၈-၆-၂၀၁၅ရက်အထိ ရုံးချိန်အတွင်း ဗဟိုစာရင်းအင်းအဖွဲ့၊ ရုံးအမှတ်(၃)၊ နေပြည်တော်နှင့် အမှတ်(၁)၊ သစ္စာလမ်းမကြီး၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် စုံစမ်းမေးမြန်းလာရောက်ထုတ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
နေပြည်တော်
ဖုန်း-၀၆၇-၄၀၆၃၃၀၊ ၀၆၇-၄၂၁၂၂၂

နိုင်ငံပိုင်လုပ်ငန်းဌာနများနှင့်ဆောက်လုပ်ရေးလုပ်ငန်း လုပ်ဆောင်သူများသို့ အသိပေးကြေညာချက်

* ၂၀၁၅ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ(စ)၏ ဇယားတွင် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ရှိသည့် ဝန်ဆောင်မှုလုပ်ငန်းအမျိုးအစား (၂၃)မျိုး ဖော်ပြထားပြီး ကုန်ဝန်ဆောင်မှုလုပ်ငန်းများ၏ ဝန်ဆောင်မှုရင်းခွေအပေါ် ၅ ရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်ဖြစ်ကြောင်း ပုဒ်မခွဲ(ဆ)တွင် ပြဋ္ဌာန်းထားပါသည်။
* နေအိမ် မဟုတ်သည့် မြေ၊ အဆောက်အအုံ ငှားရမ်းခြင်းဝန်ဆောင်မှုသည် ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့်ဝန်ဆောင်မှုအမျိုးအစားဖြစ်ပါသည်။
* ထို့အတူ အဆောက်အအုံဆောက်လုပ်ပေးခြင်း ဝန်ဆောင်မှုသည်လည်း ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ဝန်ဆောင်မှုအမျိုးအစားဖြစ်ပါသည်။
* ဆောက်လုပ်ရေးဝန်ဆောင်မှု ဆောင်ရွက်သူ၊ နေအိမ်ငှားရမ်းခြင်းမှအပဖြစ်သော မြေနှင့် အဆောက်အအုံငှားရမ်းခြင်း၊ ဝန်ဆောင်မှု ဆောင်ရွက်သူတို့သည် ကုန်သွယ်လုပ်ငန်းခွန်

မကျသင့်မီ ဝန်ဆောင်မှုရင်ခွေနှင့်အတူ ကျသင့်ကုန်သွယ်လုပ်ငန်းခွန် ၅ရာခိုင်နှုန်းကို ကောက်ခံပေးရမည်ဖြစ်ပါသည်။ [ဥပမာ-အဆောက်အအုံ ဆောက်လုပ်ပေးခြင်းအတွက် ဝန်ဆောင်ခ (၁၀၀)ကျပ် ကျသင့်ပါက ဝန်ဆောင်မှုဆောင်ရွက်သူသည် ဝန်ဆောင်ခ(၁၀၀) ကျပ်နှင့်အတူ ကျသင့်အခွန် (၅)ကျပ်ကိုပါ ဝန်ဆောင်မှု ရယူသူထံမှ တစ်ပါတည်းကောက်ခံပေးရမည်ဖြစ်ပါ သည်။]

* နိုင်ငံပိုင်လုပ်ငန်းဌာနများ၊ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရတို့ပိုင်မြေနှင့်အဆောက်အအုံများ ငှားရမ်းခြင်းအတွက် ကျသင့်ငှားရမ်းခ ရင်ငွေနှင့်အတူ ကျသင့်ကုန်သွယ် လုပ်ငန်းခွန်ကိုပါ တစ်ပါတည်းကောက်ခံပြီး သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများသို့ ပေးသွင်းရန် လိုအပ်ပါသည်။
* ဆောက်လုပ်ရေးဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူများ အနေဖြင့်လည်း အစိုးရဌာနများသို့ တင်ဒါတင်သွင်းရာ၌ ဆောက်လုပ်မှုကုန်ကျစရိတ်တွင် ကုန်သွယ်လုပ်ငန်းခွန်တည့်သွင်းတွက်ချက်ပေးရန်လိုအပ်မည်ဖြစ်ပါသည်။ ထို့အပြင် ထည့်သွင်းတွက်ချက်ထားသည့် ကုန်သွယ်လုပ်ငန်းခွန်ကိုလည်း မိမိတို့နှင့် သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများသို့

ကုန်သွယ်လုပ်ငန်းခွန် ဥပဒေနှင့်အညီ ပေးသွင်းရန် လိုအပ်ပါသည်။

* ဝန်ဆောင်မှုလုပ်ငန်းအပေါ် ကောက်ခံပေးသွင်းရသည့် ကုန်သွယ်လုပ်ငန်းခွန်နှင့်ပတ်သက်၍ ရှင်းလင်းမှုမရှိပါက သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများသို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

ပြည်တွင်းအခွန်များဦးစီးဌာန

ဖွံ့ဖြိုးစေဖို့ကမ္ဘာ့ထုတ်လုပ်မှုလမ်းကြောင်း(Global Supply Chain)သို့ပိုမိုဝင်ရောက်ရေး

ဒေါက်တာမောင်အောင်

ယနေ့ပွင့်လင်းလာသည့် မြန်မာနိုင်ငံအတွက် အမြန်ဆုံးဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ပေးနိုင်သည့် ကမ္ဘာ့ထုတ်လုပ်မှုလမ်းကြောင်းစနစ်နှင့် ပိုမိုပေါင်းစည်းနိုင်ရေးအတွက် အသိပညာဗဟုသုတများ ပြည်သူများအကြား ပြန့်ပွားစေရန်ရည်ရွယ်ပြီး ဒေါက်တာမောင်အောင်ရေးသားသော ဆောင်းပါးများကို ဖော်ပြလိုက်ပါသည်။

ပြည်သူလူထုအတွက် တန်ဖိုးရှိသည့်အချိန်များ မကုန်ဆုံးရေး၊ ထုတ်လုပ်မှု စွမ်းအားရှိလုပ်ငန်းများ ပိုမိုလုပ်ဆောင်နိုင်ရေးနှင့် Logistic များ လျှော့ချနိုင်ရေးအတွက် ဖွံ့ဖြိုးရေးဆောင်းပါးများကို အပတ်စဉ် ကြာသပတေးနေ့တိုင်း ဖော်ပြလျက်ရှိပါသည်။ (စာတည်း)

ယခင်အပတ်မှအဆက်

သို့မှသာ မြန်မာ့လယ်ယာထွက်ကုန်များ နိုင်ငံတကာ ကုန်စည်ဒိုင်ကြီးများ၊ ကုမ္ပဏီကြီးများနှင့် ပိုမိုချိတ်ဆက်နိုင်ခြင်း၊ စံချိန်မီ အရည်အသွေး ပိုမိုထုတ်လုပ်နိုင်ခြင်းနှင့် တန်ဖိုးမြှင့်ပို့ကုန်များ ပိုမိုထုတ်လုပ်တင်ပို့နိုင်ခြင်းမှတစ်ဆင့် မြန်မာ့လယ်ယာစီးပွားရေးလုပ်ငန်းများ ကမ္ဘာ့ထုတ်လုပ်မှုလမ်းကြောင်းနှင့် တန်ဖိုးမြှင့်လမ်းကြောင်းထဲသို့ ပိုမိုဝင်ရောက်နိုင်မည်ဖြစ်သည်။

လုပ်ငန်းရှင်များပိုမိုညီညွတ်ပေါင်းစည်းရေး

ပို၍ အရေးကြီးသည်မှာ လုပ်ငန်းရှင်များ အနေဖြင့် GSC ထဲထဲဝင်ဝင် ဝင်ရောက်နိုင်ရေးအတွက် ထုတ်လုပ်မှု လုပ်ငန်းတစ်ခုလုံးတွင် ပါဝင်သူများအားလုံး ပေါင်းစည်းဆောင်ရွက်ရေး (coordingation among supply chain members) ကို အထူးမြှင့်တင်ရမည်ဖြစ်သည်။ ဥပမာအားဖြင့် ဆန်စပါးလုပ်ငန်းဆိုလျှင် သွင်းအားစုများထုတ်လုပ် သူ၊ စိုက်ပျိုးသူ၊ သယ်ယူသူ၊ ကြိတ်ခွဲသူ၊ ရောင်းချသူများအချင်းချင်း ပိုမိုပူးပေါင်းလုပ်ဆောင်ရမည်ဖြစ်သည်။ ထို့ပြင် လုပ်ငန်းလုပ်ဆောင်သည့် သူများ လယ်သမား အချင်းချင်း၊ ဆန်စက်ပိုင်ရှင်အချင်းချင်း၊ ဆန်ကုန်သည် အချင်းချင်းလည်း ပိုမိုပူးပေါင်းလုပ်ဆောင်မှ အင်အား ပိုမိုရရှိမည်ဖြစ်သလို ထုတ်လုပ်မှုစွမ်းအားနှင့် အရည်အသွေးပိုမိုမြှင့်တင်နိုင်ခြင်း ထိုမှတစ်ဆင့် ယှဉ်ပြိုင်နိုင်မှုစွမ်းအားတက်လာစေမည်ဖြစ်သည်။

လုပ်ငန်းရှင်တိုင်း အထူးသတိပြုရမည့် အချက်မှာ GSC သို့ဝင်ရောက်နိုင်ရေး လုပ်ငန်းတိုင်း အမြဲတမ်းတက်ကြွပြီး အောင်မြင်လိုသည့်ဆန္ဒရှိရမည်ဖြစ်သလို အတိုင်းအတာတစ်ခုအထိ ရှင်သန်တိုးတက်နေသည့် လုပ်ငန်းဖြစ်အောင် ကြိုးစားရမည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်ရာတွင် ထုတ်လုပ်ရောင်းချသောထုတ်ကုန် (သို့) ဝန်ဆောင်မှုနှင့် ပတ်သက်၍ ဝယ်ယူသုံးစွဲသူများ၏ ယုံကြည်မှု (trust) ရရှိစေရန် ဦးစွာ လုပ်ဆောင်ရမည်ဖြစ်သည်။ ထိုသို့ လုပ်ဆောင်နိုင်ရန် ဝယ်ယူစားသုံးသူများ၏ စိတ်ကျေနပ်နှစ်သိမ့်မှု (satisfaction) ပိုမိုတိုးပွားလာမှသာ ဖြစ်နိုင်ပေသည်။ ထို့အတွက် ယုံကြည်မှုတည်ဆောက်ရာတွင် မိမိကုန်စည်အရည်အသွေးတိုးတက်အောင်လုပ်ဆောင်ခြင်း၊ စျေးကွက်အသီးသီးတွင် ဝယ်ယူရရှိနိုင်အောင်ဆောင်ရွက်ခြင်း၊ မိမိထုတ်ကုန်တာဝန်ယူခြင်းနှင့် ဝန်ဆောင်မှုပေးခြင်း၊ မျှတသည့် စျေးနှုန်းဖော်ဆောင်ခြင်းတို့ဖြင့် လုပ်ဆောင်နိုင်ပြီး ယုံကြည်မှု ခိုင်မာလာလျှင် မိမိထုတ်ကုန် brand name ကို တည်ဆောက်နိုင် မည်ဖြစ်သည်။ ဤအဆင့်သို့ရောက်လျှင် မိမိထုတ်ကုန်တန်ဖိုး သိသိသာသာမြင့်တက်လာမည်ဖြစ်၍ ယခုခေတ်တွင် လုပ်ငန်းရှင်တိုင်း လက်တွေ့ကျင့်သုံးရမည့် ဆောင်ပုဒ်မှာ ပိုမိုလေ့လာ၊ ပိုကောင်းအောင်လုပ် (learn more, serve better) ပင်ဖြစ်သည်။ ထို့အပြင် ဆန်းသစ်တီထွင်မှုအစဉ်ဖော်ဆောင်နိုင်ရေးအတွက် ဦးဆောင်သည့် မိမိအပါအဝင် အားလုံး၏ ကျွမ်းကျင်တက်မြောက်ရေးဆောင်ရွက်မှသာ တစ်နေ့တစ်ခြား တိုးတက်လာသည့်နည်းပညာများ သိရှိလေ့လာသုံးစွဲနိုင်မည်ဖြစ်သည်။ ယနေ့ လုပ်ငန်းရှင်များအတွက် အရေးကြီးဆုံးမှာ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် GSC နှင့်ဆက်စပ်နေသော နိုင်ငံတကာလုပ်ငန်းကြီးများ၊ ကုမ္ပဏီကြီးများနှင့်တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ပေါင်းစည်းနိုင်ရေးဖြစ်သည်။ လက်တွေ့အားဖြင့် ဖက်စပ်လုပ်ငန်း (joint venture)၊ FDI လုပ်ငန်းကြီးများအတွက် သွင်းအားစုများ တိုက်ရိုက်ဖြစ်စေ၊ တစ်ဆင့်ခံကန်ထရိုက်ဖြင့်ဖြစ်စေ၊ သို့မဟုတ် ရာနှုန်းပြည့် FDI များအတွက် သွင်းအားစုပြည်တွင်း အသုံးပြုမှု (local content) ပိုင်းတွင်ဖြစ်စေ ပြည်တွင်းလုပ်ငန်းရှင်များပေါင်းစည်းနိုင်ရေးဖြစ်သည်။

အသိဉာဏ်ဖွံ့ဖြိုးတိုးတက်မှု အထူးဦးစားပေး

ယနေ့ခေတ် ဖွံ့ဖြိုးတိုးတက်မှု အဓိကပြဋ္ဌာန်းနေသည့်အချက်မှာ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုပင်ဖြစ်သည်။ ယနေ့ဖွံ့ဖြိုးပြီးနိုင်ငံများ ဖွံ့ဖြိုးရခြင်း၏ အခြေခံအကြောင်းရင်းမှာလည်း ကျွမ်းကျင်တတ်မြောက်ပြီး အရည်အသွေးပြည့်ဝသည့် လူသားအရင်းအမြစ်များပိုင်ဆိုင်ထားမှုကြောင့်ဖြစ်သည်။ "အသိပညာခေတ်" ဖြစ်သည့်အားလျော်စွာ အဆိုပါ နိုင်ငံများရှိ လူတိုင်းအချိန်ကို အကောင်းဆုံးအသုံးချလျက် လေ့လာသင်ယူမှုမျိုးစဉ်ဆက်မပြတ် လုပ်ဆောင်ခြင်းဖြင့် အသိဉာဏ်ဖွံ့ဖြိုးမှုနှင့် ကျွမ်းကျင်မှုကို အစဉ်မြှင့်တင်လေ့ရှိသည်။ ထို့အတွက်လည်း ယနေ့ခေတ်၏ ဖွံ့ဖြိုးတိုးတက်မှုသည် အဆိုပါ နိုင်ငံရှိ နိုင်ငံသားတိုင်း၏ အရည်အသွေးပေါ်မူတည်လျက်ရှိသည်။ ထုတ်လုပ်မှု အင်အားစု များဖြစ်သည့် အရင်းအနှီး၊ အိမ်ရာ၊ အဆောက်အအုံ စသည်တို့မှာ ကိုယ်ပိုင်ပစ္စည်းအစစ်မဟုတ်သည့်အပြင်ရန်သူ မျိုးငါးပါးနှင့် သဘာဝဘေးများကြောင့် အချိန်မရွေး ပျက်စီးဆုံးရှုံးနိုင်သည်။ ထို့ပြင် အဆိုပါ ပိုင်ဆိုင်မှုပစ္စည်းများ အချိန်အလိုက် အချိန်ကြာသည်နှင့်အမျှ ချို့ယွင်းပြန်းတီးမှု (depreiation) ကြောင့် တန်ဖိုးလျော့နည်းလာခြင်းမျိုး လည်းရှိတတ်သည်။ အဆိုပါ ပိုင်ဆိုင်မှုများ၏ ပြန်ရချက် (returen) အကန့်အသတ်နှင့် သာရှိသည်။ သို့သော် အသိဉာဏ်ကြွယ်ဝလာခြင်းအတွက် ချို့ယွင်းပြန်းတီးမှုမရှိသလို တန်ဖိုးအစစ်ဖြစ်၍လည်း ဖျက်စီး၍ မရနိုင်သလို ဦးနှောက်ကောင်းသည့် လူတစ်ဦးတစ်ယောက်၏ ပြန်ရချက်(လစာ၊ ချီးမြှင့်ငွေ၊ တီထွင်ခ) မည်မျှဆိုသည်ကို ကန့်သတ်၍ မရနိုင်ပေ။ ထို့အတွက် ယနေ့ခေတ်၏ ဖွံ့ဖြိုးမှုသည် ထုတ်လုပ်မှုအင်အားစုများ အနက် အရေးပါဆုံးဖြစ်သည့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအပေါ် လုံးလုံးလျားလျား မူတည်နေပြီဖြစ်သည်။

ယခုအခါ FDI လုပ်ငန်းများထုတ်လုပ်မှုနှင့်စက်မှုလက်မှုကဏ္ဍများရှိ အဓိကဝင်ရောက်လာမှုကြောင့်အဆိုပါ လုပ်ငန်းများအတွက် ကျွမ်းကျင်မှုရှိသည့် ဝန်ထမ်းများ၊ လုပ်သားများ ရရှိရေး ရှာဖွေနေရသည့် အချိန်ဖြစ်သည်။ ဆက်သွယ်ရေးကဏ္ဍ၌ နိုင်ငံခြားကုမ္ပဏီများဖြစ်သည့် တယ်လီနော၊ အောရီဒူး၊ KDD နှင့် ဆူမီတိုမိုတို့ ဝင်ရောက်လာပြီး မိုဘိုင်းဖုန်းလုပ်ငန်း သိသိသာသာ တိုးချဲ့နိုင်ရေး ကျွမ်းကျင်ဝန်ထမ်းများ တိုးချဲ့ခန့်ထားနေပြီဖြစ်သည်။ ဘဏ် လုပ်ငန်းများ၌ နိုင်ငံခြားဘဏ် ကိုးဘဏ်စတင်လုပ်ဆောင်တော့မည်ဖြစ်ရာ ကျွမ်းကျင်သူများရှာဖွေနေသည့်အချိန် ဖြစ်သည်။ **ဆက်လက်ဖော်ပြပါမည်။**

> ယနေ့ခေတ်၏ ဖွံ့ဖြိုးမှုသည် ထုတ်လုပ်မှု အင်အားစုများအနက် အရေးပါးဆုံးဖြစ်သည့် လူ့စွမ်းအားအရင်းအမြစ် . . .

ပြည်ထဲရေးဝန်ကြီးဌာန
စက်နှင့်စက်ပစ္စည်းဝယ်ယူရေးလုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၏ အောက်ဖော်ပြပါ တပ်ဖွဲ့/ဦးစီးဌာနများတွင် စက်နှင့်စက်ပစ္စည်းဝယ်ယူရေးလုပ်ငန်းဆောင်ရွက်ရန်ရှိပါသဖြင့် ပြည်တွင်းမြန်မာနိုင်ငံသား ပဂ္ဂလိကကုမ္ပဏီလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါဖိတ်ခေါ်အပ်ပါသည်-

(က) မြန်မာနိုင်ငံရဲတပ်ဖွဲ့
(ခ) အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန
(ဂ) အကျဉ်းဦးစီးဌာန
(ဃ) မီးသတ်ဦးစီးဌာန

၂။ အထက်ပါတပ်ဖွဲ့/ဦးစီးဌာနများတွင် အသုံးပြုရန် ဝယ်ယူမည့် စက်နှင့်စက်ပစ္စည်းများအတွက် အဆိုပြုတင်ဒါ၊ အဆိုပြုလွှာစျေးနှုန်းတင်သွင်းခြင်း တင်ဒါပုံစံနှင့် အိတ်ဖွင့်တင်ဒါ စည်းကမ်းချက်များအား ၂၂-၄-၂၀၁၅ရက်မှ ၁၅-၅-၂၀၁၅ရက်အတွင်း ရောင်းချခဲ့ပြီးဖြစ်ပါသည်။

၃။ အဆိုပြုတင်ဒါအဆိုပြုလွှာ တင်သွင်းထားသော လုပ်ငန်းရှင်များ၏စျေးနှုန်းတင်သွင်းခြင်း တင်ဒါ ပုံစံများနှင့်ပတ်သက်၍ ၂၆-၅-၂၀၁၅ရက်မှစ၍ ပြည်ထဲရေးဝန်ကြီးဌာန(ရုံးအမှတ်-၁၀)ရှေ့ရှိ ပြည်ထဲရေး ဝန်ကြီးဌာန၊ မူလတန်းကြိုကျောင်းတွင် လာရောက်ကြည့်ရှုနိုင်သည်။

၄။ စျေးနှုန်းတင်သွင်းခြင်း တင်ဒါပုံစံတင်သွင်းရမည့် ကုမ္ပဏီများအနေဖြင့် တပ်ဖွဲ့/ဦးစီးဌာနများ၏ လုပ်ငန်းအုပ်စု အမှတ်စဉ်အလိုက် တင်ဒါဖွင့်ဖောက်မည့် နေ့ရက်များ၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ်၊ ရုံးအမှတ်(၈)၊ အရိန္ဒမာနန်းမတွင် တင်သွင်းရမည်ဖြစ်ပါသည်။ (သတ်မှတ်ချိန် ကျော်လွန်၍ တင်သွင်းလာသော စျေးနှုန်းတင်သွင်းခြင်း တင်ဒါပုံစံများကို လက်ခံစဉ်းစားခြင်းမပြုပါ။)

၅။ ကုမ္ပဏီများ၏ စျေးနှုန်းတင်သွင်းလာသော တင်ဒါပုံစံများကို တပ်ဖွဲ့/ဦးစီးဌာနများ၏ လုပ်ငန်းအုပ်စု အလိုက် အောက်ပါရက်များတွင် နံနက် ၁၀နာရီ၌ ဖွင့်ဖောက်ကြေညာပေးသွားမည်ဖြစ်သည်။

(က) အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန - ၁-၆-၂၀၁၅ရက်
(ခ) အကျဉ်းဦးစီးဌာန - ၁-၆-၂၀၁၅ရက်
(ဂ) မီးသတ်ဦးစီးဌာန - ၂-၆-၂၀၁၅၊ ၃-၆-၂၀၁၅၊ ၄-၆-၂၀၁၅ရက်
(ဃ) မြန်မာနိုင်ငံရဲတပ်ဖွဲ့ - ၅-၆-၂၀၁၅၊ ၈-၆-၂၀၁၅၊ ၉-၆-၂၀၁၅ရက်

၆။ အသေးစိတ်အချက်အလက်များသိရှိလိုပါက အောက်ပါဖုန်းများသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

(က) ပြည်ထဲရေးဝန်ကြီးဌာန - ဖုန်း-၀၆၇-၄၁၂၄၃၆၊ ၀၆၇-၄၁၂၄၃၃
(ခ) မြန်မာနိုင်ငံရဲတပ်ဖွဲ့ - ဖုန်း-၀၆၇-၄၁၂၅၁၂၂၊ ၀၆၇-၄၁၂၂၅၈
(ဂ) အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန - ဖုန်း-၀၆၇-၄၃၁၃၉၆၊ ၀၆၇-၄၃၁၃၃၄
(ဃ) အကျဉ်းဦးစီးဌာန - ဖုန်း-၀၆၇-၄၃၁၃၁၆၊ ၀၆၇-၄၃၁၃၄၀
(င) မီးသတ်ဦးစီးဌာန - ဖုန်း-၀၆၇-၄၂၀၀၂၅၊ ၀၁-၆၆၁၅၄၄

ရွှေကြေးစည် မှ (ကျိုက္ကမီ၊ မော်လမြိုင်၊ ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန်)
▲ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ မွေတော်ကတ္တ။ ထမ့်စမ်းလွှိုက်ဂူ။
▲ ပုဂံ၊ ပုပ္ပါး၊ ရွယ်တော်လေးဆူ၊ ပခုက္ကူ။ ဆက်၍- မန္တလေး၊ ပြင်ဦးလွင် အနှံ့။
▲ ကျိုကြွမီ၊ မော်လမြိုင်၊ စက်စဲ၊ နွားလပို့တောင်၊ ဝင်းစိန်တောရ လက်မှတ်ရောင်း/ဝင်းလုံးဌား
▲ (အကောက်တောင်)(ဇလွန်)(နေပြည်တော်) အပတ်စဉ်-သောကြာ၊စနေ၊တနင်္ဂနွေ
ပန်းဆိုးတန်း ☎01-240860/01-372290 ဒေါ်ပုံ09-49282825 ကမာကြည် 09421029191

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန
သစ်တောဦးစီးဌာန၊ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ တောင်ကြီးမြို့နယ်နှင့် ကလောမြို့နယ်တို့တွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေမှ ကွန်ကရစ်ခင်း၊ (၂")သံပိုက်လုံး၊ အမြင့်(၇')ဖြင့် အောက်ဖော်ပြပါ ပျိုးစင်(၁၄)စင်တည်ဆောက်မည်ဖြစ်ပါသဖြင့် မြန်မာနိုင်ငံသားကုမ္ပဏီ/ လုပ်ငန်းရှင်များအား သတ်မှတ်ချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန်ဖိတ်ခေါ်အပ်ပါသည်။

တောင်ကြီးမြို့နယ်		
(၁) ပြည်နယ်သစ်တောရုံးဝင်းအတွင်း	(၅၂'×၄၅')	= ၃စင်
(၂) ခရိုင်ရုံးဝင်းအတွင်း	(၅၂'×၄၅')	= ၁စင်
(၃) မြို့နယ်ရုံးဝင်းအတွင်း	(၅၂'×၄၀')	= ၁စင်
(၄) အေးသာယာပျိုးဥယျာဉ်	(၁၀၀'×၅၀')	= ၂စင်
ကလောမြို့နယ်		
(၁) ဟဲဟိုးပျိုးဥယျာဉ်	(၁၁၀'×၅၀')	= ၄စင်
(၂) အင်းပြင်ပျိုးဥယျာဉ်	(၇၂'×၂၇')	= ၂စင်
အင်းပြင်ပျိုးဥယျာဉ်	(၉၂'×၅၀')	= ၁စင်

၂။ ဆောက်လုပ်လိုသည့် ကုမ္ပဏီ/ လုပ်ငန်းရှင်များသည် ဌာနမှသတ်မှတ်ထားသောဒီဇိုင်းပုံစံနှင့် ပါရှိရမည့်အခြေခံပျိုးဥယျာဉ်အတိုင်းအသေးစိတ်တွက်ချက်ရေးဆွဲ၍ တင်ပြရန်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါစည်းကမ်းချက်များနှင့် တင်ဒါပုံစံကို ၃၀-၅-၂၀၁၅ရက် ၉း၃၀နာရီမှ စ၍ရောင်းချမည်ဖြစ်ပြီး ၁၅-၆-၂၀၁၅ရက် ၁၆း၃၀နာရီတွင် တင်ဒါပိတ်မည်ဖြစ်ပါသည်။ တင်ဒါ ဖွင့်မည့်ရက်ကို သတ်မှတ်ချက်နှင့်ကိုက်ညီသည့်တင်ဒါတင်သွင်းသူများထံ ဆက်သွယ်အကြောင်း ကြားသွားမည်ဖြစ်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်သိလိုပါက ရုံးချိန်အတွင်း ရှမ်းပြည်နယ် သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံး၊ ဖုန်းအမှတ်-၀၈၁-၂၁၂၀၁၁၊ ၀၈၁-၂၁၂၃၃၄ သို့ဆက်သွယ်မေးမြန်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းနှင့်
စိစစ်ရွေးချယ်ရေးကော်မတီ

တက္ကသိုလ်ဝင်တန်း စာမေးပွဲဖြေဆိုပြီးသူများ ကျောင်းအားရက်မှာ အကျိုးရှိစေဖို့နှင့် အင်္ဂလိပ်စာတတ်ဖို့ လိုနေသူတိုင်းအတွက်
(မြို့လယ်ကျောင်း) အမှတ်(၁၁၉)၊Y.W.C.A ဘိုကလေးဈေးလမ်း
Ph: 202046,392048,256954

BASIC ENGLISH SPEAKING
3:30 - 5 (Mon – Thurs) 25 May
7:30 - 9 (Mon – Thurs) 27 May
10-11:30 (Mon – Thurs) 17 Jun
9 - 12:00 (Sat + Sun) 20 Jun

BASIC FOUR SKILLS ENGLISH
7:30 - 9 (Mon – Thurs) 3 Jun
1 - 4:00 (Sat + Sun) 6,20 Jun
3:30 - 5 (Mon – Thurs) 8,10 Jun
1 - 2:30 (Mon – Thurs) 10 Jun
6 - 7:30 (Mon – Thurs) 15 Jun

PRE-INTERMEDIATE (4-SKILL ENGLISH)
3:30 - 5 (Mon – Thurs) 27 May
7:30 - 9 (Mon – Thurs) 3 Jun
1 - 4:00 (Sat + Sun) 6 Jun
10-11:30 (Mon – Thurs) 17 Jun

INTERMEDIATE (ACADEMIC ENGLISH)
7:30 - 9 (Mon – Thurs) 27 May
1 - 2:30 (Mon – Thurs) 1 Jun

VOCAB ENRICHMENT
1 - 2:30 (Mon – Thurs) 25 May
10-11:30 (Mon – Thurs) 22 Jun

BASIC GRAMMAR
10-11:30 (Mon – Thurs) 13 Jul

BASIC WRITING
3:30 - 5 (Mon – Thurs) 26 May

IELTS (Preparation)
1 - 3:30 (Mon – Thurs) 1 Jun

IELTS Exam Practice
3:30 - 5 (Mon – Thurs) 25 May

IELTS (Speaking)
1 - 2:30 (Mon – Thurs) 8 Jun

IELTS (Reading)
7:30-9:30 (Mon – Thurs) 15 Jun

IELTS (Writing)
8 - 11:00 (Sat + Sun) 31 May

ဆရာအာသာ SUCCESS Language Academy
လှည်းတန်းကျောင်းခွဲ
ဦးထွန်းလင်းခြံလမ်း အမှတ် ၅ (B-3) ဒုတိယထပ်၊ (လှုဆန်းယဉ်တိုက်)
Ph: 01-503472, 09 73001453 တွင် ဖွင့်လှစ်မည့်သင်တန်းများ

BASIC ENGLISH SPEAKING
7:30 - 9 (Mon – Thurs) 10 Jun
10-11:30 (Mon – Thurs) 22 Jun
1 - 2:30 (Mon – Thurs) 22 Jun

BASIC FOUR SKILLS ENGLISH
1 - 2:30 (Mon – Thurs) 3 Jun
7:30 - 9 (Mon– Thurs) 10 Jun
4:30-7:30 (Sat + Sun) 13 Jun
3:30 - 5 (Mon – Thurs) 15 Jun

PRE-INTERMEDIATE (4-SKILL ENGLISH)
7:30-10:30 (Sat + Sun) 27 Jun

INTERMEDIATE (ACADEMIC ENGLISH)
12 - 3:00 (Sat + Sun) 12 Jul

IELTS (Preparation)
12:30 - 3:30 (Sat + Sun) 20 Jun

ကလေးများအတွက် တစ်နစ်ပတ်လုံးဖွင့်မည့်
Regular English Courses For Young Learners
(၁)တန်းမှ (၉)တန်း ကလေးများအတွက် Level-၅ ဆင့်ခွဲ၍
ထိရောက်စွာသင်ကြားမည့် 4-Skill English သင်တန်းများ
9:30 to 11:30 a.m. June 6 စပါမည်။ (ဝယ်ရီ ပိုရှည်ပေးပါသည်။)
Sat + Sun (တစ်ပါတ် ၂ ရက်) နေရာသေချာဖို့ ကြိုတင်အပ်နှံနိုင်ပါပြီ။

အာနန်းဆက်ဝတ္ထုရှည်

သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည်...ခိုင်

တက္ကသိုလ်ဘုန်းနိုင်

ကြေးမုံသတင်းစာတွင် ဝတ္ထုကဏ္ဍယခင်ကထည့်သွင်းဖော်ပြပေးခဲ့ဖူးပါသည်။ ထိုဝတ္ထုကဏ္ဍကို စာဖတ်ပရိသတ်များ ပြန်လည်ဖတ်ရှုနိုင်ရန်အတွက် ကြေးမုံသတင်းစာတွင် နေ့စဉ် ပြန်လည်ဖော်ပြပေးလိုက်ပါသည်။ ထို့သို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ် စွဲလမ်းဆဲလက်စရှိသည့် ဆရာတက္ကသိုလ်ဘုန်းနိုင်၏ "သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည်...ခိုင်" ဝတ္ထုကို အခန်းဆက်ဝတ္ထုအဖြစ် ဦးစွာတင်ဆက်ပေးလိုက်ပါသည်။

ထိုဝတ္ထုကို ရှပ်ရှင်ဇာတ်ကားကြီးအဖြစ်ရိုက်ကူးတင်ဆက်ခဲ့ပြီးဖြစ်သော်လည်း ရှပ်ရှင်ရသခံစားမှုထက် ဝတ္ထုရသခံစားမှုက ပရိသတ်အား ပိုမိုဆွဲဆောင်မှုရှိသည်ကို ဖတ်ရှုလေလာ သိသာနိုင်ရန်ဖြစ်ပါသည်။ ယင်းနောက် စာဖတ်ပရိသတ်၏ နှလုံးသားကို စွဲငြိစေမည့် ရသမြောက်သည့် ထင်ရှားသော ဝတ္ထုများကိုလည်း ဆက်လက်ဖော်ပြပေးသွားမည်ဖြစ်ပါသည်။ (စာတည်း)

(၂၄) မုန်းသည်ဆိုသောနေ့

ငြိမ်းမောင်သည် ခိုင့်အကြောင်းကို ခေတ်ပိုင်း၍ သမိုင်းပမာ ပြောခဲ့သည်။ သမိုင်းမည်သည် ပြန်လည်ထပ်ကျော့တတ်သော သဘောကိုမူ သတိပြုမိဟန်မတူ။

ယခုကား သမိုင်းသည် ပြန်လည်ထပ်ကျော့သည်ဟု ဆိုရမည်ကဲ့သို့ ရှိ၏။

ဆေးရုံကြီး၌ ငြိမ်းမောင်သည် လူမှန်းသူမှန်း မသိဘဲ သုံးရက်ခန့် ဝေဒနာ ခံစားနေရသည်။ သတိရပြီး နောက်ပိုင်း၌လည်း ရက်ပေါင်းများစွာ ဂလူးကို့(စ်)သွင်းလျက် ပက်လက်ကလေး မလှုပ်မယှက်နေရ၏။

ငြိမ်းမောင်၏ အသားများသည် ဖြူလျော်ဝါရွှေ၍ နက်သောမျက်ခုံးများသည် ပို၍မှောင်သည်ထင်ရ၏။ စကားကောင်းစွာမပြောနိုင်သော်လည်း ခိုင်နှင့် ကျွန်တော့်ကို ကြည့်သော သူ့မျက်လုံးကြီးများမှာ အဓိပ္ပာယ် အမျိုးမျိုးဆောင်နေ၏။ ထိုအဓိပ္ပာယ်တို့ကို ခွဲခွဲခြားခြား ကျွန်တော် နားမလည်။ သို့ရာတွင် လေးနက်သမျှ ဆွေးမြေ့ခြင်း သဘောလွမ်းကြောင်းကိုမူ ကျွန်တော် ခံစားသိမိ၏။

ငယ်စဉ်ကလေးဘဝက ခိုင့်ကြောင့် ရေနစ်၍ သေလုမျောပါး ဖြစ်ခဲ့ရပုံကို ကျွန်တော် တသသအမှတ်ရမိသည်။

သူငယ်ချင်းမျိုးစုံရှိသည်။ အထက်စီး အနိုင်ယူသော သူငယ်ချင်းကား တစ်မျိုး၊ တန်းတူရည်တူ ပေါင်းသော သူငယ်ချင်းကား တစ်မျိုး၊ အောက်ကျိုးနှိမ်ချကာ အနစ်နာခံပေါင်းသော သူငယ်ချင်းကား တစ်မျိုး... ဤသူငယ်ချင်းအပြားသုံးပါး၌ ငြိမ်းမောင်သည် ရှားပါးလှသော တတိယသူငယ်ချင်းအစားမျိုးဖြစ်သည်။

ငြိမ်းမောင် ခံစားနေရသည်ကို မချိတင်ကဲကြည့်ရင်း ကျွန်တော့်ကိုယ် ကျွန်တော် အပြစ်တင်မိသည်။ ကြိုတင်စိုးရိမ်သဖြင့် ငြိမ်းမောင်သည် ကျွန်တော့်ကို ခိုင်တို့နှင့် လိုက်သွားရန် တောင်းပန်ခဲ့၏။ ကျွန်တော်သာ လိုက်သွားလျှင် ဤသို့ ဖြစ်ချင်မှဖြစ်မည်။

ကျွန်တော့်အနေနှင့် တာဝန်ရှောင်ရာ ကျခဲ့သည်။ သူငယ်ချင်းကောင်း မပီသရာ ကျခဲ့သည်။ ကိုယ့်အမြင် ကိုယ့်အထင်နှင့် ကိုယ်လုပ်ချင်လျှင် ပစ်ပယ်လျစ်လျူရှုတတ်သော ကျွန်တော်သည် ငြိမ်းမောင်နှင့် နှိုင်းစာကာ တစ်ကိုယ်ကောင်း ဆန်ရာလည်း ကျနေသည်။

ကိုယ့်ကိုယ်ကိုလည်း အပြစ်တင်မိသည်။ ကိုယ့်ကိုယ်ကို အပြစ်တင်မိရာမှ ဤဒုက္ခမီးကို စ,မ္ဘေးလာသူ ခိုင့်ကို စိတ်ဆိုးမိသည်။

ငြိမ်းမောင် ဒဏ်ရာရသောညက ခိုင့်ကို စကားမာမာ ပြောပြီးသည့်နောက် ကျွန်တော်သည် ဆက်လက်၍ တင်းတင်းမာမာနေသည်။

ကျွန်တော်က ဆေးသိပ်ပွက်ကျောင်းဆောင်မှ ငြိမ်းမောင်ထံ မှန်မှန်သွားကြည့်သည်။ ခိုင်က အိမ်မှ မှန်မှန်လာသည်။

ခိုင့်မျက်ခွံများမှာ မို့နေတတ်၍ ခိုင့်မျက်လုံးများ နီရဲနေတတ်သည်ကို ထောက်သဖြင့် ခိုင် ငိုနေခဲ့မှန်း ကျွန်တော် သိသည်။ ငြိမ်းမောင် သတိမရမီက ခိုင်သည် ဝါဖျော့သော သူ့မျက်နှာကို တွေတွေငုံ့ကြည့်ရင်း အပေါ်နှုတ်ခမ်းကို အောက်သွားဖြင့် ကိုက်လျက် မျက်ရည်ပေါက်ပေါက် ကျတတ်သည်။

ငြိမ်းမောင် သတိကောင်းစွာပြန်ရ၍ စကားဆိုနိုင်...ရယ်မောနိုင်မှ ခိုင်လည်း ပြုံးဖော်ရသည်။

ခိုင်သည် သစ်သီးပန်းသီးများကို ခွဲစိတ်၍ ငြိမ်းမောင်ကို တယုတယ ခွံ့ကျွေးသည်။ စောင်များကို ငြိမ်းမောင်ကိုယ်ပေါ်၌ ချပ်ချပ်ရစ်ရစ်... သေသေသပ်သပ်ရှိရန် ပြုပြင်ခြုံလွှမ်းပေးသည်။ ဤသို့ လုပ်ကိုင် ပေးရင်း ကြေကွဲသော အပြုံးလေးကို ဆောင်နေဆဲ မျက်ရည်တို့လည်း အစဉ်ဝဲနေ၏။

ခိုင်၏ အမူအကျင့်လေးများသည် ငယ်စဉ်ဘဝကို ပြန်ပြောင်းအောက်မေ့ဖွယ်ဖြစ်၏။ ဤသို့ အောက်မေ့လေသည် ခဏ၌ ခိုင့်အပေါ် ကျွန်တော် စိတ်ဆိုးပြေမိလေသည် တကား။

တင်မောင်ညွန့်တစ်ယောက်လည်း ငြိမ်းမောင်ကို မှန်မှန်လာကြည့်သည်။ တင်မောင်ညွန့်၏ သူငယ်ချင်းတစ်ဦး ဖြစ်သော ကြည့်မြင်တိုင်သား သိန်းဟန်ဆိုသူမှာမူ ငြိမ်းမောင်ကို ဓားထိုးမှုနှင့် အချုပ်တွင်းရောက်နေသည်။

နဂိုက မေတ္တာမရှိလှသော တင်မောင်ညွန့်ကို ကျွန်တော်က ယခု လုံးဝစကားမပြော။ လူယဉ်ကျေးမှု အရသာ သည်းခံနေရသည်။ စင်စစ်မူ ဂုတ်မှဆွဲ၍ ဆေးရုံသုံးထပ်ပေါ်မှ အောက်သို့ ပစ်ချချင်မိသည်။

တင်မောင်ညွန့်ကို ခိုင်ကလည်း စကားမပြော။ သူ့ကို ခွင့်လွှတ်၍ ရင်းနှီးမှုမပျက် ဆက်လက် ဖော်ရွေနေနိုင် သူကား ကာယကံရှင် လူနာ ငြိမ်းမောင်သာတည်း။

စိတ်ဆိုးပြေသော တစ်နေ့တွင် ခိုင်တို့အိမ်သို့ ကျွန်တော် ထွက်လာခဲ့သည်။

အိမ်၌ ဧည့်သည်ရှင်းနေ၏။ ဤသည်ကို ကျွန်တော် သဘောကျမိသည်။

ခိုင့်ကို အိမ်တွင်း၌ မတွေ့သဖြင့် ခြံတွင်းသို့ ဆင်းလာခဲ့သည်။ စံပယ်ပင်များအနီး ခိုင့်ကို လှမ်းမြင်ရသည်။ ခိုင်တစ်ယောက်တည်း မဟုတ်။ တင်မောင်ညွန့်လည်း ရှိနေသည်။

ဆက်လက်ဖော်ပြပါမည်။

(၁၉၆၄ ခုနှစ် ဧပြီလက ထုတ်ဝေခဲ့သော ဆရာတက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထား အသိများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)

လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

ရန်ကုန်စီးပွားရေးတက္ကသိုလ်အထူးဘွဲ့နှင်းသဘင်အခမ်းအနားတွင် ချီးမြှင့်ခဲ့သော ဂုဏ်ထူးဆောင်စာပေပါရဂူဘွဲ့ Doctor of Letters (Honoris Causa)ကို ချီးမြှင့်ခံရသည့်အတွက်

အင်ဂြိမ်းစားသံအမတ်ကြီး ဦးလှမောင်အား

NAING Group Holding Co. Ltd မိသားစုမှ

များစွာဂုဏ်ယူဝမ်းမြောက်မိပါကြောင်း.....

Founder & Executive Chairman နှင့်

Director အဖွဲ့ဝင်များ၊ ဝန်ထမ်းမိသားစုများ

အမည်ပြောင်း မြစ်ကြီးနားမြို့၊ အမက(၄)၊ တတိယတန်းအောင်မှ မောင်သီဟဇော်အား မောင်အောင်ကောင်းထက်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန၊ ဗဟိုဆေးသိုလှောင်ရေးဌာနသည် ဆေးရုံသုံးစက်ကိရိယာပစ္စည်းများနှင့် လူနာတင်ယာဉ်များကို ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

တင်ဒါစာရွက်စာတမ်းများ ရယူနိုင်ရန် ဆေးရုံသုံးစက်ကိရိယာပစ္စည်းများ စာရင်းအသေးစိတ်ကို ဒုတိယညွှန်ကြားရေးမှူး(ဆေးပစ္စည်း)ဗဟိုဆေးသိုလှောင်ရေးဌာနရုံးခန်း၊ အမှတ်(၅၇)၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ဈေးနှုန်းတင်သွင်းလွှာပုံစံများ - ၂၇-၅-၂၀၁၅ရက်
စတင်ရောင်းချမည့်ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၂၆-၆-၂၀၁၅ရက်၊ မွန်းလွဲ ၂နာရီ
ဆက်သွယ်ရန်ဖုန်းနံပါတ် -၀၁-၃၇၁၂၈၄၊ ၀၁-၃၇၂၃၆၂

ဗဟိုဆေးသိုလှောင်ရေးဌာန၊ ကုသရေးဦးစီးဌာန။

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လူမှုဝန်ထမ်းဦးစီးဌာန၊ မကွေးတိုင်းဒေသကြီးရုံးမှ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ်၊ တရုတ်ကောကျေးရွာတွင် မူလတန်းကြိုကျောင်း ဆောက်လုပ်ခြင်းအတွက် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) ၅၀ပေ၊ ၂၅ပေ၊ ၂၁ပေ(၂ထပ်)RCကျောင်းဆောင်ဆောက်လုပ်ခြင်း (ရေ၊မီး၊ မိလ္လာအပါအဝင်)

(ခ) အမြင့် ၂၅ပေ သစ်မာရေစင်ဆောက်လုပ်ခြင်း(ဂါလန် ၈၀၀ဆံ့ရေတိုင်ကီနှင့် ကွန်ပရက်ဆာ၊ ရေစက်အိမ်၊ ရေပိုက်သွယ်တန်းခြင်း အပါအဝင်)

(ဂ) စက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်း(အချင်း ၄လက်မ၊ ခန့်မှန်းအနက်ပေ၅၀)

၂။ အိတ်ဖွင့်တင်ဒါများကို အောက်ပါအတိုင်း ပေးသွင်းရန်ဖြစ်ပါသည်။

(က) တင်ဒါလျှောက်လွှာရယူခြင်း - ၂၇-၅-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့)

(ခ) တင်ဒါတင်သွင်းခြင်း - ၂၆-၆-၂၀၁၅ရက်(သောကြာနေ့) ၁၆း၀၀နာရီ နောက်ဆုံးထားတင်သွင်းရန်။

(ဂ) တင်ဒါဖွင့်ရန် - ၂၉-၆-၂၀၁၅ရက်(တနလာနေ့)

၃။ အသေးစိတ်သိရှိလိုပါက လူမှုဝန်ထမ်းဦးစီးဌာန၊ မကွေးတိုင်းဒေသကြီးရုံး၊ ဖုန်းအမှတ်-၀၆၃-၂၈၃၃၈၊ ၀၉-၂၅၉၀၃၈၀၀၃တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါခေါ်ယူခြင်းနှင့် စိစစ်ရွေးချယ်ရေးအဖွဲ့.

လှိုင်သာယာဇုန်(၄ား)

ဂို (90' x 200') , Off: (22' x 90') (2) ထပ်

Total: 22000 Sq-ft မီး -315 kVA (နေရာကောင်း)

Ph: 09-97 4900090, 09-79 4900090, 09-5004973

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးမြို့၊ ပြည်ကြီးပျော်ဘွယ်အရှေ့၊ အကွက်(၂၅၂)နေ ဦးခင်မောင်ဝင်း(လ/ထအင်ဂျင်နီယာ၊ မြန်မာ့ဆက်သွယ်ရေး-ငြိမ်း) [၁၂/ကတတ(နိုင်)၀၁၉၂၈၉] နှင့် ဒေါ်ကြူကြူရှိန်[၁၂/ကတတ(နိုင်)၀၁၉၂၉၀]တို့၏ သမီးကြီး၊ ဒေါက်တာနွယ်နီဝင်း(M.B.,B.S-မန္တလေး)[၉/မထလ(နိုင်)၂၂၉၃၉၇]သည် မိဘဆန္ဒမပါဘဲ မိမိသဘောဆန္ဒဖြင့် ပြုလုပ်သွားပါသောကြောင့် ယနေ့မှစ၍ သမီးအဖြစ်မှ ရာသက်ပန်အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။ ၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စမှ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါ။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

ဦးခင်မောင်ဝင်း-ဒေါ်ကြူကြူရှိန်

ဖယ်ခုံမြို့နယ်၌ ဘိန်းအစားထိုးသီးနှံ မျိုးစေ့၊ ပျိုးပင်များ တောင်သူများသို့အခမဲ့ဖြန့်ဝေ

ဖယ်ခုံ မေ ၂၇

ရှမ်းပြည်နယ်(တောင်ပိုင်း) ဖယ်ခုံမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ခုနှစ်အတွက် ဘိန်းအစားထိုးသီးနှံများစိုက်ပျိုးနိုင်ရေးအတွက် သီးနှံမျိုးစေ့၊ ပျိုးပင်နှင့် ပညာပေးစာစောင်များအား အခမဲ့ပေးအပ်ခြင်း အခမ်းအနားကို မေ ၂၅ ရက်နံနက် ၁၀ နာရီက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက ဘိန်းအစားထိုးသီးနှံအဖြစ်စိုက်ပျိုးမည့် မျိုးစေ့နှင့် ပျိုးပင်များအကြောင်းကို ရှင်းလင်းပြောကြားခဲ့သည်။

ယင်းအခမ်းအနားတွင် တောင်သူ ၆၀ ဦးခန့် တက်ရောက်ပြီး မြို့နယ်အတွင်းရှိ ခေါင်းအိကျေးရွာအုပ်စု၊ ရိန္ဒဲ့ကျေးရွာအုပ်စု၊ ရီလုံရီကန်ကျေးရွာအုပ်စု၊ အလယ်ကယန်းကျေးရွာအုပ်စု၊ ကယောကျေးရွာအုပ်စုနှင့် နားဟီးကျေးရွာအုပ်စုရှိ တောင်သူများအား ပုလဲသွယ်စပါးမျိုး ၁၂၄ ကေအတွက်လည်းကောင်း၊ ထောပတ်ပျိုးပင်များ၊ နဂါးမောက်ပျိုးပင်များ၊ ငရုတ်ကောင်းပျိုးပင်များအားလည်းကောင်း စိုက်ပျိုးနည်းစနစ်ပညာပေးစာစောင်များနှင့်အတူ တာဝန်ရှိသူများက အခမဲ့ပေးအပ်ခဲ့ပြီး ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများက လက်ခံယူခဲ့ကြသည်။

အလားတူ စိုက်ပျိုးရေးဦးစီးဌာန ရွှေပြည်အေးခြံတွင် မေ ၂၄ ရက်ကပြုလုပ်သော မျိုးစေ့၊ ပျိုးပင်နှင့် ပညာပေးစာစောင်များအားအခမဲ့ပေးအပ်ခဲ့ကြောင်းသိရသည်။

အခမ်းအနားတွင် အစေ့ထုတ်ပြောင်းမျိုးစေ့ ကေ ၁၀၀ အတွက်မျိုးစေ့များ၊ ပိန်းဥမျိုးများ၊ နဂါးမောက်ပျိုးပင်၊ ထောပတ်ပျိုးပင်များကိုစိုက်ပျိုးနည်းစနစ် ပညာပေးစာစောင်များနှင့် အတူ ပေးအပ်ခဲ့ကြောင်း သိရသည်။

ကိုထွေး(ဖယ်ခုံ)

ကလေးမြို့ သူနာပြုနှင့်သားဖွားသင်တန်းကျောင်း ပြီးစီးရေးဆောင်ရွက်

ကလေး မေ ၂၇

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့သူနာပြုနှင့်သားဖွားသင်တန်းကျောင်း အဆောက်အအုံများကို ချမ်းမြေ့အောင်စည်ရပ်ကွက် ပင်လုံလမ်းမတော်ဘေးကားလေးကွင်းအနီးတွင် ခံ့ညားထည်ဝါစွာဖြင့် ဆောက်လုပ်လျက်ရှိသည်။

အဆိုပါ သူနာပြုနှင့် သားဖွားသင်တန်းကျောင်းအဆောက်အအုံများကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ဆေးသိပ္ပံပညာဦးစီးဌာန၏ ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေမှ ကျပ် ၂၉၀၃ ဒသမ ၀၀ သန်းဖြင့် ကုမ္ပဏီရှစ်ခုတို့က RC သံကူကွန်ကရစ်များဖြင့် တာဝန်ယူဆောက်လုပ်လျက်ရှိရာ တည်ဆောက်ရေးလုပ်ငန်းများ အမြန်ပြီးစီးနိုင်ရေးအတွက် အရှိန်အဟုန်ဖြင့် ဆောက်လုပ်လျက်ရှိကြောင်း သိရသည်။

သူနာပြုနှင့်သားဖွားသင်တန်းကျောင်းအတွက် အဆောက်အအုံများဆောက်လုပ်ရာတွင် ပင်မသုံးထပ်စာသင်ဆောင်ကြီး၊ ထမင်းစားဆောင်နှင့် မီးဖိုဆောင်၊ သုံးထပ်သင်တန်းသူအိပ်ဆောင်နှစ်လုံး၊ သုံးထပ်ဆရာအိပ်ဆောင် နှစ်လုံး၊ လေးခန်းတွဲလေးထပ်ဝန်ထမ်းအိမ်ရာနှစ်လုံး၊ ကျောင်းအုပ်ကြီးနှင့် ဒုကျောင်းအုပ်ကြီးနေအိမ်၊ စာကြည့်တိုက်နှင့် ဧည့်ကြိုဆောင်တို့အပါအဝင် လျှပ်စစ်မီးသွယ်တန်းခြင်းနှင့် Transformer တပ်ဆင်ခြင်းလုပ်ငန်း၊ ကွန်ကရစ်မုခ်ဦးကြီး တည်ဆောက်ခြင်းလုပ်ငန်းနှင့် အုတ်တံတိုင်းကာရံခြင်းလုပ်ငန်းများကိုလည်း အမြန်ပြီးစီးနိုင်ရေးအတွက် ဆောက်လုပ်လျက်ရှိကြသည်။

အဆိုပါ သူနာပြုနှင့်သားဖွားသင်တန်းကျောင်းကြီး ဆောက်လုပ်ပြီးစီးပါက စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ချင်းပြည်နယ်တို့မှ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူတို့အတွက် များစွာအထောက်အကူပြုမည် ဖြစ်သည်။ **ကျိုးနက်**

ကျန်းမာရေးဝန်ထမ်း ၃၄ဦးပါအဖွဲ့သွားနှင့်ခံတွင်း ကျန်းမာရေးစောင့်ရှောက်မှု နယ်လှည့်ကွင်းဆင်းကုသပေး

စစ်တွေ မေ ၂၇

ကျန်းမာရေးဝန်ကြီးဌာန သွားနှင့်ခံတွင်း ကျန်းမာရေးစောင့်ရှောက်မှု နယ်လှည့်ကွင်းဆင်းကုသရေးအဖွဲ့ သွားနှင့်ခံတွင်း ဆေးကောင်စီဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာပိုင်စိုး ဦးဆောင်သော ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများ စုစုပေါင်းအဖွဲ့ဝင် ၃၄ ဦးတို့သည် မေ ၂၅ ရက် နံနက်ပိုင်းမှစ၍ ရခိုင်ပြည်နယ် စစ်တွေမြို့တွင် ကွင်းဆင်းကုသပေးခဲ့ကြောင်း သိရသည်။

အဆိုပါအဖွဲ့မှ ရခိုင်ပြည်နယ် စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ သွားနှင့်ခံတွင်း ကျန်းမာရေးစောင့်ရှောက်မှုကို သုံးရက်ကြာ ကွင်းဆင်းကုသပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီနှင့် ထူးဖောင်ဒေးရှင်းတို့ပူးပေါင်း၍ ဆေးကုသရေးခရီးစဉ်အဖြစ် စစ်တွေမြို့သို့ရောက်ရှိကာ သွားနှင့်ခံတွင်း ကျန်းမာရေးစောင့်ရှောက်မှုများအဖြစ် ကုသပေးခြင်းဖြစ်ပြီး သွားရောဂါများအပြင် သွားတုစိုက်ပေးခြင်းကိုပါ ဆောင်ရွက်ပေးကာ လိုအပ်သည့် ဆေးဝါးများကိုလည်း ယင်းအဖွဲ့မှ ပေးအပ်ခဲ့သည်။

ယင်းအပြင် သွားနှင့်ခံတွင်း ကျန်းမာရေးစောင့်ရှောက်မှုကို ရခိုင်ပြည်နယ် အမ်းမြို့တွင် ဆက်လက်ကွင်းဆင်းကုသပေးရန် စီစဉ်ထားရှိကြောင်း သိရသည်။ **စော်နိုင်ထွန်း(ပြန်/ဆက်)**

ကသာမြို့တွင်းလမ်းတိုးချဲ့မှုကြောင့် လမ်းများကောင်းမွန်

ကသာ မေ ၂၇

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့သည် ၂၀၁၄-၂၀၁၅ ခုနှစ်အတွင်း လမ်းတံတားများ အရှိန်အဟုန်ဖြင့် တိုးချဲ့ဆောင်ရွက်လျက်ရှိရာ လမ်းများကောင်းမွန်နေ၍ ဒေသခံများ သွားလာရေးလွယ်ကူကြောင်းသိရသည်။

"အရင်ကဆို လမ်းတံတားတွေမကောင်းလို့ သွားရလာရတာ အဆင်မပြေဘူး။ ဆိုင်ကယ်၊ ကား၊ စက်ဘီးတွေနဲ့ သွားမယ်ဆိုရင် လူနှစ်ယောက်လောက်ပါမှ စိတ်ချရတယ်။ အခုဆိုရင် နွေ၊ မိုး၊ ဆောင်း ရာသီမရွေး၊ အချိန်မရွေး တစ်ယောက်ထဲ စိတ်ချလက်ချ အချိန်တိုအတွင်း သွားလာနိုင်ပါပြီ။ မြို့တွင်းလမ်းတွေလည်း ပေ ၁၀၀ တိုးချဲ့ထားတာနဲ့ လမ်းဆုံနေရတွေမှာနှစ်လမ်းသွားလုပ်ပေးထားတော့ ဆိုင်ကယ်တိုက်တာတွေ၊ ယာဉ်တိုက်တာတွေလျော့ကျသွားမယ်ထင်ပါတယ်" ဟု ဒေသခံတစ်ဦးကပြောသည်။ **ရဲကို(ကသာ)**

LIBERTY EDUCATION
Liberate Barriers
Starting Date : Sat / Sun → 30 May 2015
Mon - Fri → 1 June 2015
English Language ကို ထိရောက်တိကျမှန်ကန်စွာ တွေး၊ ရေး၊ ဖတ်၊ နားထောင်၊ ပြောဆိုတတ်စေရန် အထောက်အကူအဖြစ်ဆုံး သင်တန်း။
British English - Elementary
Pre - Intermediate
American English - Level 1

ညနေ - ၇ နာရီ - ၉ နာရီတန်းခွဲများရှိသည်။
တက်ရောက်သင့်သောသူများ
- စာမေးပွဲဖြေဆိုထားသော Grade XI ကျောင်းသား/သူများ
- တက္ကသိုလ်ကျောင်းသား/သူများ
- NGO/ INGO ,ဘဏ် , Company အရှိသည့် အဖွဲ့အစည်းများမှဝန်ထမ်းများ
- နိုင်ငြားတွင်သွားရောက်ပညာသင်/အလုပ်လုပ်ကိုင်လိုသူများ
အမှတ်(၁၁) အောင်သပြေလမ်း၊ စမ်းချောင်းမြို့နယ်၊ 09-73211243, 09-260380911

MYANMAR MARINE ENGINEERS' ASSOCIATION
(၁၉၈၅ - ခုနှစ်တွင် စတင်တည်ထောင်သည်။)
မြန်မာနိုင်ငံရေကြောင်းအင်ဂျင်နီယာအသင်း
(၂၉) နှစ်မြောက် နှစ်ထောင်လည် ထင်းလုံးတျွတ် အစည်းအဝေးနှင့် ညစာစားပွဲ ဖိတ်ကြားလွှာ
မြန်မာနိုင်ငံရေကြောင်းအင်ဂျင်နီယာအသင်း (၂၉)နှစ်မြည့် နှစ်ပတ်လည်သင်းလုံးတျွတ်အစည်းအဝေးနှင့် ညစာစားပွဲ အခမ်းအနားကို အောက်ပါအစီအစဉ်များအတိုင်း ကျင်းပမြှုပ်မည် ဖြစ်ပါ၍ရေကြောင်းအင်ဂျင်နီယာများနှင့်ရေကြောင်းလျှပ်စစ်အင်ဂျင်နီယာများ မဟုတ်မတွက် တက်ရောက်ပေးကြပါရန် ဖိတ်ကြားအပ်ပါသည်။
" အခမ်းအနားအစီအစဉ် "
နှစ်ပတ်လည်သင်းလုံးတျွတ်အစည်းအဝေး
နေ့စွဲ - ၃၀.၅.၂၀၁၅ (စနေနေ့)
နေရာ - မြန်မာနိုင်ငံရေကြောင်းအင်ဂျင်နီယာအသင်းရုံး
အမှတ် (၂၆/၂၇) လယ်ယာ (၃)လမ်း ၁၀-မြောက် ရပ်ကွက်၊သာကေတမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။
အချိန် - (၀၉း၀၀) နာရီ
ညစာစားပွဲ
နေ့စွဲ - ၆.၆.၂၀၁၅ (စနေနေ့)
နေရာ - Dolphin Restaurant
မြေပဒေသာကျွန်းနတ်မောက်လမ်းမီးကုတ်ဝိပဿနာ အဖွဲ့ချုပ်ရှေ့ဗဟန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။
အချိန် - ညနေ (၆း၀၀) နာရီ
(ညစာသုံးဆောင်နေစဉ် ကဗစ်မဲဖောက်ပေးမည့် အစီအစဉ်ရှိပါသည်။)
သီးခြားဖိတ်စာမပို့ပါ
အလုပ်အမှုဆောင်အဖွဲ့

ဘာသာရပ်ဆိုင်ရာ အခြေခံကောင်းများကို တည်ဆောက်လိုသော ကျောင်းသား၊ကျောင်းသူများအတွက် အကောင်းဆုံးနေရာ
သူယေဘန်းမှ တက္ကသိုလ်ဝင်တန်း အထိ
Galaxyz ကိုယ်ပိုင်အထက်တန်းကျောင်း
တာမွေ ကျောင်း
TEL: 09-31 91 4303, 09-253 4200 66, 09-254 614 927, 09-2540 36 732
(၁၆)၊အာနန်း(၃)၊နင်းဆီလမ်း၊ဘိုးလိန်းအောင်မင်္ဂလာရပ်ကွက်(ယုဇနပလာဇာနှင့်အောင်မင်္ဂလာမှတ်တိုင်ကြား)၊တာမွေ၊ရန်ကုန်မြို့။
ကြွယ်ဝင်ရေ ကိုယ်ပိုင်အထက်တန်းကျောင်း
မြောက်ဥက္ကလာပ ကျောင်း
TEL: 01-691 533, 01-9699 793, 09-2520 726 26
အမှတ်ယ/၄၃၅၊မေမျိုးလမ်း၊(ယ)ရပ်ကွက်(သက်လုံသေးခန်းဘေး)၊မြောက်ဥက္ကလာပမြို့နယ်၊ရန်ကုန်မြို့။
အဆင့်မြင့်ဘော်ဒါ (ပဋ္ဌမတန်းမှတက္ကသိုလ်ဝင်တန်းအထိ)
နောက်ဆုံးတန်းဦးသစ် ဇွန်(၁)စမည်

ပညာအရည်အချင်းနှင့်လုပ်ငန်းကျွမ်းကျင်မှုရှိမရှိ
လစာ (၁၅)သိန်း ဝန်းကျင်ခန့်ဖြင့်
ကိုးရီးယားနိုင်ငံတွင် အလုပ်လုပ်လိုသူများအတွက်
E . P . S (TOPIK)
အလုပ်သမားစာမေးပွဲအောင်မြင်ရုံဖြင့် အလုပ်လျှောက်ထားနိုင်ပြီ၊
၂၀၁၈ ခုနှစ်မှ ၂၀၁၅ ခုနှစ်အတွင်း Skill Tesk အပါဝင် ထူးချွန်ကျောင်းသား ထောင်ကျော်ခမ္ဘာထုတ်ပေးခဲ့သော သင်တန်းကျောင်း
" တစ်ကြိမ်တည်းနှင့် အောင်ဖို့လိုပါသည် "
ကိုဇွား – ကိုးရီးယားဘာသာ သင်တန်းကျောင်း
အမှတ် (၂၃၅)၊ ဒုတိယထပ်၊ (၃၇)လမ်း(အထက်ဘာလောက်)၊ ကျောက်တံတားမြို့နယ်၊
PH : 01 38 97 40 , 09 4500 20 337 , 09 420 243 587

မျက်စိဝေဒရှင်များအားအခမဲ့ကွင်းဆင်းကုသ

ဝက်လက် မေ ၂၇

ပြည်သူ့လွှတ်တော် အားကစားယဉ်ကျေးမှုနှင့်ပြည်သူ့ဆက်ဆံရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌ သူရဦးအေးမြင့်၏ စီစဉ်မှုဖြင့် ကျွန်းမာရေးဝန်ကြီးဌာနမှ ပူးပေါင်းပါဝင်၍ ရွှေဘိုခရိုင် ဝက်လက်မြို့နယ်အတွင်းရှိ မျက်စိဝေဒနာရှင်ပြည်သူများအား အခမဲ့ကွင်းဆင်းကုသပေးခြင်း အစီအစဉ်ဖွင့်ပွဲကို မေ ၂၃ ရက် နံနက် ၈ နာရီခွဲက ဝက်လက်မြို့ဘုရားကြီးကျောင်းတိုက်မှောရုံတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ဝက်လက်မြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သူရဦးအေးမြင့်က မျက်စိဝေဒနာရှင်များအား အခမဲ့ စမ်းသပ်ခွဲစိတ်ကုသပေးရခြင်း ရည်ရွယ်ချက်များကိုလည်းကောင်း၊ ရွှေဘိုခရိုင်ဆရာဝန်ကြီးဒေါက်တာမျိုးသန့်က မျက်စိရောဂါကုသပေးခြင်းအကြောင်းကိုလည်းကောင်း ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါကုသခြင်း အစီအစဉ်ကို မေ ၂၃ ရက်မှ ၂၇ ရက်အထိ မျက်စိအထူးကုဆရာဝန်ခြောက်ဦးတို့ဖြင့် စမ်းသပ်ကုသပေးကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

လူထုဗဟိုပြုစီမံကိန်းမှဆောင်ရွက်ပေးသည့် ကျေးရွာကွန်ကရစ်လမ်းသစ်တည်ဆောက်ပြီးစီး

ကျွန်းစု မေ ၂၇

ကျွန်းစုမြို့နယ်၌ ကမ္ဘာ့ဘဏ်၏ငွေကြေးအကူအညီဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော အများပြည်သူပါဝင်သောလူထုဗဟိုပြု စီမံကိန်းမှ ကျေးရွာများ အသီးသီးတွင် ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ပေးလျက်ရှိရာ မောင်လှော်ကျေးရွာအုပ်စု၊ ရသေ့တောင်ကျေးရွာတွင် ၎င်းစီမံကိန်းမှ အလျားပေ ၉၇၀ ၊ အနံ ၁၀ ပေ၊ ထု ၆ လက်မရှိ ကျေးရွာတွင်းသွား ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ဆောင်ရွက်ပြီးစီးသွားပြီဖြစ်ကြောင်း သိရသည်။

အဆိုပါကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ယခုနှစ် ဇန်နဝါရီ ၂၅ ရက်မှ စတင်ဆောင်ရွက်ခဲ့ပြီး မတ် ၂၆ ရက်တွင်း အချောသတ်ပြီးစီးခဲ့ကြောင်း သိရသည်။

ယင်းလမ်းသစ်ဖွင့်ပွဲအား ကျေးရွာသူ၊ ကျေးရွာသားများနှင့် ကျေးရွာရှိ လူထုဗဟိုပြုစီမံကိန်းကော်မတီဝင်များက ပူးပေါင်းကာ မေ ၂၆ ရက်တွင် ဖွင့်လှစ်ပြီး ကျေးရွာမှ စင်တင်တေးဂီတအဆိုပြိုင်ပွဲများကျင်းပ၍ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်းသိရသည်။

ရန်နီဝင်းထွန်း(ကျွန်းစုပြန်/ဆက်)

■

သောက်သုံးရေရှားပါးသည့်ကျေးရွာများသို့ရေလျှုဒါန်း

မင်းဘူး မေ ၂၇

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် ရွှေတပင်ကျေးရွာမှ ပရဟိတစိတ်ရှိသူ လူငယ်များသည် မေ ၂၄ ရက်က လူနှင့်တိရစ္ဆာန် တို့အတွက် သောက်သုံးရေရှားပါးနေသည့် မင်းဘူးမြို့နယ် ပျော်ဘွယ်ကျေးရွာသို့ သောက်သုံးရေများ လျှုဒါန်းခဲ့ကြောင်း သိရသည်။

ရွှေတပင်ကျေးရွာမှ ပရဟိတစိတ်ရှိသူလူငယ်များစုပေါင်း၍ ဂါလန် ၂၄၀၀ ဆံ့ကားဖြင့် ရေထည့်၍ သောက်သုံးရေလိုအပ်လျက်ရှိသော ပျော်ဘွယ်ကျေးရွာသို့ အရောက်နှစ်ခေါက်သွားရောက်လျှုဒါန်းခဲ့သည်။

"ပျော်ဘွယ်ကျေးရွာဟာ ကန်ရေကို အဓိကထား သုံးစွဲရတဲ့ကျေးရွာဖြစ်ပြီး အခုလို အချိန်ဆိုရင် ရေရှားပါတဲ့ပြဿနာကို နှစ်စဉ်နှစ်တိုင်း ကြုံတွေ့ရပါတယ်။ ကျွန်တော်တို့အကဲခတ်မိသလောက်တော့ နှစ်နှစ်သုံးနှစ်လောက်တော့ ရှိပြီ ရာသီဥတု ဖောက်ပြန်မှုကြောင့် မိုးရေရှားပါးလာပြီး ကန်တွေထဲမှာ ရေမတင် တော့လို့ ကန်ထဲမှာရေမရှိတော့ဘူး။ နွေရောက်ပြီဆိုလျှင် ရေရှားပါတဲ့ပြဿနာနဲ့ အမြဲကြုံရပါတယ်" ဟု ပျော်ဘွယ်ကျေးရွာသားတစ်ဦးက ပြောသည်။

ပျော်ဘွယ်ကျေးရွာသည် အိမ်ထောင်စု ၅၀ ရှိပြီး လူဦးရေ ၁၂၀ ခန့်ရှိကြောင်း၊ ပျော်ဘွယ် ကျေးရွာနှင့် နှစ်မိုင်ခန့်ဝေးသည့် လေးပင်ကျေးရွာမှ ဂါလန် ၅၀ ကို ကျပ် ၁၂၀၀ ဖြင့် လာရောက်ရောင်းချကြောင်း၊ ရွှေတပင်ကျေးရွာမှ ပရဟိတစိတ်ရှိသူလူငယ်များကို မိမိတို့လိုအပ်နေသော သောက်သုံးရေ လာရောက်လျှုဒါန်းသည့်အတွက် ကျေးဇူးတင်ကြောင်း ပျော်ဘွယ်ကျေးရွာနေ ရပ်မိရပ်ဖတစ်ဦးဖြစ်သည့် ဦးကျော်ဝင်းက ပြောသည်။

စာစာ (မကွေး)

လွိုင်လင်မြို့၌တိုင်းရင်းဆေးအဖွဲ့အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုပေး

လွိုင်လင် မေ ၂၇

ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန ခုတင် (၅၀) ဆံ့ တိုင်းရင်းဆေးရုံ အေးသာယာ (တောင်ကြီး) မှ ဆေးရုံအုပ်ကြီး ဒေါ်အေးအေးသိန်းဦးဆောင်သည့်အဖွဲ့ဝင် ၂၀ ဦးတို့သည် လွိုင်လင်မြို့ မြို့လယ်ခမ္မာရုံကြီး၌ မေ ၂၄ ရက် နံနက် ၇ နာရီက လူနာများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ခုတင်(၅၀)ဆံ့ တိုင်းရင်းဆေးရုံ အေးသာယာ (တောင်ကြီး)မှ ဆေးရုံအုပ်ကြီးဦးဆောင်သည့် အဖွဲ့ဝင်တို့သည် လွိုင်လင်မြို့ပေါ်နှင့် ကျေးရွာများမှ အကြော၊ အရိုး၊ အဆစ်၊ လေဖြတ်ခြင်း၊ လေင်းရောဂါနှင့် အထွေထွေရောဂါ ဝေဒနာရှင်များကို တိုင်းရင်းဆေးပညာဖြင့် ကျန်းမာ ရေးစောင့်ရှောက်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ တိုင်းရင်းဆေးကုသရေးအဖွဲ့သည် မေ ၂၃ရက် နံနက် ၇ နာရီမှ ညနေ ၃ နာရီအထိ ပင်လုံမြို့ အမှတ် (၂) အခြေခံပညာမူလတန်းကျောင်းခန်းမ၌ ရောဂါဝေဒနာရှင် ၂၈၇ ဦးကိုလည်း ကျန်းမာရေးစောင့်ရှောက်ပေးခဲ့ကြောင်း သိရသည်။ **မိုးလွင်ဦး(လွိုင်လင်)**

ဖောင်းပြင်မြို့၌စာပေဟောပြော

ဖောင်းပြင် မေ ၂၇

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် ဖောင်းပြင်မြို့ အောင်မင်္ဂလာဇာတ်ရုံကြီး၌ မေ ၂၀ ရက် ည ၇ နာရီခွဲက ပရဟိတသွေးကူညီမှုနှင့် လူမှုကူညီရေးအသင်း(ဖောင်းပြင်)မှ စီစဉ်ကျင်းပသော စာပေဟောပြောပွဲ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ယင်းစာပေဟောပြောပွဲတွင် စာရေးဆရာ ထွဏ်းသွေးအိမ်က 'ကဗျာနားနီး ကဗျာ' ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာရေးဆရာ ညိုထွန်းလူက 'ပညာသာလျှင်' ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာရေးဆရာ နေဝင်းမြင့်က 'ကျွန်တော်တို့ငယ်ငယ်တုန်းက' ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာရေးဆရာ ချစ်ဦးညိုက '၁၃၇၇' ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးဟောပြောခဲ့ကြသည်။

ယင်းစာပေဟောပြောပွဲနှင့် ပတ်သက်၍ စာပေချစ်သူတစ်ဦးဖြစ်သော ဦးအောင်မြင့်က "ကျွန်တော်တို့က အခုလိုပွဲမျိုးကို အရမ်းမျှော်နေတာ ပြီးခဲ့တဲ့ ၂၀၁၂ ခုနှစ်က တစ်ကြိမ်၊ အခု ဒီနှစ်နဲ့ဆို နှစ်ကြိမ်ရှိပါပြီ အသိပညာဗဟုသုတတွေ အများကြီးရပါတယ်။ ပြီးတော့ သိသင့်သိထိုက်တာတွေလည်းသိရတော့ ပြည်သူတွေ အသိဉာဏ်တွေလည်း တိုးပွားစေပါတယ်။ တစ်နှစ်ကို တစ်ကြိမ်လောက် စာရေးဆရာ တွေလာပြီး ဟောပြောစေချင်ပါတယ်" ဟု ရင်တွင်းစကားပြောကြားခဲ့သည်။ **ဟန်ထွန်း(Iprd)**

FLL Fully Light Travels & Tours Co., Ltd
JUNE-2015 အထူးခရီးစဉ်
စီးပွားရေးလုပ်ငန်းများတိုးချဲ့ရန်အတွက်
အခွင့်အလမ်းများစွာ ဖန်တီးပေးသော
ကူမင်း-နိုင်ငံတကာ ကုန်စည်ပြပွဲကြီးသို့
လေ့လာရေးခရီးစဉ် + အထင်ကရနေရာများ
ထုံစမ်းနိုင်ပါပြီ !
01- 503815, 516985, 516964, 516932, 09421013085 , 0933377783
B-801,Dagon Center(I),Bargayar Road, Sanchaung Township.

ဆရာမြေမှုန်လွင်၏ စာအုပ်အသစ်ဖြစ်သည့်
ဘာဝရှင်မင်းတြားကြီးနှင့် သူ၏ချူးကာလီးယား စာအုပ်အား ဇန်ဝင်း တွင်
e - book အနေဖြင့်မြန်မာနိုင်ငံတွင်ပထမဦးဆုံးရောင်းချပေးသွားမည်ဖြစ်ပါသည်။
ပထမဦးဆုံး Download လုပ်သူ (၁၀၀) ဦးအား
30% Discount လျှော့ပေးသွားမည်ဖြစ်ပါသည်။
▪www.wunzinn.com ▪www.facebook.com/wunzinn ▪http://goo.gl/ZGZTBW
▪+959 252545753

ဂုဏ်ယူဝမ်းမြောက်ခြင်း
အဂ္ဂမဟာပဏ္ဍိတ မြန်မာနိုင်ငံလုံးဆိုင်ရာအလိုတော်ပြည့် ဧကျာင်းတိုက်များ၏ အဓိပတိရခိုင်လူမျိုးကယ်ဆယ်ရေးအဖွဲ့ ဩဝါဒစရိယအလိုတော်ပြည့်ဆရာတော်အား နိုင်ငံတော်သမ္မတကြီးမှ ဂုဏ်ပြုလွှာဆက်ကပ်လှုဒါန်းခြင်းကို Fancy House Hair Beauty Nail Spa ၏ ပိုင်ရှင်ဦးဝင်းသာ၊ ဇနီးဒေါ်ကျင်ပို့ နှင့် ကုမဏ္ဍီဝန်ထမ်းများမှထပ်တူဂုဏ်ယူဝမ်းမြောက်မိပါသည်။
ဦးဝင်းသာနှင့်ဇနီးဒေါ်ကျင်ပို့
Fancy House Hair Beauty Nail Spa

Since 1996
ဆရာဝန်များ ဦးစီးသည့်
(၅တန်း မှ ၁၀တန်း)
စံပြဘော်ဒါနှင့်ကိုယ်ပိုင်အထက်တန်းကျောင်း
၂၀၁၃-၂၀၁၄ တက္ကသိုလ်ဝင်တန်း အောင်ချက် (၉၀.၄၇%)
မိမိတို့ဆရာဝန်ဖြစ်ရန် လေ့ကျင့်ခဲ့သည့်ပုံစံအတိုင်း ပုံနှိပ် မေးခွန်းဟောင်းများဖြင့် (၁)နှစ်လုံး ထိထိရောက်ရောက်လေ့ကျင့်ပေးသည်။ စာရိတ္တ၊ စည်းကမ်းကောင်းရန် ပြုပြင်ပေးသည်။ ဆိတ်ငြိမ်ကျောင်းဝန်းကျယ် Air-Con တပ်စာသင်ခန်းများ။ အားကစားကွင်း။ ကွန်ပျူတာခန်း။ ဓါတ်ခွဲခန်းများဖြင့် ကိုယ်ပိုင်ကျောင်းဖြစ်သည်။ (သင့်တင့်ချိုသာသောသင်တန်းကြေး)
(၉)တန်းအထူးအစီအစဉ် ဓာတော်လျှင် (၀)နှစ်တက်(၉)တန်းအပြီး သင်ပေးပြီး (၃)နှစ်တက်(၁၀)တန်းဓာတစ်ခေါက် ကြိုသင်ပေးသည်။
အမှတ် (၇၇)၊ ဌပါလမ်း၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံ။ ဖုန်း ၀၉-၅၁၅၈၈၁၁၊ ၀၉-၃၁၂၉၉၇၂၆၊ ၀၁-၆၃၀၀၅၀
ကျောင်းဒွါရပေါ်
ဘွဲ့ရဆောင်မှူး(Guide)အလိုရှိသည်

ပန်ခြင်း 140K
Sq-Ft (နှစ်ထပ်) 120
ခန်ခေါ်(၁)ရပ်ကွက်(သတ်)ရေး 01.534585
ခန်ခေါ်(၃)လှည်းတန်းသစ်ပြန်ရေး 2540445 29
(၁)သိန်းခွဲဝန်းကျင် အခန်းတွားလိုသည်
(ပွဲစားမလို)ပိုင်ရှင်များဆက်သွယ်ပါ။
(၄၈)လမ်းမှ(၅၀)ကြား၊ (၆)လွှာအောက်၊ ရေ၊ မီးအစုံ (အပေါ်ဘလောက်) အတွင်းသာ
ဖုန်း-၀၉-၄၃၁ ၂၈၉၁၈

ရပ်ကွက်၊ ကျေးရွာ အုပ်စု ရွေးကောက်ပွဲ ကော်မရှင်များနှင့် တွေ့ဆုံဆွေးနွေး

နတ်တလင်း မေ ၂၇

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ မေ ၂၀ ရက် နံနက် ၁၁ နာရီတွင် တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့နှင့် မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ ရပ်ကွက်၊ ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်များ တွေ့ဆုံဆွေးနွေးပွဲ အခမ်းအနားပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားတွင် တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမောင်က မကြာမီကျင်းပတော့မည့် ရွေးကောက်ပွဲနှင့်ပတ်သက်၍ သိသင့်သိထိုက်သောဥပဒေများ၊ နည်းဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများကို အကျယ်တဝင့် ပြောကြားခဲ့သည်။

ယင်းနောက် နိုင်ငံရေးပါတီ ကိုယ်စားလှယ်များမှ တစ်ဦးချင်း မိတ်ဆက်စကားပြော၍ တိုင်းဒေသကြီးကော်မရှင်အဖွဲ့ အတွင်းရေးမှူး၊ တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးဦးကျော်စိန်က မိမိတို့တွင် ရွေးကောက်ပွဲအေးချမ်းစွာ ကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီကြပေးရန်မှာကြားခဲ့သည်။

ယင်းတွေ့ဆုံပွဲတွင် တိုင်းဒေသကြီး ဥပဒေအရာရှိ ဦးဇော်လင်းမောင်ကလည်း ဥပဒေနှင့်ပတ်သက်ပြီး သိသင့်သိထိုက်သည်များကို တက်ရောက်လာသူများအား ရှင်းလင်းပြောကြားခဲ့သည်။ **(ဝ၇၁)**

စိုက်ပျိုးရေသုံးရာတွင် အရည်အသွေးကို ဦးစားပေးရန်လိုအပ်လာ

မုံရွာ မေ ၂၇

မိုးရာသီစိုက်ပျိုးသည့် ဟင်းသီးဟင်းရွက်အများစုအတွက် မိုးရွာသွန်းမှုမှန်ကန်သည့် ဒေသများတွင် ရေပေးသွင်းရန် မလိုသော်လည်း မိုးရွာသွန်းမှုမမှန်သော ဒေသများအထူးသဖြင့် အပူပိုင်းမိုးနည်းရပ်ဝန်းဒေသများတွင် စိုက်ပျိုးသည့် မိုးရာသီဟင်းသီးဟင်းရွက်များအတွက် ရေလိုအပ်ချက်ရရှိနိုင်သည့် ရေအရင်းအမြစ်များကို အသုံးပြုကြရသည့်အတွက် အသုံးပြုသည့် ရေအရည်အသွေးသည်အထူးအရေးကြီးလှကြောင်း မုံရွာမြို့နယ် မအူကျေးရွာ ဟင်းသီးဟင်းရွက်စိုက်ပျိုးသူတစ်ဦးက ပြောသည်။

"အပူပိုင်းဒေသများမှာရှိတဲ့ ဆည်ရေ၊ ချောင်းရေနဲ့၊ တွင်းရေအများစုဟာ အင်နာဗာတ်များတဲ့ ရေများဖြစ်ကြတဲ့အတွက် ခံနိုင်ရည်ရှိမယ့် ဟင်းသီးဟင်းရွက်အမျိုးအစားကို ရွေးချယ် စိုက်ပျိုးနိုင်မှသာ အောင်မြင်မှာပါ။ ဟင်းသီးဟင်းရွက်များအတွက် အသုံးပြုဖို့ သင့်၊ မသင့် စိုက်ပျိုးရေ အရည်အသွေးကိုဓာတ်ခွဲစမ်းသပ်ပြီးမှ အသုံးပြုသင့်ပါတယ်" ဟု စိုက်ပျိုးသူက ပြောသည်။

စိုက်ပျိုးသည့် သီးနှံအမျိုးအစားပေါ် မူတည်ပြီး ရေပေးသွင်းနည်းစနစ်များကို သင့်တော်သလို အသုံးပြုကြရမည်ဖြစ်သလို တစ်ပိုင်တစ်နိုင် စိုက်ပျိုးထုတ်လုပ်ကြသည့် တောင်သူအများစုသည် ရေဖျန်းစနစ်ဖြင့်စိုက်ပျိုးမှုများသောကြောင့် ရေတွင်း ရေကန်များမှ တစ်ဆင့် ရေစုပ်စက်များသုံး၍ ရေဖျန်း၊ ရေလောင်းလာကြကြောင်း သိရသည်။

ဆောင်းရာသီနှင့် နွေရာသီတွင်စိုက်ကြသည့် ဟင်းသီးဟင်းရွက်များမှာ ရေသွင်းစိုက်သည်က များသောကြောင့် ရေအရည်အသွေးကောင်းမွန်ရေးနှင့် ရေပေးစနစ်မှန်ကန်ရေးသည်အထူးအရေးကြီးကြောင်း၊ အထူးသဖြင့် အညာဒေသ ဆည်ရေ၊ ချောင်းရေနှင့် တွင်းရေများ အသုံးပြုစိုက်ပျိုးသူများအနေဖြင့် အထူးသတိပြုစိုက်ပျိုးကြရန် လိုအပ်ကြောင်း စိုက်ပျိုးရေးပညာရှင်တစ်ဦးက အကြံပြုထားသည်။ **မျိုးဝင်းထွန်း (မုံရွာ)**

လွိုင်လင်မြို့နယ်ရဲတပ်ဖွဲ့ ၂၀၁၅–၂၀၁၆ ပညာသင်နှစ်အတွက် ပညာသင်စရိတ်ထောက်ပံ့ပေးအပ်

လွိုင်လင် မေ ၂၇

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့နယ် ရဲတပ်ဖွဲ့ မိသားစုများအား ၂၀၁၅-၂၀၁۶ ပညာသင်နှစ် ပညာသင်စရိတ်ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို မေ ၂၄ ရက် နံနက် ၉ နာရီက မြို့မရဲစခန်းအစည်းအဝေးခန်းမ၌ ပြုလုပ်ရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးခင်အောင်တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး ထောက်ပံ့ပစ္စည်းစာရေးကိရိယာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ယင်းနောက် မြို့မရဲစခန်းမှူးဒုရဲမှူးဌေးအောင်၊ မြို့နယ်ရဲတပ်ဖွဲ့ မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်နွဲ့လေး နှင့် အတွင်းရေးမှူးတို့က ပညာသင်စရိတ်ထောက်ပံ့ပေးအပ်ပွဲနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီးနောက် ကျောင်းသုံးစာရေးကိရိယာများပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ထောက်ပံ့ပေးအပ်ခြင်းအခမ်းအနားတွင် မူလတန်းမှ တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူ ၄၇ ဦးတို့အား ကျပ် ၄၁၀၀၀၀ တန်ဖိုးရှိ ထောက်ပံ့ငွေနှင့် စာရေးကိရိယာများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **မိုးလွင်ဦး(လွိုင်လင်)**

အရန်မီးသတ်တပ်ဖွဲ့ဝင်များ တူညီဝတ်စုံ ထောက်ပံ့ပေးအပ်

ဆင်ပေါင်ဝဲ မေ ၂၇

ဆင်ပေါင်ဝဲမြို့၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ တူညီဝတ်စုံ ထောက်ပံ့ပေးအပ်ပွဲကို မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မေ ၂၄ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးဦးတင့်လွင်က အဖွင့်အမှာစကားပြောကြားပြီး တာဝန်ရှိသူအသီးသီးက မြို့နယ်တွင်းရှိ အရန်မီးသတ်တပ်ဖွဲ့ဝင်များအားအရန်မီးသတ်တူညီဝတ်စုံ ၂၈၇ စုံကို ထောက်ပံ့ပေးအပ်ခဲ့သည်။ **မျိုးမျိုး(ဆင်ပေါင်ဝဲ)**

စစ်ကိုင်းတိုင်းဒေသကြီးကျွန်းလှအထက၌ ၂၀၁၅–၂၀၁۶ ပညာသင်နှစ် ကျောင်းအပ်နံရေးသီတင်းပတ်အဖြစ် မေ ၂၅ ရက်ကစတင်၍ သူငယ်တန်းမှ တက္ကသိုလ်ဝင်တန်းအထိ ကျောင်းသား၊ ကျောင်းသူများအား အခမဲ့လက်ခံပေးကြောင်းသိရသည်။ အဆိုပါ ကျောင်းသား၊ ကျောင်းသူများ လက်ခံရာတွင် ကျောင်းအုပ်ဆရာမကြီးဒေါ်ဌေးမြင့်က ကြီးကြပ်ပြီး ဆရာ/ဆရာမများက ကျောင်းအပ်ရေးအဆင်ပြေစေရန် အတန်းလိုက်လက်ခံဆောင်ရွက်ပေးကြကြောင်း သိရသည်။

သတင်းနှင့်ဓာတ်ပုံ- မျိုးဝင်းညိ(ကျွန်းလှ)

ကိုသန့်ဇင်
CAR RENTAL
ကားမျိုးစုံကို ခရီးစဉ် လချုပ် အချိန်ပိုင်း ငှားသည်။ ယာဉ်ပိုင်ရှင်များလည်း ဆက်သွယ်ပါ။
ဖုန်း-၀၉-၄၃၁၁၇၆၈၀၊ ၀၉-၅၀၅၉၈၂

အိမ်ရောင်းမည်
ပေ(၁၀×۶၀)ဂရန်ပါ၊ ၁ထပ်ခွဲ ပျဉ်ထောင်၊ သွပ်မိုး၊ ရေမီးစုံ၊ လမ်းသန့်၊ တောင်ဥက္ကလာ၊ ဆက်သွယ်ရန်။
ဖုန်း-၀၉-၂၅၄၁၁၄၆၅၄

ကြယ်ပဲ Sacha Inchi
စိုက်နည်း၊ ပျိုးနည်း
စာအုပ်ဆိုင်တိုင်းတွင် ဝယ်ယူနိုင်ပါသည်။
ပျိုးစေ့၊ပျိုးထင်များ လိုသလောက်ရှိနိုင်ပြီးပေးနေပါသည်။
ဝင်း 01-501812, 09-5117226

ကမ္ဘာဒေါ်ဖီးတန်သစ်မွှေး
စိုက်နည်း၊ ပျိုးနည်း
စာအုပ်ဆိုင်တိုင်းတွင် ဝယ်ယူနိုင်ပါသည်။
ပျိုးပင်များ လိုသလောက်ရှိနိုင်ပြီးပေးနေပါသည်။
ဝင်းသစ်မွှေး 09-5117226

ကွန်ပျူတာဂိမ်းဆိုင်ရောင်းမည်
ကွန်ပျူတာ - ၂၄လုံး
မီးစက် - ၂လုံး
မီးအားမြှင့်စက် - ၂လုံး
ဖုန်း-၀၉-၅၀၂၀၄၉၉၈၊ ၀၉-၉၇၆၅၄၅၃၃၉

ခရီးသွားကုမ္ပဏီအတွက်
Operation Manager
မ(၁)ဦး အလိုရှိသည်။ ဆက်သွယ်ရန်
ဖုန်း-၀၁-၂၃၀၄၂၂၅၅၊
၀၉-၂၅၀၀၃၉၄၃၄

ဦးစီးရှေ့မြင့် B.Sc (Hons:), M.Sc (Engineering Physics) (YU), I.D.C.S (NCC, London)
ဒေါ်သန္တာထွန်း B.Sc (Physics) ဦးစီးတည်ထောင်ဖွင့်လှစ်သည့်
ပြန်မာ့ပညာရေးကို တန်ဖိုးထားကာပေးသော MEC
MYANMAR EDUCATION CENTRE
ပြန်မာ့ပညာရေးအောင်မြေ
ကိုယ်ပိုင်အထက်တန်းကျောင်း
သူငယ်တန်းမှ ဒသမတန်း
ပညာရေးဝန်ကြီးဌာန ခွင့်ပြုချက်မှတ်ပုံတင်အမှတ် ကက -၁၃/၀၂/၀၉၃
၂၀၁၅-၂၀၁۶ ပညာသင်နှစ်အတွက် ကျောင်းအပ်လက်ခံပြီ
ကျောင်းတည်နေရာ MEC-1 အမှတ် (၁၅၈)၊ ဓရေပင်လမ်းမကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့
MEC-2 အမှတ် (၅၉၊ ၆၀၊ ၆၁)၊ ဝိတောက်လမ်း၊ ၂(က) ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့
ဆက်သွယ်ရန် ၀၉ ၅၁၀ ၂၁၃၃၊ ၀၉ ၅၀၅၅၂၀၃၊ ၀၁-۶၃၅၀၄၂

ကျောင်းပုံစံနှင့်မြင်ဆင်မှု
- MEC ကျယ်ဝန်းသော ကိုယ်ပိုင်မြေပေါ်တွင် ကျောင်းပုံစံထောက်လုပ်ထား၍-
  - စာသင်ခန်းများ ကျယ်ဝန်းပြီး လေဝင်လေထွက်နှင့် အလင်းအား အထူးကောင်းမွန်ခြင်း
  - ဘေးကင်းလုံခြုံမှုရှိ၍ ကျယ်ဝန်းသော အားကစားကွင်း ပါရှိခြင်း
  - ကျောင်းသား၊ကျောင်းသူ ဝင်ဆံ့အားနှင့် အထောက်အဦး၏ ခံနိုင်ရည်တို့ကို သေချာစွာ တွက်ချက်၍ ထောက်လုပ်ထားခြင်းကြောင့် လုံခြုံစိတ်ချရမှုရှိခြင်း
  - ကျောင်းနေရာ တည်ငြိမ်မှုရှိခြင်း (မပြောင်းရွှေ့ရပါ) တို့နှင့် ပြည့်စုံပါသည်။
- MEC စာသင်ခန်းတိုင်းတွင် လေအေးပေးစက် (Air Condition) များ အပြည့်တပ်ဆင်ထားပြီး၊ သောက်သုံးရေအတွက် ရေသန့်စက် တပ်ဆင်ထားရှိပါသည်။

သင်ကြားမှုပုံစံ၊ စနစ်နှင့် ဖွဲ့စည်းပုံ
- MEC နိုင်ငံတော်မှ ချမှတ်ပေးထားသော သင်ရိုးညွှန်းတမ်းများအား၊ တည်ထောင်သူ၊ ကျောင်းအုပ်ချုပ်မှု အဖွဲ့ဝင်များနှင့် ကျောင်းအုပ်ကြီး၏ စီမံအုပ်ချုပ်မှုဖြင့် သက်ဆိုင်ရာဘာသာရပ်သင်ဆရာ၊ ဆရာမများမှ စဉ်ဆက်မပြတ် သင်ကြားခြင်း၊ လေ့ကျင့်ခြင်း၊ တတ်မြောက်မှုစစ်ဆေးခြင်းတို့ကို စည်းစနစ်ကျနစွာဖြင့် ကြပ်မတ်ဆောင်ရွက်မည် ဖြစ်ပါသည်။ (အစိုးရ ကျောင်းကြီးတက်ရန်နှင့် ကျူရှင်ထပ်မံယူရန် မလိုအပ်ပါ။)
- MEC စေတနာနှင့် ဝါသနာတို့ကို အရင်းခံပြီး ထပ်ဆောင်း၍-
  - အင်္ဂလိပ်စာစွမ်းရည် မြင့်မားတိုးတက်စေရန် အင်္ဂလိပ်စာ (4 skills) ကို ဖြည့်စွက်၍ သင်ကြားပေးခြင်း
  - စိတ်တည်ငြိမ် နားညီမှုရှိစေရန် ပန်းချီပညာသင်ကြားပေးခြင်း
  - ကိုယ်ကာယ ကျန်းမာကြွရိုင်စေရန် မြန်မာ့ရိုးရာသိုင်းပညာ သင်ကြားပေးခြင်းတို့ ပါဝင်မည်ဖြစ်ပါသည်။
- MEC နောင်အနာဂတ်တွင် နိုင်ငံ၏ သားကောင်း၊ သမီးကောင်းများ ဖြစ်လာမည့် ကျောင်းသား၊ ကျောင်းသူတို့၏ ပညာအရည်အသွေးကိုသာမက စိတ်ဓာတ်၊ စည်းကမ်း၊ စာရိတ္တမကွိုင် ကြွရိုင်ကောင်းမွန်ရေး နည်းလမ်းကောင်းများကိုပါ အဓိကထား၍ လေ့ကျင့်ပို့ချထောင်ပေးသွားမည်ဖြစ်ပါသည်။
- MEC တည်ထောင်သူ၊ အုပ်ချုပ်သူများကိုယ်တိုင် ပညာရေးတွင် Ph.D, M.Sc, B.Sc နိုင်ငံတကာ ဘွဲ့များရရှိကာ သင်ကြားမှု၊ အုပ်ချုပ်မှု အတွေ့အကြုံရှိ အပြိမ်းတား (ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများ)နှင့် ပညာရေးဝန်ကြီးဌာနမှ တရားဝင်ခွင့်ပြုထားသော ကိုယ်ပိုင်ကျောင်းဆရာဖြစ် မှတ်ပုံတင်လက်မှတ်ရ (Ph.D, M.Sc, M.Ed, B.Ed, M.A ဆရာ အတတ်သင်ဆင်း) ဆရာ၊ ဆရာမများ၊ အင်အားများစွာဖြင့် ဝိုင်မာစွာ ဖွဲ့စည်းတည်ထောင်ထားသော ကိုယ်ပိုင်ကျောင်းကြီး ဖြစ်ပါသည်။

ကျောင်းမိုနှင့် ဖွင့်မည့်နေ့
- MEC မနက် ၈း၀၀ မှ ၁း၃၀ နာရီအထိ၊ MEC ဖွန်လ (၃) ရက်နေ့ ကျောင်းဖွင့်ပါမည်။ MEC ရန်ကုန်မြို့အနှံ့ ကျောင်းကားရှိပါသည်။

ပူလတန်း၊ အလယ်တန်း၊ အထက်တန်းတို့ကို ပိုင်နိုင်စွာ သင်ကြားနိုင်သော အင်တွေ့အကြုံရှိ ဆရာ၊ ဆရာမများ၊ အင်္ဂလိပ်စာ 4 Skills ၊ ပန်းချီသင်ကြားပေးနိုင်သော ဆရာ၊ ဆရာမများ အလိုရှိသည်။

မြဝတီဘဏ်လီမိတက်၏ (၄၂) ဘဏ်မြောက် " သိမ်ဖြူ " ဘဏ်ခွဲ ကို

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ **Union Financial Center** တွင်
၂၈.၅.၂၀၁၅ ရက် (ကြာသပတေးနေ့)၌ ဖွင့်လှစ်ပြီး ဖြစ်ပါသဖြင့်
ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ဆက်သွယ်ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း
မိဘပြည်သူများအား သတင်းကောင်းပါးအပ်ပါသည်

" လုံခြုံလျှို့ဝှက် ဆောင်ရွက်မြန်မှန် မြဝတီဘဏ် "

ဆက်သွယ်ရန်လိပ်စာ

မြဝတီဘဏ်လီမိတက်(သိမ်ဖြူ)

" Union Financial Center " ၊ အခန်းအမှတ် (၀၁.၀၅၊ ၀၁.၀၆၊ ၀၁.၀၇) ဖုန်း – ၀၁ – ၈၆၁၀၄၄၂၃ ~ ၆

သိမ်ဖြူလမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖက်(စ်) – ၀၁ – ၈၆၁၀၃၀၅၅၊ ၈၆၁၀၃၀၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ဆည်မြောင်းဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ဆည်မြောင်းဦးစီးဌာနအနေဖြင့် အောက်ပါပစ္စည်းများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဝယ်ယူလိုပါကြောင်း ကြေညာအပ်ပါသည်။

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	မှတ်ချက်
1.	FQ(1)Machinery Spare Parts/IRR/2015-2016	Machinery Spare Parts	1Lot	USD
2.	2(Q)Survey Equipments/Local Purchase/IRR/2015-2016	Survey Equipments	1 Lot	Kyat
3.	3(Q)Deformed Bar/Local Purchase/IRR/2015-2016	Deformer Bar	1 Lot	Kyat
4.	4(Q)Battery/Local Purchase/IRR/2015-2016	Battery	1 Lot	Kyat
5.	5(Q)Tyre/Local Purchase/IRR/2015-2016	Tyre	1 Lot	Kyat
6.	6(Q)Lubricants/Local Purchase/IRR/2015-2016	Lubricants	1 Lot	Kyat

၂။ အိတ်ဖွင့်တင်ဒါ ပုံစံများကို အောက်ဖော်ပြပါဌာနတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အသေးစိတ် အချက်အလက်များကို ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ဖြည့်တင်းရေးဌာနခွဲ၊ ဆည်မြောင်းဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ်(၄၃)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၀၃၁၆၊ ၀၆၇-၄၁၀၃၁၇

ကြေးပင်ဌာတော် ဦးဆောင်ဆရာတော် ဘဒ္ဒန္တ ဉာဏာ
သက်တော် (၇၂)နှစ်ပြည့် ဝိဇာတမွေးနေ့ အလှူဖိတ်ကြားခြင်း

ခရစ်သက္ကရာဇ် ၂၀၁၅-ခုနှစ်၊ ဇွန်လ(၁)ရက်နေ့၊ မြန်မာသက္ကရာဇ် ၁၃၇၇-ခုနှစ်၊ နယုန်လပြည့်နေ့တွင် ကျောင်းတော်ရာရွှေကျင်တိုက်ကြီး(နာယက) မဂ်လာတိုက် ကျောင်းဆရာတော် ဘဒ္ဒန္တ ဉာဏ (အစိုးရဓမ္မာစရိယ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) ၏ သက်တော် (၇၂)နှစ်ပြည့် မွေးနေ့ ကျရောက်ပါသဖြင့် ဆရာတော်ဘုရား ကျန်းမာစွာ သာသနာပြုနိုင်ဖို့ရန် ဝိဇာတမွေးနေ့ ဆွမ်းကျွေးပွဲ အလှူတော်မဂ်လာကို နံနက် (၆)နာရီ မှ နေ့လည် (၁၁)နာရီအထိ ပြုလုပ်လှူဒါန်းမည် ဖြစ်ပါ၍ ဒါနမြောက်အောင် ကြွရောက်သုံးဆောင်တော်မူကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ဆရာတော် ဘဒ္ဒန္တ ဉာဏ နှင့်
တပည့်ဒါယကာ၊ ဒါယိကာမများ

မဂ်လာတိုက်ကျောင်း၊ ကျောင်းတော်ရာရွှေကျင်တိုက်ကြီး၊
ကမ္ဘာအေးဘုရားလမ်း၊ ကြားတောရရပ်ကွက်၊ ပဟန်းမြို့နယ်၊ ရန်ကုန်။
(ရွှေကောင်းဟော့ဇယ်ရှေ့) ဖုန်း - ၅၄၈၈၀၅၅၊ ၀၉ ၅၁၃ ၅၂၀၆

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ အကောင်အထည်ဖော်ဆောင်ရွက်မည့် အောက်ဖော်ပြပါ ဓာတ်အားလိုင်းတည်ဆောက်ခြင်းလုပ်ငန်းများအား Turnkey စနစ်(မြန်မာကျပ်ငွေ)ဖြင့် လုပ်ငန်းအပ်နှံ ဆောင်ရွက်လိုပါသဖြင့် တင်ဒါများ ဖိတ်ခေါ်အပ်ပါသည်။

(က) တွဲတေးတူးမြောင်း မြောက်ဘက်ခြမ်းဒေသများ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် တည်ဆောက်ပြီးဖြစ်သည့် (၁၁)ကေဗွီ ကောင်းကင်ဓာတ်အားလိုင်းမှ ကျေးရွာများအရောက် (၁၁)ကေဗွီ ကောင်းကင်ဓာတ်အားလိုင်းများ စုစုပေါင်း(၃၄)မိုင်ခန့်အား (ACSR 95 mm²)ဖြင့် တည်ဆောက်ခြင်း

(၁) တင်ဒါပုံစံရောင်းချမည့်ရက် - ၂၈-၅-၂၀၁၅ ရက်
(၂) တင်ဒါပိတ်မည့်ရက် - ၂၅-၆-၂၀၁၅ ရက်
(၃) တင်ဒါဖိတ်မည့်အချိန် - ၁၄:၀၀ နာရီ

တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
ပစ္စည်းစီမံရေးဌာန၊ ဖုန်း-၀၁-၂၂၀၈၅၉၊ ၀၁-၂၂၀၈၁၆

ဟိန်းကား
01-293159
01-9000293
09-5160048
ခရီးစဉ်အမျိုးမျိုးနှင့်
လချမ်း/နှစ်ချမ်းကားငှါးရမ်းရန်ရှိသည်။
ယာဉ်ပိုင်ရှင်များလည်းဆက်သွယ်ပါ။
www.heincarrental.com

အမြန်ရောင်းမည်

တစ်နှစ်ခွဲခန့် အသုံးပြုပြီး အသစ်နီးပါးကောင်းမွန်သော Ultrasound, X-ray, ECG နှင့် ဆေးရုံသုံးပစ္စည်းမျိုးစုံ ရောင်းရန်ရှိသည်။

ဆက်သွယ်ရန် ဖုန်း-၀၉-၇၉၉၅၇၀၆၇၇
၀၉-၇၉၉၅၇၀၅၅၀

လှိုက်လှဲစွာ အထူးဂုဏ်ယူ ဝမ်းမြောက်ခြင်း

၂၀၁၅ခုနှစ်၊ မေလ(၉)ရက်နေ့တွင် ရန်ကုန်တက္ကသိုလ်ဘွဲ့နင်းသဘင်ခန်းမ အထူးဘွဲ့နင်းသဘင် အခမ်းအနား တစ်ရပ်ကျင်းပခဲ့ပြီး အငြိမ်းစားသံအမတ်ကြီး ဦးလှမောင်အား ရန်ကုန်စီးပွါးရေးတက္ကသိုလ် မှ ဂုဏ်ထူးဆောင် စာပေပါရဂူဘွဲ့ Doctor of Letters (Honoris Causa) ကို ချီးမြှင့်ခံရခြင်းအတွက် လှိုက်လှဲစွာ အထူးဂုဏ်ယူဝမ်းမြောက်လျှက်ရှိကြောင်းနှင့်သံအမတ်ကြီးအနေဖြင့်နိုင်ငံအကျိုးကို ယခုထက် ဆတက်ထမ်းပိုးတိုး၍ဆောင်ရွက်နိုင်ပါစေကြောင်းဆုမွန်ကောင်းတောင်းလိုက်ပါသည် ။

ဦးမောင်မောင် (အုပ်ချုပ်မှုဒါရိုက်တာ)နှင့် ဒါရိုက်တာအဖွဲ့ဝင်များ။
Shwe Kaba Maung Maung Costruction Ltd.

WISE College ရှိ နိုင်ငံတကာအသိအမှတ်ပြု ABE (UK) မှ
တိုက်ရိုက်ချီးမြှင့်သော Business Management Diploma
Jun 2015 သင်တန်းများအတွက် သင်တန်းသားလျှောက်လွှာခေါ်ယူခြင်း

အဆင့်အတန်းမြင့်မားသော သင်ရိုးညွှန်းတမ်းများဖြင့် သင်ကြားလိုသူများ၊ ရာထူးကောင်းလစာကောင်းရရှိလိုသူများ၊ Business Management ဆိုင်ရာ နိုင်ငံတကာအသိအမှတ်ပြု လက်မှတ် ပိုင်ဆိုင်လိုသူများ လေ့လာ တက်ရောက်သင့်သည့် ABE (UK) Diploma သင်တန်းများကို WISE College တွင် တက်ရောက်နိုင်ပါသည်။

7 သိန်း သက်သာခွင့် + 20% ~ 25% off
လူဦးရေကန့် သတ်ထား ပါသည်။ (မေ ၃၁ ရက်ထိ)

1. Business Management Higher Diploma
Higher Diploma (Part-1)
Higher Diploma (Part-2)

(တက္ကသိုလ်တက်ရောက်နေဆဲကျောင်းသား/သူများ(သို့)Level -4 Diploma ရရှိပြီးသူများ တက်ရောက်နိုင်)
Enroll 1 Get 3 Diplomas (အထူးအခွင့်အရေးတစ်ရပ်အနေဖြင့် အစိုးရအသိအမှတ်ပြု Business Management Diploma (၂) ခုကိုလည်း သင်တန်းကြေး 100% off ဖြင့် တစ်နှစ်အတွင်း သင်ကြားရယူနိုင်ပါသည်။)

2. Business Management Graduate Diploma
(ဘွဲ့တစ်ခုခုရရှိပြီး လုပ်ငန်းအတွေ့အကြုံရှိသူများ (သို့) Level-5 Diploma ရရှိပြီးသူများ တက်ရောက်နိုင်)
ထင်းDiploma များအောင်မြင်ပြီးပါကနိုင်ငံတကာ ကောလိပ်/တက္ကသိုလ် (UK, Australia, etc....) ၁၂၊၁ ကျော်တွင် ဒုတိယနှစ် (သို့) BA Final Year (သို့) MBA 1st Year သို့ တိုက်ရိုက်တက်ရောက်နိုင်ပါသည်။

WISE College (1009 A/B)၊ ၁၀လွှာ၊ ယုဇနတာဂါ၊ ရွှေဂုံတိုင်၊ ဗဟန်းမြို့နယ်တွင် 11 May 2015 မှစတင်၍ အပ်နှံနိုင်ပါသည်။ ဖုန်းနံပါတ် – ၀၁ ၅၅၅၆၁၈၃၊ ၀၉ ၄ ၂၁၁ ၅၄၆၂၊ ၀၉ ၂ ၅၅၅ ၂၃၃၈

ကားပတ်ကင် ပြခန်း
MECHINICAL CAR PARKING

Build Tech Yangon 2015
Myanmar's Leading Building Technology and Supply Event
မြန်မာ ကွန်တင်နာရှင်း စင်တာ၊ မင်းခမူလမ်း၊ ရန်ကုန်
၂၇ - ၂၉ မေလ ၂၀၁၅

TPW
Ideas coming true
(BRNo.200904356H)

TET PHYO WAI Pte.Ltd.
Tel: +65-65078425 Fax: +65-62480692
e: tetphyowai@singnet.com.sg
T: 09.259.81.36.36
: 09.259.81.37.37
: 09.259.81.46.46

အမြန်ရောင်းမည်

၁။ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းမကြီး၊ ၄၇-လမ်းထိပ်၊ ပထမထပ်+ထပ်ခိုး၊ ပေ(၁၅×၅၅)၊ အမြင့်(၁၄)ပေ၊ ကိုယ်ပိုင် ရေ/မီး။

၂။ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်း၊ မလွှကုန်းလမ်း၊ မြေညီ+ထပ်ခိုး၊ (၁၅×၆၀)ပေ၊ ရေ/မီးကိုယ်ပိုင်၊ အဆင့်မြင့်ပြင်ဆင်ပြီး။

၃။ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်း၊ ကျောက်မြောင်းလမ်း၊ (၆)လွှာ၊ ပေ(၁၅×၆၀)၊ ရေ/မီး ကိုယ်ပိုင်။

(အမှန်တကယ်ဝယ်မည့်သူသာ ဆက်သွယ်ပါရန်)
အကျိုးဆောင်များသည်းခံပါ။

ဖုန်း-၀၉-၂၅၂၀၀၄၉၉၀၊ ၀၉-၄၂၁၇၁၆၂၂၉

ပြန်ကြားရေးဝန်ကြီးဌာန
မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအတွက်
စက်ပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအတွက် လိုအပ်သော အောက်ဖော်ပြပါ စက်ပစ္စည်းများကို ပြည်တွင်းသုံးငွေ(ကျပ်)ဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းကြရန် ဖိတ်ခေါ်ပါသည်။

(က) ရုပ်မြင်သံကြားနှင့် အသံလွှင့်လုပ်ငန်းသုံးပစ္စည်း 1Lot

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂၅-၅-၂၀၁၅ ရက်မှ ၁၃-၆-၂၀၁၅ရက်ထိ နေ့စဉ် နံနက် ၉း၃၀ နာရီမှ ညနေ ၄း၃၀ နာရီအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်(တပ်ကုန်း)တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁၅-၆-၂၀၁၅ရက် နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော် (တပ်ကုန်း)၌ တင်ဒါအဖွဲ့ဝင်များ ရှေ့မှောက်တွင် လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ချိန်ကာလထက် ကျော်လွန်ပေးပို့လာသော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံစည်းကမ်းချက်များ၊ စက်ပစ္စည်းစာရင်းနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းထုတ်ယူနိုင်ပါသည်။

စက်ပစ္စည်းများဝယ်ယူရေးကော်မတီ
မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်
ပြန်ကြားရေးဝန်ကြီးဌာန
ဖုန်း-၀၆၇-၃၉၄၈၃၊ ၀၆၇-၃၉၁၃၃၅၊ ၀၆၇-၃၉၄၁၁

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
၂၀၁၅-၂၀၁၆ခု ပညာသင်နှစ်
အစိုးရနည်းပညာအထက်တန်းကျောင်းများအတွက်
သင်တန်းသားသစ်များခေါ်ယူခြင်း

